www.burmeseclassic.com

# ဗိုလ်ချုပ်နှင့် ခေါင်းဆောင်မှုရှာပုံတော်

ဇေယျာသူ

The Voice Weekly
ဆောင်းပါးများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိ
တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ( ၄ ) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


BURMESE CLASSIC .com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | - |
| ၂။ | ဗိုလ်ချုပ်နှင့်ခေါင်းဆောင်မှုရာပုံတော် | ၂ |
| ၃။ | မိမိအကျိုးစီးပွားထက်နိုင်ငံအကျိုးစီးပွား ဦးထိပ်ထားသူ | ၆ |
| ၄။ | ရိုးဂုဏ်နှင့်ခေါင်းဆောင်သူ | ၁၂ |
| ၅။ | EQနှင့်ဗိုလ်ချုပ် | ၁၈ |
| ၆။ | ပါဝါနှင့်ဗိုလ်ချုပ် | ၂၄ |
| ၇။ | ဉာဏ်ရည်မြင့်မြင့် ဗိုလ်ချုပ် | ၂၈ |
| ၈။ | လက်တွေ့ကျသူ ခေါင်းဆောင် | ၃၄ |
| ၉။ | မျှမျှတတ စိတ်ထားရှင် | ၄၀ |
| ၁၀။ | စွန့်စားရဲသူ | ၄၆ |
| ၁၁။ | အပြောအဟောကောင်း ခေါင်းဆောင်အောင်ဆန်း | ၅၂ |
| ၁၂။ | လူတော် ဗိုလ်ချုပ် | ၅၈ |
| ၁၃။ | စစ်ခေါင်းဆောင် ဗိုလ်ချုပ် | ၆၂ |
| ၁၄။ | အင်္ဂလိပ်စာနှင့် ဗိုလ်ချုပ် | ၆၈ |
| ၁၅။ | စိတ်အားတက်ကြွစေသူခေါင်းဆောင် | ၇၄ |
| ၁၆။ | ရှေ့သို့ကြိုမြင်သောခေါင်းဆောင် | ၈၀ |
| ၁၇။ | မွေးရာပါလော | ၈၆ |
| ၁၈။ | တိုင်းပြုပြည်ပြုပုဂ္ဂိုလ် ဗိုလ်ချုပ်အောင်ဆန်း | ၉၂ |
| ၁၉။ | သံလိုက်ဓါတ်နှင့်ပုဂ္ဂိုလ် | ၉၈ |
| ၂၀။ | သံတမန်ခေါင်းဆောင် | ၁၀၄ |
| ၂၁။ | စံနမူနာပြခေါင်းဆောင် | ၁၁၀ |
| ၂၂။ | တစ်ချောင်းတည်းသော စိတ်ဓာတ် | ၁၁၆ |
| ၂၃။ | နောက်လိုက်များပေါက်အောင်ပြောဆိုနိုင်သော ပုဂ္ဂိုလ် | ၁၂၄ |
| ၂၄။ | ခေါင်းဆောင်တို့၏ ခေါင်းဆောင် | ၁၃၀ |
| ၂၅။ | သွေးစည်းစေသူ ခေါင်းဆောင် | ၁၃၆ |
| ၂၆။ | ခေါင်းဆောင်မှုဆိုင်ရာ ဗိုလ်ချုပ်၏အမြင်များ | ၁၄၂ |
| ၂၇။ | ဗိုလ်ချုပ်အောင်ဆန်း၏ဘဝနေ့စွဲမှတ်တမ်း | ၁၄၄ |
| ၂၈။ | Life Sketch Of The Author | ၁၅၂ |
| ၂၉။ | စာရေးသူ၏ အတ္ထုပ္ပတ္တိ | - |


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်
၃၁၀၁၁၈၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်
၃၁၀၂၁၀၀၁၀

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၀–နိုဝင်ဘာ

အုပ်ရေ
၅၀၀

အဖုံး/အတွင်း ဖလင်
Stars/AZ

စာမျက်နှာဖွဲ့
စိုးဟန်

မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်

စာအုပ်ချုပ်
ကိုတင်အေး(လှိုင်)

တန်ဖိုး
၂၀၀၀ ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ
ရွှေမြားပုံနှိပ်တိုက် (၀၇၉၆၆)
အမှတ်–၅၃၊ ၅၆လမ်း(လယ်)၊ ရန်ကုန်။

ထုတ်ဝေသူ
နေမျိုးစာပဒေသာ၊ အမှတ် ၁၊ သုမင်္ဂလာလမ်း၊ ၅ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၀၀၈.၈၄

ဖေယျသူ

ဗိုလ်ချုပ်နှင့်ခေါင်းဆောင်မှုရာပုံတော် / ဖေယျသူ ။ - ရန်ကုန်

နေမျိုးစာပဒေသာစာပေ၊ ၂၀၁၀။

၁၇၀ - စ ၊ အလျား - ၂၁ စင်တီ၊ အနံ - ၁၃ စင်တီ။

(၁) ဗိုလ်ချုပ်နှင့်ခေါင်းဆောင်မှုရာပုံတော်

# စာရေးသူအမှာ

ခေါင်းဆောင်မှု ဘာသာရပ်ကို လေ့လာနေသူပီပီ၊ သင်ပြနေသူပီပီ ကျွန်တော်သည် နိုင်ငံရပ်ခြားမှ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးခေါင်းဆောင်များ၏ ခေါင်းဆောင်မှုစာအုပ်များကို ဖတ်ရှုခဲ့သည်၊ ဖတ်ရှုနေရသည်။ အမေရိကန်သမ္မတ လင်ကွန်း၏ ခေါင်းဆောင်မှု၊ ပြင်သစ်စစ်ဘုရင်နပိုလီယန်၏ ခေါင်းဆောင်မှုအတတ်၊ အမေရိကန်ဗိုလ်ချုပ်ကြီးနှင့်သမ္မတ အိုက်ဆင်ဟောင်းဝါး၏ ခေါင်းဆောင်မှု၊ General Electric မှ Jack Welch ၏ ခေါင်းဆောင်မှု စသည် စသည်စာအုပ်များကို တွေ့ကြုံရင်းနှီးခဲ့ရသော်လည်း မြန်မာ့ခေါင်းဆောင်တို့၏ ခေါင်းဆောင်မှုကို ဖော်ပြသည့်စာအုပ် တစ်အုပ်တလေကိုမျှ မဖတ်ရှုဖူးခဲ့။ မြန်မာတို့တွင် စံထားရလောက်သော ခေါင်းဆောင်များ မရှိသောကြောင့်လား။

ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်တော်တို့ အားလုံးသိရှိစံထားရသော ခေါင်းဆောင်ကြီးဖြစ်သည်။ သို့သော် ဗိုလ်ချုပ်၏ခေါင်းဆောင်ပုံ ခေါင်းဆောင်နည်းများ၊ ခေါင်းဆောင်စရိုက်လက္ခဏာများ၊ ဗိုလ်ချုပ်ခေါင်းဆောင်ခဲ့ရသည့် အခြေအနေတို့ကိုမူ ကျွန်တော် တို့ မသိကြ၊ သိသည်ဆိုလျှင်ပင် ဝေဝေဝါးဝါးသာ သိရှိကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကို အားကျကြသော်လည်း အားကျသည့်အဆင့်တွင်သာ ရပ်နေတတ်ကြသည်။ အကြောင်းမှာ ဗိုလ်ချုပ်ကို မည်သို့အတုယူ လုပ်ဆောင်ရမည်ကို မသိကြ။ ထို့ကြောင့် ပထမအဆင့် အနေဖြင့် သူ၏ခေါင်းဆောင်မှုကို သိဖို့လိုသည်။ သို့မှသာ အတုယူသည့် နောက်တစ် ဆင့်သို့ တက်နိုင်မည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကို စာရေးသူ ကိုယ်တိုင် သိချင်ဇောဖြင့် လိုက်လံရှာဖွေထားသောကြောင့် ‘ဗိုလ်ချုပ်နှင့် ခေါင်းဆောင်မှု ရာပုံတော်’ဟု စာအုပ်ကို အမည်ပေးထားပါသည်။ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေး ဦးဆောင်မည့် ခေါင်းဆောင်ကို ရှာပုံတော် ဖွင့်နေခဲ့ကြသည့် မြန်မာတို့သည် ကိုအောင်ဆန်းအား နောက်ဆုံးတွင် တွေ့ရှိခဲ့သောကြောင့် စာအုပ်အမည်သည် ထိုခေတ် မြန်မာပြည်သူတို့၏ ရှာပုံတော်ကိုလည်း ကိုယ်စားပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ရှာပုံတော်ဖွင့်ရာတွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးသားဖော်ပြချက်များ အင်္ဂလိပ်ရော မြန်မာကိုပါ တတ်နိုင်သမျှ ကြိုးစားရှာဖွေခဲ့ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် စာတမ်းများ၊ စာအုပ်များကို နိုင်ငံရပ်ခြားခရီးများတွင် ဝယ်ယူ၍လည်းကောင်း၊ ဝယ်မရတော့သည့် စာအုပ်များကို နိုင်ငံရပ်ခြားတက္ကသိုလ်များတွင် တက်ရောက်နေသည့် မိတ်ဆွေသူငယ်ချင်းများကို ဒုက္ခပေးကာ မိတ္တူကူးယူစေ၍လည်းကောင်း၊ အင်တာနက်မှလည်းကောင်း ရယူခဲ့ပါသည်။

ယခုစာအုပ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကို ခေါင်းဆောင်မှုသီအိုရီများ၊ သုတေသနတွေ့ရှိချက်များကို သုံးစွဲကာ ပညာရပ်ရှုထောင့်မှ ဖော်ပြထားသောကြောင့် ခေါင်းဆောင်မှုဘာသာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်လည်းဖြစ်သည်။ မြန်မာတို့နှင့် အလှမ်းဝေးသော နိုင်ငံတကာမှ ခေါင်းဆောင်များကို အခြေပြုထားသည့် စာအုပ်မဟုတ်ဘဲ မြန်မာတို့ အသွေးထဲအသားထဲတွင် အရိုးစွဲကိန်းအောင်းနေသည့် ဗိုလ်ချုပ်အောင်ဆန်းကို အခြေခံထားသည့်စာအုပ်ဖြစ်သည်။

ဗိုလ်ချုပ်သည် နိုင်ငံရေးခေါင်းဆောင်ဖြစ်သော်လည်း ခေါင်းဆောင်မှု၏ သဘောသဘာဝအရ ထိုအရည်အချင်း အများစုကို စီးပွားရေး၊ လူမှုရေး၊ မိသားစုရေး အရေးများစွာတို့တွင် အသုံးချနိုင်ပါသည်။

ဗိုလ်ချုပ်၏ ခေါင်းဆောင်မှု လျှို့ဝှက်ချက်များကို မိမိကိုယ်တိုင် သိလိုစိတ်ဖြင့် ရှာပုံတော်ဖွင့်ကာ စာအုပ်ကို ဖတ်ရှုမည်ဆိုလျှင် အဖတ်ရသွက်ပေလိမ့်မည်၊ ပိုမိုနားလည်လာပေလိမ့်မည်၊ စာအုပ်ဖတ်ပြီးချိန်တွင် ခေါင်းဆောင်မှုအကြောင်းကို တီးမိခေါက်မိရှိသွား လိမ့်မည်။ သို့သော် ထိုမှုဖြင့် ရပ်မထားပါနှင့်၊ သုံးသပ်ပါ။ ဆင်ခြင်ပါ။ စဉ်းစားပါ။ မေးခွန်းများ ထုတ်ပါ။ မိမိသာဆိုလျှင်…စသည် စသည့် မေးခွန်းများ။

ယခုစာအုပ်ကို ဖတ်ပြီးသွားလျှင် ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုကို ရှာဖွေတွေ့ရှိသွားမည်ဟု မျှော်လင့်ပါသည်။ ထိုမှတစ်ဆင့် မိမိ၏ ခေါင်းဆောင်မှုကိုလည်း ရှာဖွေနိုင်မည်ဟု ထပ်မံမျှော်လင့်ပါသည်။

ယနေ့ခေတ် လူငယ်၊ လူလတ်၊ လူကြီးတို့ မိမိတို့ နေရာဌာနအသီးသီးတွင် ထိထိရောက်ရောက် စွမ်းဆောင်နိုင်သော ခေါင်းဆောင်များ ဖြစ်လာသည်ဆိုလျှင် ဤစာအုပ်ကို ရေးရကျိုးနပ်ပါပြီ။ နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့် ခေါင်းဆောင်များ ဖြစ်လာလျှင်ကား အတိုင်းထက် အလွန်ပီတိဖြစ်နေမည်ဖြစ်ပါသည်။

ဇေယျာသူ

၃-၇-၂၀၁၀

# ဗိုလ်ချုပ်နှင့် ခေါင်းဆောင်မှုရှာပုံတော်

ဇေယျာသူ

**The Voice Weekly**

ဆောင်းပါးများ

www.burmeseclassic.com

www.burmeseclassic.com



တတိယမြန်မာနိုင်ငံတော်ကို အလောင်းဘုရား တည်ထောင်အပြီး
နှစ် ၂၀၀ ခန့်အကြာတွင် စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို
ဗိုလ်ချုပ် ဘာကြောင့် တည်ဆောက်ပေးနိုင်ခဲ့သလဲ။
အဖြေပေါင်းများစွာရှိပါသည်။
အမြင်သာဆုံး အဖြေတစ်ခုမှာ ဗိုလ်ချုပ်သည် 'မိမိအကျိုးစီးပွားထက်
နိုင်ငံ့အကျိုးစီးပွားကို ဦးထိပ်ထားခြင်း'ကြောင့်ဖြစ်သည်။

## ဗိုလ်ချုပ်နှင့် ခေါင်းဆောင်မှု ရာပုံတော်

လူသားအရင်းအမြစ် မြှင့်တင်ရေး NGO ဖြစ်သည့် Myanmar Egress သင်တန်းတွင် ခေါင်းဆောင်မှု ဘာသာရပ်ကို သင်ကြားသည့်အချိန်တိုင်း သင်တန်းသားများကို ကျွန်တော် မေးခွန်းတစ်ခု အမြဲမေးလေ့ရှိသလို မေးတိုင်း မေးတိုင်း တူညီသော အဖြေသာ ရလေ့ရှိသည်။ ထိုမေးခွန်းမှာ 'ခေါင်းဆောင်လို့ ဆိုလိုက်တာနဲ့ ခင်ဗျားတို့ စိတ်ထဲ ဘယ်သူ့ကို ပြေးမြင်သလဲ' ဖြစ်သည်။ သင်တန်းသား၊ သင်တန်းသူတို့၏ တစ်ခဲနက်သော အဖြေမှာ 'ဗိုလ်ချုပ်အောင်ဆန်း'။

ဗိုလ်ချုပ်လုပ်ကြံခံခဲ့ရသည်မှာ ၁၉၄၇ ခုနှစ်က ဖြစ်သောကြောင့် ၆၂ နှစ် ပြည့်ခဲ့ပြီ။ ၁၉၁၅ ဖေဖော်ဝါရီ ၁၃ရက်တွင် မွေးဖွားခဲ့သောကြောင့် သူသေဆုံးချိန်တွင် ၃၂ နှစ်သာ ရှိသေးသည်။ သေဆုံးခဲ့သည်မှာကာလ ကြာမြင့်လှပြီဖြစ်သော်လည်း ယနေ့တိုင် လူအများရင်တွင်းဝယ် ဗိုလ်ချုပ်ရှိနေဆဲ။ ငယ်ရွယ်သူအများစုဖြစ်သည့် ကျွန်တော့်သင်တန်းသား သင်တန်းသူများမှာ ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေချိန်က ဘယ်ဆီဘယ်ဝယ် ရောက်နေသည်မသိ။ သို့သော် ခေါင်းဆောင်ဟုဆိုလိုက်လျှင် သူတို့၏စိတ်ဝယ် ဗိုလ်ချုပ်အောင်ဆန်း အလိုလိုဝင်ရောက်လာသည်။ မဆန်းသလိုရှိသော်လည်း ဆန်းသည့်ဖြစ်ရပ်ပါ။

ထိုသို့ သင်တန်းတွင် တစ်ခဲနက်အဖြေနှင့် အံ့မြဲကြုံရသောအခါ ကျွန်တော် ဗိုလ်ချုပ်ကို စိတ်ဝင်စားလာသည်။ လွတ်လပ်ရေးဖခင်အဖြစ် ဗိုလ်ချုပ်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတည်းက ကြည်ညိုခဲ့သော်လည်း ယခုတစ်ကြိမ် စိတ်ဝင်စားသည်မှာ ပညာရပ်သဘောအရဖြစ်သည်။ ဗိုလ်ချုပ်ကို ခေါင်းဆောင်မှုပညာရပ်ရှုထောင့်မှ ကျွန်တော်ကြည့်မြင်လိုသည်။ အမျိုးသားခေါင်းဆောင်ကြီး ဟူသောအမြင် ဖုံးလွှမ်းနေလျှင် လေးစားကြည်ညိုစိတ်များကသာ အမှန်တရားကို မဖော်ထုတ်နိုင်မည်စိုးသောကြောင့် ထိုအမြင်ကို ခေတ္တဖယ်ရှားကာ မေးခွန်းများမေးလိုသည်။

*ဗိုလ်ချုပ် ဘာကြောင့် ခေါင်းဆောင်ဖြစ်လာခဲ့သလဲ။ သေဆုံးပြီး ရာစုနှစ်တစ်ဝက်ကျော်အထိ ခေါင်းဆောင်ပုံရိပ်လွှာ ကျန်ရစ်တာ ဘာကြောင့်လဲ။ သူ့ရဲ့ခေါင်းဆောင်မှုအရည်အသွေးတွေက ဘာတွေလဲ။ သူ့ရဲ့ခေါင်းဆောင်မှု ဘာကြောင့် အောင်မြင်ခဲ့သလဲ။ သူ ခေါင်းဆောင်နေရာရောက်အောင် အခြေအနေတွေက တွန်းပို့ခဲ့သလား၊ ထိုက်တန်လို့ရောက်ခဲ့တာလား။ ဗိုလ်ချုပ်ဟာ မွေးရာပါခေါင်းဆောင်လား၊ ဒါမှမဟုတ် သူ့ဘာသာသူ တည်ဆောက်ယူခဲ့တာလား။*

ထိုသို့သော မေးခွန်းများကို ကျွန်တော်မေးလိုသည်။ ပွဲပြီးမီးသေ မေးရုံသက်သက်မဟုတ်ပါ၊ အဖြေများကိုလည်း ရှာလိုသည်။ ထိုသို့ မေးခွန်းထုတ်ခြင်း၊ အဖြေရှာခြင်းဖြင့် ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုကို ဖော်ထုတ်နိုင်မည်။ ဖော်ထုတ်နိုင်လျှင် ဘာအကျိုးရှိမလဲ။ ပထမဆုံးအနေဖြင့် ကာယကံရှင် ကျွန်တော် အကျိုးရှိမည်မှာ သေချာသည်။ ထို့နောက်တွင်ရော။ ကျွန်တော်သည် အငြိမ်မနေ မျှဝေမည်ဖြစ်သည့်အတွက် ကျွန်တော့် ပတ်ဝန်းကျင်၊ အဓိကအားဖြင့် ကျွန်တော့် စာဖတ်သူများ၊ သင်တန်းသားသင်တန်းသူများ အကျိုးရှိမည်။

ထိုသို့ စဉ်းစားပြီးနောက်တွင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်စာတမ်းများကို ရနိုင်သမျှ အင်္ဂလိပ်၊ မြန်မာ ကျွန်တော်ရှာဖွေလှန်လှော ဖတ်ရှုတော့သည်။ ဗိုလ်ချုပ်အကြောင်း စာအုပ်စာတမ်းများကို သူ၏မိသားစုဝင်အချို့က ရေးသလို၊ လုပ်ဖော်ကိုင်ဖက်တို့ကလည်း ရေးသည်။ ကမ္ဘာကျော် ယေးလ်တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာဖြင့် ဒေါက်တာမောင်မောင်ပြုစုခဲ့သည့် Aung San of Burma 'မြန်မာ့အောင်ဆန်း' ကဲ့သို့ စာအုပ်မျိုးကို တွေ့ရသလို ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်း မြန်မာဘာသာဖြင့်ရေးသည့် ဗိုလ်ချုပ်၏ ငယ်ဘဝများပါ ပါဝင်သော 'အောင်သန်း၏အောင်ဆန်း' ကဲ့သို့ စာအုပ်မျိုးကိုလည်း ဖတ်ရသည်။ ဗိုလ်ချုပ်ကိုယ်တိုင် သူ့အကြောင်းရေးသည့်စာကိုလည်း ဖတ်ရသည်။ သူ၏မိန့်ခွန်းများကို မဖတ်ဘဲနှင့် ဗိုလ်ချုပ်အကြောင်း စေ့စုံစွာ နားလည်နိုင်မည်မဟုတ်သည့်အတွက် မိန့်ခွန်းများကိုလည်း စုဆောင်းဖတ်ရှုရသည်။ ဗိုလ်ချုပ် ကျင်လည်ရသည့် ခေတ်အခါကို ထည့်သွင်းမစဉ်းစားပါက



ဗိုလ်ချုပ်၏လုပ်ရပ်များကို ပီပီပြင်ပြင် ခံစားနိုင်မည်မဟုတ်သောကြောင့် သမိုင်းနောက်ခံကိုလည်း နောက်တစ်ဖန် လေ့လာရပြန်သည်။

ရသမျှအချိန်တွင် ဖတ်ရင်း၊ တွေးရင်း၊ အပြန်ပြန်အလှန်လှန် စဉ်းစားသုံးသပ်ရင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော် ပိုမိုနားလည်လာခဲ့သည်။ သူ၏ ခေါင်းဆောင်ပုံကိုလည်း ယခင်ကထက် ပိုမိုမြင်လာသည်။ သူခေါင်းဆောင်ရာတွင် ရင်ဆိုင်ခဲ့ရသောစိန်ခေါ်မှုများကိုလည်း ပိုမိုသိရှိလာခဲ့သည်။ အတိုချုပ်ပြောရလျှင် ဗိုလ်ချုပ်ကို အဝေးမှကြည့်ရင်း၊ အနီးမှကြည့်ရင်းဖြင့် သူ၏ခေါင်းဆောင်ပုံရိပ် ပေါ်လွင်လာသည်။ သူ၏ခေါင်းဆောင်ပုံ ခေါင်းဆောင်နည်းများ၊ ခေါင်းဆောင်အရည်အသွေးများသည်လည်း ပြတ်သားသည်ထက် ပြတ်သားထင်ရှားလာခဲ့သည်။

မြန်မာ့လွတ်လပ်ရေးတွင် ဗိုလ်ချုပ်ကပြခဲ့သည့် အခန်းကဏ္ဍမှာ ကြီးမားလှသည်။ သူ၏အခန်းကဏ္ဍဆိုသည်မှာ ခေါင်းဆောင်မှုအခန်းကဏ္ဍပင်ဖြစ်သည်။ တတိယမြန်မာနိုင်ငံကို တည်ထောင်သူ အလောင်းဘုရားနောက်ပိုင်း နှစ် ၂၀၀ အတွင်းတွင် သူကဲ့သို့သောသူ မပေါ်သေးဟု ဗိုလ်ချုပ်၏ခေါင်းဆောင်မှု ထူးခြားလှပုံကို F.S.V. Donnison က British Military Administration In the Far East တွင် ဖော်ပြချက်ကို ဒေါက်တာမောင်မောင် ရေးသားသော Aung San of Burma တွင် အောက်ပါအတိုင်း ကိုးကားထားသည်။

He alone was able to unite his people, speak for them, and give expression to their spirit as no one else had done since the days of Alaungpaya two hundred years ago.

အကြောင်းကြောင်းကြောင့် တကွဲတပြားစီ ဖြစ်နေခဲ့သော မြန်မာပြည်သူလူထုကို တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် ဗိုလ်ချုပ် ဘာကြောင့် စည်းရုံးနိုင်ခဲ့သလဲ။ တတိယမြန်မာနိုင်ငံတော်ကို အလောင်းဘုရား တည်ထောင်အပြီး နှစ် ၂၀၀ ခန့်အကြာတွင် စတုတ္ထ မြန်မာနိုင်ငံတော်ကြီးကို ဗိုလ်ချုပ်ဘာကြောင့် တည်ဆောက်ပေးနိုင်ခဲ့သလဲ။ အဖြေပေါင်းများစွာရှိပါသည်။ အမြင်သာဆုံးအဖြေတစ်ခုမှာ ဗိုလ်ချုပ်သည် 'မိမိအကျိုးစီးပွားထက် နိုင်ငံ့အကျိုးစီးပွားကို ဦးထိပ်ထားခြင်း' ကြောင့်ဖြစ်သည်။ ယနေ့ခေတ်ခေါင်းဆောင်မှုပညာရပ်အလိုအရ 'Putting the organization's interests before personal interests' သဘောတရားဖြစ်သည်။

The Voice Weekly Vol 6-No.14

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လုပ်ရမှုသာ အဖွဲ့အစည်းအတွက် ကြိုးစားအားထုတ်သည်မဟုတ်ဘဲ နောက်လိုက်နေရာ နေရလျှင်လည်း ဗိုလ်ချုပ်သည် ကျရာနေရာမှ အစွမ်းကုန် ကြိုးပမ်းသူဖြစ်သည်။ မိမိသာခေါင်းဆောင်နေရာမှ မနေရလျှင် ဖျက်လိုဖျက်ဆီးလုပ်လိုသည့် "မင်းသားကြီး မလုပ်ရရင် ပတ်မကြီးထိုးဖောက်မည့်"စိတ် ဗိုလ်ချုပ်တွင် လုံးဝမရှိပါ။

BURMESE CLASSIC .com

## မိမိအကျိုးစီးပွားထက် နိုင်ငံ့အကျိုးစီးပွား ဦးထိပ်ထားသူ

ဗိုလ်ချုပ်အောင်ဆန်းသည် 'မိမိတစ်ကိုယ်ရေ အကျိုးစီးပွားထက် နိုင်ငံ့အကျိုးစီးပွားကို ဦးထိပ်ထားသူ' ဖြစ်သည်။ ခေါင်းဆောင်မှုပညာရပ် အလိုအရ 'Putting the organization's interests before personal interests' သဘောတရားနှင့် ဗိုလ်ချုပ်သည် လုံးဝကိုက်ညီသည်။ သူ့အတွက် 'လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ' သာဖြစ်ခဲ့သည် မဟုတ်ပါလား။

ခေတ်ကာလတစ်လျှောက် နိုင်ငံစုံ၊ နယ်ပယ်စုံတွင် ခေါင်းဆောင်များရှိခဲ့ကြသော်လည်း ခေါင်းဆောင်အများအပြားသည် မိမိတို့ ပန်းတိုင်ရောက်ရေးကိုသာ ဦးစားပေးတတ်ပြီး နိုင်ငံပန်းတိုင်ရောက်ရေး၊ မိမိအဖွဲ့အစည်းပန်းတိုင်ရောက်ရေးကို နောက်တွင်ထားသူများဖြစ်သည်။ နိုင်ငံ သို့မဟုတ် အဖွဲ့အစည်း ပန်းတိုင်သို့ ချီတက်ရာတွင် အဖွဲ့အစည်းနှင့် နိုင်ငံပန်းတိုင်မရောက်မီ ကာယကံရှင်ခေါင်းဆောင်က ပန်းတိုင်သို့ ကြိုရောက်သွားသည့် အဖြစ်အပျက်များကို ကမ္ဘာ့နိုင်ငံရေးသမိုင်း၊ စီးပွားရေးသမိုင်းတွင် များစွာ တွေ့ခဲ့ရသည်။ ဗိုလ်ချုပ်မှာ မိမိပန်းတိုင်ရောက်ရေးထက် နိုင်ငံပန်းတိုင်ရောက်ရေးကိုသာ ဦးထိပ်ထားသူ ခေါင်းဆောင်ကောင်းဖြစ်သည်။

ခေါင်းဆောင်လုပ်ရမှသာ အဖွဲ့အစည်းအတွက် ကြိုးစားအားထုတ်သည်မဟုတ်ဘဲ နောက်လိုက်နေရာနေရလျှင်လည်း ဗိုလ်ချုပ်သည် ကျရာနေရာမှ အစွမ်းကုန်ကြိုးပမ်းသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိမိသာခေါင်းဆောင်နေရာမှ မနေရလျှင် ဖျက်လိုဖျက်ဆီးလုပ်လိုသည့် 'မင်းသားကြီး မလုပ်ရရင် ပတ်မကြီး ထိုးဖောက်မည့်' စိတ် ဗိုလ်ချုပ်တွင် လုံးဝမရှိပါ။ တက္ကသိုလ်ကျောင်းသားဘဝက ဥက္ကဋ္ဌဖြစ်သင့်သော်လည်း အခြားကျောင်းသားကြီး တစ်ယောက် အရွေးခံလိုက်ရပြီး ကိုအောင်ဆန်းမှာ ဒုဥက္ကဋ္ဌသာဖြစ်ခဲ့သည်။ ခြေထိုးခံရသည်ဟု ယူဆကာ သူငယ်ချင်းများက မကျေမနပ်ဖြစ်ခဲ့သော်လည်း ကိုအောင်ဆန်းကိုယ်တိုင်မှာမူ ကဖျက် ယဖျက်စိတ် လုံးဝမရှိဘဲ အဖွဲ့၏ကျရာတာဝန်များကို ရှုပ်ရှုပ်ရှဲရှဲ ထမ်းဆောင်ခဲ့သည်။ ယင်းကိုကြည့်လျှင် သူ့တွင် ကုလားထိုင်လုလိုစိတ် လုံးဝမရှိကြောင်း တွေ့ရသည်။ အဖွဲ့အစည်းကောင်းစားရေးအတွက် မိမိ၏အတ္တကို အလွယ်တကူ ချိုးနှိမ်နိုင်သည့်သူပင်ဖြစ်သည်။

ဗိုလ်ချုပ်သည် နိုင်ငံ့အရေးသာ ဦးစားပေးပြီး မိမိအကျိုးစီးပွားကို မမွေ့ရာသဖြင့် ၎င်းနှင့်ဆက်ဆံရသည့် နိုင်ငံခြားသား ဗိုလ်ချုပ်များကပင် လေးစားကြရသူဖြစ်ကြောင်း အောက်ပါစာပိုဒ်က သက်သေထူနေသည်။

'မြန်မာပြည်ရောက် ဂျပန်စစ်တပ်များ၏ ပထမဆုံး သေနာပတိချုပ် အီးဒါး ( Lt. General Iida ) က အောင်ဆန်းသည် ငွေလည်း မမက်၊ အာဏာလည်းမမက်၊ တစ်ကိုယ်ကောင်းလည်း မဆန်၊ ဒါကြောင့် ဂျပန်တွေက သူ့ကိုလေးစားသည်' ဟု ပြောဖူးသည်။ (အောင်ဆန်းမိသားစု – ၁၇၀)

ဗိုလ်ချုပ်အောင်ဆန်းအား ရာထူးနှင့်စည်းရုံးရန် မြန်မာနိုင်ငံ ဘုရင်ခံဒေါ်မန်စမစ်က ကြိုးစားသော်လည်း မရခဲ့ကြောင်းကို 'အောင်ဆန်းမိသားစု' စာအုပ်တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားသည်။

'ထိုအချိန်အထိ ဘုရင်ခံ ဒေါ်မန်စမစ်သည် အောင်ဆန်းအကြောင်း ကောင်းစွာ မသိသေးပေ။ ယခင်က တွေ့ဖူးသောခေါင်းဆောင်များကဲ့သို့ အောင်ဆန်းကိုလည်း ရာထူးနှင့်ဆွယ် (ဝါ) ဝယ်၍ရလိမ့်မည်ဟု ထင်နေပုံပေါ်သည်။ ထို့ကြောင့် အောင်ဆန်းအား ပြန်ပြောမည့် မိတ်ဆွေတစ်ယောက်ကို I like Aung San very much. I don't mind taking him into the Executive Council or giving him a big post.

'ကျွန်ုပ် အောင်ဆန်းကို အလွန်သဘောကျသည်။ သူ့အား ဝန်ကြီးတစ်နေရာ ဖြစ်စေ၊ ရာထူးကြီးတစ်ခုဖြစ်စေ ပေးဖို့မခဲယဉ်းပါဘူး' ဟုပြောသည်။ ထိုသတင်းကြားပြီးသောအခါ အောင်ဆန်းက ကျွန်တော့်အား 'ဘုရင်ခံက ကျွန်တော့်ကို ဘယ်လိုလူစားမျိုးများ အောက်မေ့နေသလဲ မသိပါဘူး' ဟုပြောသည်။'

အင်္ဂလိပ်က ဖွဲ့ပေးသည့် Burma Army ဗမာ့တပ်မတော်အတွင်းသို့ ဖက်ဆစ်ကို တော်လှန်ခဲ့သော တပ်မတော် PBF ကို ပြောင်းလဲထည့်သွင်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗိုလ်မှူးချုပ်ရာထူး(Brigadier General) ဖြင့် ဒုတပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရာထူးထမ်းဆောင်ရန် ဗြိတိန်အရှေ့တောင်အာရှ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်က ကမ်းလှမ်းသော်လည်း ဗိုလ်ချုပ်သည် တစ်ဦးတည်းမဆုံးဖြတ်။ သူပါဝင်နေသည့် ဖ.ဆ.ပ.လ အဖွဲ့ချုပ်နှင့် မျိုးချစ်ဗမာ့တပ်မတော်သို့ ထိုကမ်းလှမ်းချက်ကို တင်ပြပြီး အများ၏အဆုံးအဖြတ်ကို နာခံကာ ရာထူးကိုလက်ခံခြင်းမပြုခဲ့ဘဲ နိုင်ငံလွတ်လပ်ရေးအတွက် ပိုမိုစွမ်းဆောင်နိုင်မည့် ဖ.ဆ.ပ.လ ကိုသာ ပုံကာ ရွေးချယ်ခဲ့သည်။ ထိုသို့ လက်ရှိရာထူးမှ ထွက်လိုက်သည့်အတွက် ဗိုလ်ချုပ်စားဝတ်နေရေး အတော်ကျပ်တည်းသွားခဲ့သည်။



လော့ဒ်မောင့်ဘက်တန်ထံသို့ ဗိုလ်ချုပ်၏ ပြန်စာမူရင်းမှ ကောက်နုတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

I have placed before my colleagues in the AFPFL and the PBF your offer to appoint me in the Burma Army…I regret very much that I shall not be able to serve further in the Army. But this is the majority decision, and I must abide by it. (အောင်ဆန်းမိသားစု – စာ ၁၈၃)

၁၉၄၇ ခုနှစ် ဇူလိုင်၂၉ရက်နေ့ ( ဗိုလ်ချုပ်ကျဆုံးပြီး ၁၀ရက် အကြာ) လွှတ်တော်တွင် 'ကြေကွဲဝမ်းနည်းကြောင်းအဆို' ကို ဝန်ကြီးချုပ်ဟောင်း ဦးနု တင်သွင်းရာတွင်–

'ဗိုလ်ချုပ်နေရာမှာ ဗိုလ်ချုပ်မဟုတ်ဘဲနဲ့ တခြားက ကိုယ့်စိတ် ကိုယ် မထိန်းနိုင်တဲ့လူစားမျိုး၊ လောဘကြီးတဲ့လူစားမျိုး၊ အဲဒီလိုလူစားမျိုး တစ်ယောက်ရှိနေမယ်ဆိုရင် ဂျပန်ခေတ်တုန်းက တစ်သက်မဟုတ်ဘူး ဆယ်သက်မကုန်နိုင်အောင် ပစ္စည်းတွေ စုနိုင်တယ်၊ အဲဒီအထိဖြစ်နိုင်တယ်။ ဂျပန်ခေတ်တုန်းက ဒီလိုရတဲ့ ဩဇာအရှိန်အဝါတွေကို အလွဲသုံးစားပြုပြီးတော့ ပိုက်ဆံတွေဟာ သုံးမကုန်လောက်အောင် စုသွားကြတဲ့ လူတွေအကြောင်းကိုလည်း ဒီမှာကြွလာတဲ့အမတ်မင်းတွေ အသိပါပဲ' ဟု ပြောကြားခဲ့သည့် စကားတွင်လည်း ဗိုလ်ချုပ်၏ကိုယ်ကျိုးမရှာ ပြည့်အကျိုးကိုသာ ရှာခြင်းကို မြင်တွေ့ရမည်။ ( အောင်ဆန်းမိသားစု – စာ၁၇၀)

ဗိုလ်ချုပ်မဖြစ်မီ ကိုအောင်ဆန်းဘဝကပင် နိုင်ငံ့အကျိုးကိုသာ ရှေးရှုခဲ့သည်။ ထိုခေတ်က ဘီအေအောင်လျှင် မြို့ပိုင်၊ နယ်ပိုင်စသည့် ရာထူးများအလွယ်ရနိုင်ပြီး သူဌေးသမီး ဥစ္စာပေါ ရုပ်ချောများကို ခေါင်းခေါက်ရွေးနိုင်သည့်တိုင် ဘီအေဘွဲ့ရ ကိုအောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံရေးနယ်ပယ်တွင်းသို့သာ ခြေစုံပစ်ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ ပုထုဇဉ်မှန်လျှင် အတ္တရှိသည်။ အတ္တကို ချိုးနှိမ်ပြီး မိမိဦးဆောင်ရသည့် အဖွဲ့အစည်း သို့မဟုတ် နိုင်ငံအကျိုးစီးပွားကို ရှေ့တန်းတင်နိုင်ခြင်းသည် ခေါင်းဆောင်ကောင်း၏ အမှတ်လက္ခဏာပင်ဖြစ်ပြီး ထိုသူ ဦးဆောင်သောအဖွဲ့အစည်း သို့မဟုတ် နိုင်ငံသည်လည်း ပန်းတိုင်သို့ ရောက်ရှိပေမည်။ မိမိနောက်လိုက်အများ၏ ချစ်ခင်ကြည်ညိုခြင်းကိုလည်း ခံရပေမည်။ ဗိုလ်ချုပ်အား မြန်မာပြည်သူများကလည်း လေးစားကြည်ညိုကြသလို နိုင်ငံသည်လည်း လွတ်လပ်ရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့သည်။ ယင်းမှာ ဗိုလ်ချုပ်သည် 'Putting the organization's interests before personal interests' သဘောတရားနှင့် ၁၀၀ရာခိုင်နှုန်း ကိုက်ညီသောကြောင့် ဖြစ်သည်။

The Voice Weekly Vol 6-No.15

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်၏ခေါင်းဆောင်မှုသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ
အခြားမည်သည့်ခေါင်းဆောင်၏ ခေါင်းဆောင်မှုနှင့်မျှမတူဘဲ ပြိုင်ဘက်ကင်း
အောင်မြင်ရခြင်းမှာ သူ၏ရိုးသားမှုကြောင့်ဖြစ်သည်။
ထို့ကြောင့် ဗိုလ်ချုပ်၏ ရိုးဂုဏ်သည်ပင်လျှင် သူ၏ အဓိကခေါင်းဆောင်မှု
စရိုက်လက္ခဏာ (Leadership characteristic) တစ်ခု ဖြစ်ပေတော့သည်။

# ရိုးဂုဏ်နှင့်ခေါင်းဆောင်သူ

ကမ္ဘာအနှံ့ လူအမျိုးမျိုးယောကျာ်း၊ မိန်းမ၊ ကြီးငယ် စရိုက်အထွေထွေရှိကြသော်လည်း မိမိခေါင်းဆောင်ထံမှ လူတို့အလိုချင်ဆုံး အမျှော်လင့်ဆုံးအရာမှာ ရိုးသားမှုပင်ဖြစ်သည်။ လူတို့အကြိုက် ခေါင်းဆောင်မှုအရည်အသွေးများကို ကမ္ဘာနေရာအနှံ့အပြားတွင် စစ်တမ်းကောက်ယူသည့်အခါတိုင်း အမြဲထိပ်ဆုံးက နေရာရသည်မှာ ရိုးသားမှု Honesty ဟု ခေါင်းဆောင်မှုဆိုင်ရာ သုတေသနများက ဆိုသည် (Leadership Challenge, Kouzes and Posner) ။

မရိုးသားသော ခေါင်းဆောင်နောက်သို့ မည်သူမျှ မလိုက်လိုကြ။ မသိ၍ တစ်ကြိမ်လိုက်လို လိုက်ကြမည်။ နောင်တွင်မူ မရိုးသားသော ခေါင်းဆောင်ကို ဝေးဝေးကရှောင်ကြမည်။ နောက်သို့လိုက်မည်ဝေးစွ၊ ထိုခေါင်းဆောင်၏ အဖွဲ့သားဟု အပြောခံရမည်ကိုပင် ရှက်ကြမည်။ ရိုးသားသောခေါင်းဆောင်ကို သူ၏နောက်လိုက်တို့က ယုံကြည်ကြသည်။ ရိုးသားသောခေါင်းဆောင်ကို စစ်မြေပြင်တွင် ယုံကြည်သလို ကုမ္ပဏီရုံးခန်းများတွင်လည်း ယုံကြည်ကြသည်။ နိုင်ငံနှင့်အဖွဲ့အစည်း ပန်းတိုင်ရောက်ရန် ခေါင်းဆောင်နှင့်နောက်လိုက်တို့အကြား အလိုအပ်ဆုံးအရာမှာ ယုံကြည်မှု (Trust) ဖြစ်သည်။ ခေါင်းဆောင်ကိုသာ နောက်လိုက်တို့ ယုံကြည်လျှင် ခေါင်းဆောင်မှုတွင် အရာရာပြီးမြောက်ပေပြီ။ ခေါင်းဆောင် မည်သည့်ပန်းတိုင်သို့ သွားသွား နောက်လိုက်တို့က နောက်မှ မမိုတ်မသုံ ဖွဲ့နပဲဖြင့် လိုက်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားမှုပေတံဖြင့်တိုင်းလျှင် ဗိုလ်ချုပ်အောင်ဆန်းသည် အမှတ်ပြည့်ရမည့်သူ ဖြစ်သည်။

'ဗိုလ်ချုပ်နေရာမှာ ဗိုလ်ချုပ်မဟုတ်ဘဲနဲ့ တခြားက ကိုယ့်စိတ် ကိုယ်မထိန်းနိုင်တဲ့ လူစားမျိုး၊ လောဘကြီးတဲ့ လူစားမျိုး တစ်ယောက်ရှိနေမယ်ဆိုရင် ဂျပန်ခေတ်တုန်းက တစ်သက်မဟုတ်ဘူး ဆယ်သက်မကုန်အောင် ပစ္စည်းတွေစုနိုင်တယ်၊ အဲဒီအထိဖြစ်နိုင်တယ်။ ဂျပန်ခေတ်တုန်းကလို ရတဲ့အရှိန်အဝါ ဩဇာတွေကို အလွဲသုံးစားလုပ်ပြီးတော့ ပိုက်ဆံတွေဟာ သုံးမကုန်လောက်အောင် စုသွားကြတဲ့လူတွေ အကြောင်းကိုလည်း ဒီမှာကြွလာတဲ့ အမတ်မင်းတွေ အသိပါပဲ' ဟု ဝန်ကြီးချုပ်ဦးနုက ၁၉၄၇ ဇူလိုင် ၂၉ရက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့သည်။ (အောင်ဆန်း မိသားစု)

ဗိုလ်ချုပ်အောင်ဆန်းရိုးသားပုံကို သူကျဆုံးပြီး အာဇာနည်ခေါင်းဆောင် ဖြစ်သွားချိန်တွင် အထူးတလည်ရေးသားကြသည်မှာ မဆန်းသော်လည်း သူနှင့် ရင်ပေါင်တန်းလက်တွဲ လုပ်ကိုင်သွားခဲ့သူ နိုင်ငံခြားသားများ၏ အမြင်မှာလည်း ထိုအတိုင်းပင် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုကို ထုတ်ဖော်ချီးကျူးကြသည့် နိုင်ငံခြားသားများတွင် ဂျပန်ဗိုလ်ချုပ်များလည်း ပါဝင်သည်။

*'ဘီအိုင်အေ Burma Independence Army (BIA) ၏ ပထမ သေနာပတိ ဗိုလ်မိုးကြိုးခေါ် ဗိုလ်မှူးကြီး ဆူဇူကီးက 'အောင်ဆန်းသည် အကြွင်းမဲ့ရိုးသားသည်။ သူသည် သတ္တိဗျတ္တိနှင့် ပြည့်စုံသော စစ်ခေါင်းဆောင်ဖြစ်သည်။ မျိုးချစ်စိတ်လည်း ပြင်းထန်သည်။ ထို့ကြောင့် ငါတို့ဂျပန်များသည် သူ့ကိုရိုသေလေးစားသည်' ဟု မှတ်တမ်းပြုသည်။' (အောင်ဆန်းမိသားစု)*

ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှုမှာ မွေးရာပါ ဖြစ်ကြောင်း သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် လေ့လာနိုင်သည်။

'ကျွန်တော်သည် လိမ်လည်လေ့မရှိ၊ မလိမ်တတ်၊ လိမ်ခဲ့မိသော်လည်း ခဏချင်းပင် ဖြောင့်ချက်ပေး၏။ ကျွန်တော်တို့နေသည့် ဘုန်းကြီးကျောင်းမှာ ဥပုသ်နေ့တိုင်းပိတ်၏။ သို့သော် ယောကျ်ားကလေးများမှာ ဥပုသ်နေ့ပင်ဖြစ်သော်လည်း ကျောင်းသို့သွားရကာ ရေခပ်၊ မြက်နုတ်လုပ်ရသည်။ တစ်နေ့သောနေ့ခင်းတွင် ကျောင်းသားများ အလုပ်မရှိ၍ "အလုပ်မရှိလျှင် အိပ်နေကြ၊ မကစားကြနဲ့" ဟု ဘုန်းကြီးက အမိန့်ရှိလေသည်။ အားလုံးကျောင်းသားများအား "မအိပ်ချင်ဘူးလား" ဟုမေးသောအခါ မအိပ်ချင်ကြသော်လည်း အိပ်ချင်သည်ဟု ဘုန်းကြီးအလိုကျ လျှောက်ကြသည်။ ကျွန်တော့်အား ဘုန်းကြီးက



"အောင်ဆန်းကော မအိပ်ချင်ဘူးလား" ဟု အထူးတလည်မေးရာ ကျွန်တော်က "မအိပ်ချင်ပါဘုရား" ဟုပြန်လျှောက်ရာ ဘုန်းကြီးကား ပြုံး၍သာနေလေတော့သည်'။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့တပ်မတော်ကို ဦးစီးကာ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲနေစဉ် မြန်မာပြည်တွင်း တပ်ဖြန့်ရောက်ရှိနေပြီဖြစ်သော ဗြိတိသျှတပ်များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီးဆလင်းအား သူ၏တပ်စခန်းသို့သွားရောက်တွေ့ဆုံခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားပုံမှာ ကိုယ်တွင်းတွင်သာမက အပြင်သို့ အရောင်ဟပ်နေသဖြင့် ယခုမှတွေ့ရသည့် ဗြိတိသျှဗိုလ်ချုပ်ကြီး ဆလင်းကပင် မြင်မြင်ချင်း အကဲခတ်နိုင်ခဲ့ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အလုပ်တွဲလုပ်နိုင်ကြောင်း ချက်ချင်းဆုံးဖြတ်ခဲ့သည်။

'သူ့အား ကျွန်တော်အထင်အကြီးဆုံးမှာ သူ၏ ရိုးသားမှုပင်ဖြစ်သည်။ သူသည် ကတိအလွယ်တကူမပေး၊ ကတိမပြုခင် တုံ့ဆိုင်းနေတတ်သည်။ သူသဘောတူပြီးလျှင်မူ ထိုအတိုင်းလုပ်မည်ဟု ကျွန်တော်သိသည်။ ကျွန်တော် အောင်ဆန်းနှင့် လက်တွဲအလုပ်လုပ်လို့ရပြီ။' ( ဗိုလ်ချုပ်ကြီးဆလင်း ကိုယ်တိုင်ရေး Defeat into Victory စာအုပ်မှ ကောက်နုတ်ချက် ဘာသာပြန်)

ဗိုလ်ချုပ်ကြီးဆလင်းသည် စကားအပြန်အလှန်ပြောရင်း ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုကို သဘောကျသွားပြန်သဖြင့် ထိုစကားပြောကို သူ၏စာအုပ်တွင် ထည့်သွင်းရေးသားထားခဲ့သည်။

'Go on. Aung San,' I said 'You only come to us because you see we are winning!'

'It wouldn't be much good coming to you if you weren't, would it? he replied simply.

I could not question the truth of this. I felt he had scored again, and I liked his honesty. In fact, I was beginning to like Aung San. ( Defeat into Victory by Sir William Slim)

*'ပြောပါဦး၊ အောင်ဆန်း။ ကျုပ်တို့နိုင်နေတာမြင်လို့ ခင်ဗျား လာတာ မဟုတ်လား။' ကျွန်တော်( ဆလင်း)မေးလိုက်သည်။*

*'ခင်ဗျားတို့ မနိုင်မှတော့ လာလည်း ဘာအကျိုးရှိမှာလဲ။' သူ့အဖြေက ရိုးရိုးလေး။*

*မှန်လွန်းလှသဖြင့် သူ့စကားကို ကျွန်တော်စောဒက မတက်နိုင်တော့။ သူတစ်ခု သာသွားပြန်ပြီ။ သူ့ရိုးသားမှုကို ကျွန်တော်ကြိုက်သည်။ တကယ်တော့ အောင်ဆန်းကို ကျွန်တော် ခင်သွားပြီဖြစ်သည်။ (Defeat into Victory မှ ဘာသာပြန်ဆိုချက်)*

ရိုးသားမှုဟူသည်မှာ ကိုယ်ဟောသလို ကိုယ်ကျင့်ခြင်း 'I practice what I preach'၊ ရှေ့နောက်ညီခြင်း Consistency နှင့် ကတိတည်ခြင်းတို့ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် သူပြောသည့်အတိုင်း သူလုပ်သည်၊ ရှေ့စကားနှင့်နောက်စကားလည်း ညီသည်။ ကတိလည်းတည်သည်။ ထို့ကြောင့် သူ့အား ပြည်သူအများက လေးစားကြည်ညိုပြီး သူပြောတိုင်း အောင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ် ရိုးသားဖြောင့်မတ်ကြောင်းကို ပြည်သူတို့ သိရှိကြသောကြောင့် ဗိုလ်ချုပ်နှင့်တကွ ဘီအိုင်အေ၊ ဘီဒီအေတပ်မတော်သားများကို ဂျပန်ခေတ်အတွင်းက ပြည်သူတို့ ယုံကြည်ကိုးစားမှု မပျက်ကြခြင်းဖြစ်သည်။ ဂျပန်တို့ကို အော့နှလုံးနာကြသော်လည်း ဂျပန်တို့ဘက်ရောက်သလိုဖြစ်နေသော ဗိုလ်ချုပ်တို့ခေါင်းဆောင်များအား အကြည်ညိုမပျက်သည်မှာ ဗိုလ်ချုပ်သည် ပြည်သူများအားသစ္စာမဖောက်ဟု ပြည်သူအများစုကယုံကြည်ခြင်းကြောင့်ဖြစ်သည်။ ထိုသို့ အကြည်ညိုမပျက်ခြင်းကြောင့်လည်း ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပြည်သူအများက မြန်မာ့တပ်မတော်နှင့်အတူ တစ်ခဲနက်ပါဝင်ခဲ့ခြင်း ဖြစ်သည်။

တိုင်းရင်းသားအားလုံး ဗြိတိသျှလက်အောက်မှ တစ်ပြိုင်နက်တည်း မြန်မာ့လွတ်လပ်ရေးအရယူနိုင်အောင် ပင်လုံစာချုပ်ဖြင့် ဗိုလ်ချုပ်လမ်းခင်းပေးနိုင်ခဲ့ခြင်းမှာလည်း ဗိုလ်ချုပ်၏ရိုးသားမှုကို တိုင်းရင်းသားအားလုံး၊ ပြည်သူအားလုံးက ယုံကြည်သောကြောင့်ဖြစ်သည်။ ဗိုလ်ချုပ်၏ခေါင်းဆောင်မှုသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ အခြားမည်သည့်ခေါင်းဆောင်၏ ခေါင်းဆောင်မှုနှင့်မျှမတူဘဲ ပြိုင်ဘက်ကင်း အောင်မြင်ရခြင်းမှာ သူ၏ရိုးသားမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်၏ ရိုးဂုဏ်သည်ပင်လျှင် သူ၏ အဓိကခေါင်းဆောင်မှုစရိုက်လက္ခဏာ (Leadership characteristic) တစ်ခုဖြစ်ပေတော့သည်။

The Voice Weekly Vol 6-No.16

www.burmeseclassic.com



အထူးသဖြင့် နိုင်ငံလွတ်လပ်ရေး ဆိုသည်မှာ ကြီးမားသော အခက်အခဲများနှင့် စိန်ခေါ်မှုများကြားထဲမှ မဖောက်ဖူးသေးသော လမ်းကိုဖောက်ရခြင်း၊ မသွားဖူးသေးသောလမ်းကို လျှောက်ရခြင်း

Road Untravelled ဖြစ်ခြင်းကြောင့် နလုံးသားခံစားချက် ပြင်းပြင်းထားရှိသူများသာ ဇွဲဝီရိယအားဖြင့် လက်မလျှော့တမ်း လုပ်ဆောင်နိုင်ကြရာ လွတ်လပ်ရေးကြိုးပမ်းသူများအဖို့ "ဦးနှောက်" ထက် "နလုံးသား" ရေရောက်သွားသော အကြိမ်များစွာ ရှိမည်ဖြစ်သည်။

## EQ နှင့် ဗိုလ်ချုပ်

အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်ကို ရှာဖွေသုတေသနပြုရင်းဖြင့် IQ Intelligence Quotient ဉာဏ်ရည်ပြကိန်းကို တွေ့ရှိခဲ့ကြသည်။ ထိုမှစကာ လူတစ်ဦး၏ အောင်မြင်မှုသည် ဉာဏ်ရည်ဉာဏ်သွေးအပေါ် အဓိကတည်မှီနေသည်ဟု ယူဆကာ လူတစ်ဦး၏ အလားအလာကို သိလိုလျှင် ထိုသူ၏ ဉာဏ်ရည်ပြကိန်း IQ Intelligence Quotient ကိုတိုင်းတာခဲ့ကြသည်။ IQ မြင့်သော်လည်း မအောင်မြင်သူများ၊ အောင်မြင်သင့်သလောက် မအောင်မြင်သူများကို တွေ့ရှိလာသည့်နောက်တွင် အောင်မြင်မှု၏နောက်ကွယ်တွင် အခြားသောအကြောင်းရင်းရှိရမည်ဟု သုတေသနအသစ်များ ပြုလုပ်ခဲ့ရာ စိတ်ခံစားချက်ဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး EI Emotional Intelligence သည် လူတစ်ဦး၏ စွမ်းဆောင်နိုင်စွမ်းတွင် များစွာအရေးကြီးကြောင်း သိမြင်လာကြပြီး စိတ်ခံစားချက်ပြအညွှန်းကိန်း EQ Emotional Intelligence Quotient ရေပန်းစားလာခဲ့သည်။ IQ မြင့်သော်လည်း EQ နိမ့်သူများ မအောင်မြင်။ IQ ချင်း မတိမ်းမယိမ်းရှိသူအချင်းချင်း ယှဉ်ကြည့်လျှင် EQ သာသူများက ထိပ်သို့ပိုမိုရောက်သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်များ Great Leaders နှင့် သာမန်ခေါင်းဆောင်များ ကွာခြားသည့်နေရာမှာ EQ တွင်ဖြစ်ပြီး အောင်မြင်မှု၏ ၈၅ ရာခိုင်နှုန်းဖြစ်သည်ဟု သုတေသနများကဆိုသည်။ ထိုသို့တွေ့ရှိလာပြီးနောက်တွင် EQ သည် ခေါင်းဆောင်များအား အကဲဖြတ်သည့် ပေတံတစ်ခုဖြစ်လာခဲ့သည်။

EQ ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ

The capacity for recognizing our own feelings and those of others, for motivating ourselves, for managing emotions well in ourselves, and in our relationships

'မိမိနှင့် အခြားသူများ၏ ကိုယ်ပိုင် ခံစားချက်များအား သဘောပေါက်နားလည်ပြီး မိမိကိုယ်ကိုယ် စိတ်တက်ကြွ အောင် အားပေးနိုင်ခြင်း၊ မိမိ၏ ခံစားချက်များအား မိမိကိုယ်တွင်းတွင် စီမံခန့်ခွဲခြင်း၊ မိမိ၏ခံစားချက်များအား အခြားသူများနှင့် ဆက်ဆံရေးတွင် စီမံခန့်ခွဲခြင်း' ဖြစ်သည်။

**မိမိနှင့် အခြားသူများ၏ နှလုံးသားကို ဦးနှောက်ဖြင့် နားလည်ကာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ခြင်း သည် EQ ပင်ဖြစ်သည်။**

လုပ်ဆောင်ရသောတာဝန် ခက်ခဲရှုပ်ထွေးလေလေ၊ EQ၏ ကဏ္ဍထင်ရှားလေလေ ဖြစ်သည်။ သာမန်ကိစ္စများတွင် EQ မြင့်မားခြင်း၊ မမြင့်မားခြင်းမှာ အရေးမပါသလို ထင်ရသော်လည်း လုပ်ဆောင်ရသောတာဝန် ခက်ခဲရှုပ်ထွေးလေလေ၊ EQ၏ ကဏ္ဍ ထင်ရှားလေလေဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကဲ့သို့သော အရာမျိုးမှာ တစ်ကိုယ်တော်ကြိုးရုံဖြင့်မရဘဲ နေရာဒေသအမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးနှင့် လူပုဂ္ဂိုလ်အမျိုးမျိုး၊ Stakeholders ခေါ် သက်ဆိုင်သူအမျိုးမျိုး ပူးပေါင်းဆောင်ရွက်မှ ရနိုင်သည့် Collective Effort ဖြစ်သောကြောင့် ဆိုင်ရာပုဂ္ဂိုလ်များ EQ မြင့်မားပါမှ နိုင်ငံလွတ်လပ်ရေး ပန်းတိုင်သို့ ပိုမိုချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံလွတ်လပ်ရေး ဆိုသည်မှာ ကြီးမားသော အခက်အခဲများနှင့် စိန်ခေါ်မှုများကြားထဲမှ မဖောက်ဖူးသေးသော လမ်းကိုဖောက်ရခြင်း၊ မသွားဖူးသေးသော လမ်းကို လျှောက်ရခြင်း Road Untravelled ဖြစ်ခြင်းကြောင့် နှလုံးသားခံစားချက် ပြင်းပြင်းထားရှိသူများသာ ဇွဲဝီရိယအားဖြင့် လက်မလျှော့တမ်း လုပ်ဆောင်နိုင်ကြရာ လွတ်လပ်ရေးကြိုးပမ်းသူများအဖို့ 'ဦးနှောက်' ထက် 'နှလုံးသား' ရှေ့ရောက်သွားသော အကြိမ်များစွာ ရှိမည်ဖြစ်သည်။ EQ မြင့်မြင့်ခေါင်းဆောင်များက ထိုသူများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ထိန်းညှိဦးဆောင်မှသာ နိုင်ငံ့လွတ်လပ်ရေးပန်းတိုင်သို့ ထိထိမိမိ အရောက်လှမ်းနိုင်ပေမည်။



ဗိုလ်ချုပ်အသက်ရှင်စဉ်က EQ အယူအဆ မပေါ်သေးသော်လည်း ဗိုလ်ချုပ်သည် EQ မြင့်မားသူဖြစ်ကြောင်း အကဲဖြတ်နိုင်သည်။ ဗိုလ်ချုပ်သည် မျိုးချစ်စိတ်ပြင်းထန်သော်လည်း သွေးဆူလွယ်သော သူမဟုတ်၊ နိုင်းနိုင်းချိန်ချိန် သုခမိန်ဆိုသကဲ့သို့ မိမိ၏ ခံစားချက်ကို စီမံခန့်ခွဲနိုင်သောသူဖြစ်သည်။ ဗိုလ်ချုပ်၏မြင့်မားသော EQ ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးကြီးရအောင် ပံ့ကိုင်ပေးနိုင်ခဲ့သည်။ IQ သာမက EQ ပါ မြင့်မားသည့် ဗိုလ်ချုပ်သည် ဆန့်ကျင်ဘက် အဖွဲ့များမှ ပုဂ္ဂိုလ်များအပါအဝင် မျိုးချစ်ပုဂ္ဂိုလ်များစွာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက်၊ ထိုသူများအချင်းချင်း ပူးပေါင်းဆောင်ရွက်အောင် လုပ်ဆောင်နိုင်ခဲ့သည့်အတွက် လွတ်လပ်ရေးကြီးကို မလွတ်တမ်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်သည် EQ မြင့်မားသူဖြစ်ကြောင်း အောက်ပါအဖြစ်အပျက်ကိုကြည့်လျှင် အထင်အရှားတွေ့ရမည်။

'တစ်ခါသော် ကျွန်ုပ်တို့ တိုကျိုမြို့သို့ သွားနေခိုက် ၂၆ ယောက်သော ရဲဘော်တို့သည် အထက်ဖော်ပြပါ လူနှစ်ယောက်အနက် တစ်ယောက်သောသူ၏ ကိုယ်ရေးကိုယ်တာအကြောင်းများကြောင့် လှုံ့ဆော်ပေးသဖြင့် ဂျပန်တို့အား ဂျပန်ပြည်တွင် တော်လှန်ပုန်ကန်ရန် ကြံစည်ကြခြင်းဖြစ်သည်။ ကံအားလျော်စွာ ကျွန်ုပ်သည် တိုကျိုမြို့မှ ဖော်မိုဆာမြို့သို့ အချိန်မီပြန်ရောက်လာ၍သာ အဆိုပါပုန်ကန်မှုကို တားဆီးနိုင်ခဲ့လေသည်။'
(ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း)

ဗိုလ်ချုပ်နှင့် အခြားရဲဘော်သုံးကျိပ်ဝင်များသည် အသက်မတိမ်းမယိမ်း လူငယ်များချည်းဖြစ်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူများပီပီ အမျိုးသားရေးကို နှလုံးသားတွင် ထားရှိကိုးကွယ်သူများချည်းဖြစ်သည်။ သို့သော် ဗိုလ်ချုပ်၏ EQ သည် ရွယ်တူတန်းတူများထက် သာလွန်မြင့်မားသည်။ ကျန်သည့် ၂၆ ဦးသည် ဂျပန်တို့ကို ဂျပန်ပြည်တွင် တော်လှန်ရန် မိုက်ရူးရဲဆန်ဆန် နှလုံးသားရှေ့ထားကာ လူငယ်စိတ်ဖြင့် ကြံစည်ခဲ့ချိန်တွင် ဗိုလ်ချုပ်မှာ ထိုရဲဘော်ရဲဘက်များ၏ နှလုံးသားကို နားလည်ခံစားနိုင်ပြီး ထိုနှလုံးသားများကို ဦးနှောက်ဖြင့်ကောင်းစွာထိန်းသိမ်းနိုင်ခဲ့သည်။ စစ်သင်တန်းကာလတိုပင် တက်နေဆဲ၊ လက်ခြောက်ဖက်စာမျှ အရေအတွက်ရှိသည့် မြန်မာလူငယ်သုံးဆယ်ကသာ ဂျပန်နိုင်ငံတွင် ဂျပန်တို့အား ခံစားချက်နောက်လိုက်၍ စိတ်လိုက်မာန်ပါဖြင့် တော်လှန်ခဲ့ပါက ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဖွဲ့စည်းနိုင်တော့မည်မဟုတ်ချေ။ ဗိုလ်ချုပ်နှင့်တကွ ရဲဘော်သုံးကျိပ်တို့လည်း သေသူသေ၊

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျသူကျ ဖြစ်ကာ မြန်မာ့လွတ်လပ်ရေး အလှမ်းဝေးပေတော့မည်။ ဗိုလ်ချုပ်က ကျန်ရဲဘော်များ၏ ခံစားချက်ကိုနားလည်ကာ ဖျောင်းဖျနိုင်ခဲ့သောကြောင့် သာ လွတ်လပ်ရေးအတွက် ရေမြေခြားတွင် စွန့်စွန့်စားစား ကြိုးပမ်းမှု သဲထဲရေသွန်မဖြစ်ခဲ့ခြင်း ဖြစ်သည်။ **EQ** ၏ သဘောတရားမှာ မိမိ၏ခံစားချက်ကိုနားလည်ခြင်း၊ အခြားသူများ ၏ ခံစားချက်ကို နားလည်ခြင်း၊ ထိုသို့နားလည်ပြီး လူအများ စိတ်အားတက်ကြွအောင် လှုံ့ဆော်နိုင်ခြင်း၊ ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းဖြစ်ရာ ဗိုလ်ချုပ်၏ EQ မှာ အရွယ်နှင့် မလိုက်အောင် မြင့်မားသည်ကို တွေ့ရသည်။

ဂျပန်များနှင့်အတူ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ဖက်ဆစ်တို့၏ သရုပ်သကန် ပေါ်လွင်လာခဲ့သောအချိန်တွင် ဗိုလ်ချုပ်သည် မိမိတိုင်းသူပြည်သား များအတွက် နှလုံးသားဖြင့် ခံစားခဲ့ရသော်လည်း ထိုခံစားချက်ကိုထိန်းချုပ်၍ အအောင်မြင်နိုင်ဆုံးသောအချိန်အထိစောင့်ကာ ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ သည်။ ထိုစဉ်က တပ်မတော်အတွင်း ခေါင်းဆောင်ငယ်အချို့သည် ဖက်ဆစ်အား လွန်စွာမုန်းတီးနေပြီး တော်လှန်လိုသောကြောင့် ဗိုလ်ချုပ်ကိုပင် နားမလည်ဖြစ်ကာ ဗိုလ်ချုပ်ကိုပါ တစ်ပါတည်းတော်လှန်မည်ဟူသော ကြုံးဝါးသံများပင်ထွက်ခဲ့သည်။ သို့သော် ထိုစဉ်က မြန်မာ့တပ်မတော်၏သက်တမ်းမှာနုနယ်လှသေးသည်။ တပ်မတော် သားအရေအတွက် အတန်အသင့်ရှိသည်ဆိုနိုင်သော်လည်း လေ့ကျင့်သား နည်းပါးလှ သေးသည်။ ခေါင်းဆောင်များပင် စစ်သင်တန်းကို ဂျပန်တွင် ဖုတ်ပူမီးတိုက် သင်ကြားခဲ့ ရသည်ဖြစ်ရာ စစ်ရည်ဝသည့်၊ လက်နက်ပြည့်စုံသည့်၊ လေ့ကျင့်သားပြည့်ဝသည့် ဂျပန် တပ်မတော်နှင့် ယှဉ်ရပါက အခြေအနေမကောင်းနိုင်သည်ကို ဗိုလ်ချုပ်က ဦးနှောက်ဖြင့် နားလည်သည်။ တစ်ချိန်တည်းတွင် နောက်လိုက်များ၏ နှလုံးသားကိုလည်း နားလည် သောကြောင့် အခြေအနေကို မိမိသိသည်၊ မိမိထိုအတွက် လုပ်ဆောင်နေသည်ဟုလည်း အချက်ပေးလိုသဖြင့် ဂျပန်သေနာပတိ တက်ရောက်သည့် အခမ်းအနားများတွင်ပင် စွန့်စားကာ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို စိတ်တိုင်းမကျကြောင်း မိန့်ခွန်းပြောခဲ့ရ သည့်အခါများပင်ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်တို့ ပြန်ဝင်လာအပြီး နောက်တွင်လည်း ဗိုလ်ချုပ် သည် အခြားသူများ၏နှလုံးသားနှင့် မိမိ၏ နှလုံးသားကို ဦးနှောက်ဖြင့် နားလည် ဆောင်ရွက်နိုင်သဖြင့် မြန်မာ့လွတ်လပ်ရေးရအောင် လမ်းခင်းပေးနိုင်ခဲ့သည်။ အင်္ဂလိပ်ဘုရင်ခံနှင့် လွှန်ဆွဲပွဲများ၊ အင်္ဂလန်သို့သွားရောက် ညှိနှိုင်းခြင်းများ၊ လွတ်လပ် ရေးကြိုးပမ်းသူ အင်အားစုများအကြား ထိပ်တိုက်တွေ့မှုများ လွန်ဆွဲပွဲများသည်



ဗိုလ်ချုပ်၏မြင့်မားသော EQ ကိုမှတ်ကျောက်တင်ခဲ့သည်။

တစ်ခေတ်တွင် တစ်ယောက်ပေါ်ထွန်းခဲ့သူပီပီ ဗိုလ်ချုပ်တွင် မြင့်မားသော IQ အပြင် အခြားအရည်အသွေးများစွာ ရှိသော်လည်း အခြားအခြားသော ခေါင်းဆောင် များထက် အောင်မြင်ကာ ပန်းတိုင်သို့ရောက်ခဲ့ခြင်းမှာ သူ၏မြင့်မားသော EQ ကြောင့် ဖြစ်သည်။

**The Voice Weekly Vol 6-No.20**

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူလိုလားသော သြဇာအာဏာမှာ ပုဂ္ဂလသြဇာအာဏာ Personalized Power မဟုတ်ဘဲ အများ အကျိုး ပြီးမြောက်စေသည့် ပရသြဇာအာဏာ Socialized Power သာဖြစ်သည်။

## ပါဝါနှင့်ဗိုလ်ချုပ်

ခေါင်းဆောင်နှင့် သြဇာအာဏာ **Power** သည် ခွဲခြားမရသဖြင့် ခေါင်းဆောင်မှုဘာသာရပ် **'Study of Leadership'** သည် သြဇာအာဏာဆိုင်ရာ ပညာရပ် **'Study of Power'** ဟုပင် ပညာရှင်များက ဆိုကြသည်။ ခေါင်းဆောင်ဆိုသည်မှာ အခြားသူများကို သြဇာလွှမ်းမိုးနိုင်သောသူပင်ဖြစ်ရာ သြဇာအာဏာ၏ သဘော သဘာဝကိုလေ့လာလျှင် ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်များ၏ သဘောသဘာဝကို နားလည်နိုင်မည်ဖြစ်သည်။

အခြားသူများကို လွှမ်းမိုးလိုစိတ်၊ ထိန်းချုပ်လိုစိတ် အနည်းအများသည် ပုဂ္ဂိုလ်ကို လိုက်ကာ ကွာခြားပြီး ယင်းကို 'သြဇာအာဏာလိုချင်စိတ်' Need for Power ဟုခေါ်ဆိုသည်။ သြဇာအာဏာလိုချင်စိတ် မြင့်မားသူများသည် အခြားသူများကို လွှမ်းမိုးထိန်းချုပ်ရလျှင် စိတ်ကျေနပ်နှစ်သိမ့်ကြောင်း တွေ့ရသည်။ သူတို့သည် အခြားသူများအား လွှမ်းမိုးရန် အခွင့်အလမ်းများ၊ နေရာဌာနများ၊ ဗဟုသုတများကို ရှာဖွေလေ့ရှိပြီး လူအများ၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးရသည့်နေရာများတွင် ပါဝင်ပတ်သက်လေ့ရှိသည်။ ထိုသို့ အခြားသူများအား လွှမ်းမိုးရာတွင် သူတို့၏ အကြံဉာဏ်များ၊ အဆိုများကို တင်သွင်းပြောပြတတ်ကြသည်။ ထိုသူများသည် ပြောရဲဆိုရဲလည်းရှိကြသည်။

ဗိုလ်ချုပ်အောင်ဆန်းအား အာဏာမမက်မောသူဟု သရုပ်ဖော်ရေးသားလေ့ ထင်မြင်လေ့ရှိကြသော်လည်း တိုတောင်းသော သူ့ဘဝကို လေ့လာရာတွင် အထက်ပါ

www.burmeseclassic.com



အချက်များအား တွေ့ရသဖြင့် သူ့တွင် Need for Power မြင့်မားကြောင်း ကောက်ချက်ချနိုင်သည်။ Need for Power နှစ်မျိုးရှိသည်။ Need for Personalized Power ပုဂ္ဂိုလ်ရေးအာဏာလိုချင်စိတ် (ပုဂ္ဂလအာဏာ)နှင့် Need for Socialized Power အများဆိုင် အာဏာလိုချင်စိတ် (ပရအာဏာ) တို့ဖြစ်သည်။

ပုဂ္ဂိုလ်ရေးအာဏာလိုချင်စိတ် မြင့်မားသူများသည် တစ်ကိုယ်ကောင်းဆန်လေ့ရှိပြီး မိမိကိုယ်ကိုယ် ထိန်းသိမ်းနိုင်မှု အားနည်းတတ်သည်။ ထိုသူများသည် အာဏာကို မိမိအကျိုးစီးပွားအတွက်သာ သုံးစွဲလေ့ရှိပြီး မိမိ၏အုပ်စု၊ အဖွဲ့အစည်း ကောင်းကျိုးအတွက် သုံးစွဲလေ့မရှိပေ။

ပရအာဏာလိုချင်စိတ် မြင့်မားသူများမှာ ပိုမိုရင့်ကျက်သော စိတ်ထားပိုင်ရှင်များဖြစ်တတ်သည်။ ပရအာဏာ Socialized Power ကို မြင့်မားသော ပန်းတိုင်များဖြစ်သည့် အများအကျိုး၊ အဖွဲ့အစည်းများ အကျိုးအတွက် သုံးစွဲလေ့ရှိသည်။ ပရအာဏာလိုချင်စိတ် မြင့်မားသူများသည် အများကောင်းစားရေးပန်းတိုင်သို့ ရောက်မည်ဆိုလျှင် မိမိအကျိုးစီးပွားကိုပင် စွန့်လွှတ်အနစ်နာခံတတ်ကြသည်။

ကိုအောင်ဆန်းသည် သူ၏ ဘဝတစ်လျှောက်လုံးတွင် လူအများအား လွှမ်းမိုးနိုင်ရေး နည်းမျိုးစုံလှုပ်ရှားကြိုးစားခဲ့ကြောင်း တွေ့ရသည်။ တက္ကသိုလ်တွင် တက်ရောက်စဉ်ကလည်း ခေါင်းဆောင်လိုစိတ် ပြင်းပြသော ကျောင်းသားတစ်ဦးဖြစ်ခဲ့သည်။ ကျွန်မဖြစ်လိုသည့်အတွက် အဖွဲ့ဝင်တိုင်း၏နာမည်တွင် သခင်ရှေ့က တပ်ထားသည့် တို့ဗမာအစည်းအရုံးသို့လည်း ကိုအောင်ဆန်း ဝင်ရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောကြောင့် အင်္ဂလိပ်အကျပ်တွေ့ချိန်တွင် အင်္ဂလိပ်အခက်၊ ဗမာ့အချက်အဖြစ် လွတ်လပ်ရေးကြိုးပမ်းရန် မျိုးချစ်များ ပူးပေါင်းဖွဲ့စည်းသည့် ဗမာ့ထွက်ရပ်ဂိုဏ်းတွင်လည်း သခင်အောင်ဆန်း အထွေထွေအတွင်းရေးမှူးဖြစ်လာခဲ့သည်။ အင်္ဂလိပ်ကို မည်သို့တော်လှန်မည်နည်းဟု ကြံဆစဉ်းစားခဲ့သူများတွင် ကိုအောင်ဆန်း ထိပ်ဆုံးမှ ပါခဲ့သလို ပြည်ပအကူအညီ ရှာသင့်သည်ဟု ဆုံးဖြတ်ခဲ့သူများတွင်လည်း ပါခဲ့သည်။ ရဲဘော်သုံးကျိပ်ကို ဂျပန်သို့ ပညာတော်သင်ခေါ်ယူရန် စဉ်းစားဆုံးဖြတ်ခဲ့ပြီး မည်သို့မည်ပုံခေါ်ဆောင်ရမည်ကို စဉ်းစားကြံဆကာ လက်တွေ့လုပ်ဆောင်ခဲ့သည်။ ကိုလိုနီခေတ်အလွန် ခေတ်သစ် မြန်မာ နိုင်ငံဖြစ်လာရန် အရေးကြီးသည့်ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကိုအောင်ဆန်းသည် ဦးဆောင်အခန်းကဏ္ဍမှ အမြဲပါဝင်ခဲ့သလို သူ၏အတွေးအကြံများကိုလည်း အမြဲလိုလို ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်ဦးတစ်ယောက်ချင်း တွေ့ဆုံရာတွင်လည်း ပြောဟောသလို လူအစုအဝေး၊ ပရိသတ်သိန်း



သောင်းရှေ့တွင်လည်း ဟောပြောသည်။ တို့ဗမာ အစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ တပ်မတော်၊ ဖဆပလ စသည့် မြန်မာ့အနာဂတ် အတွက် အရေးကြီးသည့် အဖွဲ့အစည်းတိုင်းတွင် အရေးကြီးသောနေရာမှ ဗိုလ်ချုပ် ပါဝင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းတွင် ဩဇာအာဏာရှိလာသောကြောင့်သာ မြန်မာ့လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်ရာတွင် ထိရောက်စွာ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် သူအပတ်တကုတ် ကြိုးစားခဲ့သော ဩဇာအာဏာသည် Personalized Power မဟုတ်ကြောင်း အထူးပြောရန်မလိုပါ။ ထိုသို့ချီတက်နိုင်ရေးအတွက် ကိုအောင်ဆန်းဘဝ၊ သခင်အောင်ဆန်းဘဝ၊ ဗိုလ်ချုပ်အောင်ဆန်းဘဝ၊ ဦးအောင်ဆန်းဘဝ ထိုဘဝအသီးသီးတွင် မိမိကိုယ်ကိုယ် များစွာစတေးခဲ့ရသည်။ တို့ဗမာအစည်းအရုံးမှ သခင်များသည် နိုင်ငံအတွက် အပင်ပန်း အဆင်းရဲခံခဲ့ရကြသူချည်းဖြစ်သော်လည်း ထိုအထဲတွင်ပင် သခင်အောင်ဆန်းသည် အပင်ပန်းအဆင်းရဲဒဏ် အခံနိုင်ဆုံးဖြစ်သည်။ ထမင်းနပ်မှန်အောင် မစားခဲ့ရသော်လည်း မစားရသည့်အတွက် လုံးဝ မညည်းညူခဲ့ဟု သူ၏ ရဲဘော်ရဲဘက်များက မှတ်တမ်းတင်ထားခဲ့သည်။ ရဲဘော်သုံးကျိပ် ဂျပန်နိုင်ငံတွင် အချိန်တိုအတွင်း ဆင်းရဲပင်ပန်းစွာ ပညာသင်ကြားရာတွင်လည်း ဗိုလ်တေဇ ခေါ် ကိုအောင်ဆန်းသည် အဆင်းရဲအပင်ပန်းခံနိုင်ဆုံးသူဖြစ်ကြောင်း၊ ရဲဘော်သုံးကျိပ်၏ ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ဂျပန်ဆရာများကပင် အသိအမှတ်ပြုခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးတည်းဟူသော အများအတွက် ပန်းတိုင်သို့ လျှောက်ရာခရီးလမ်းတွင် ရှေ့ဆုံးမှ ဦးဆောင်လျှောက်လှမ်းရင်း မိမိကိုယ်ကျိုးကို အနည်းအနည်း အဖုံဖုံဖြင့် စွန့်ကာ ကြိုးပမ်းခဲ့ရာ နောက်ဆုံးတွင် အသက်ကိုပင် စွန့်လွှတ်ခဲ့ရသည်။

ဗိုလ်ချုပ်သည် ဩဇာအာဏာကို လိုချင်သူဖြစ်သည်။ သို့သော် သူလိုလားသော ဩဇာအာဏာမှာ ပုဂ္ဂလဩဇာအာဏာ Personalized Power မဟုတ်ဘဲ အများအကျိုး ပြီးမြောက်စေသည့် ပရဩဇာအာဏာ Socialized Power သာဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်များဖြစ်သည့် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီနှင့် ဖိလစ်ပိုင်အမျိုးသားခေါင်းဆောင်ကြီး ဟိုဆေးရီဇာအပါအဝင် ပြည်သူချစ်သော ခေါင်းဆောင်တို့၏ ဩဇာအာဏာသည်လည်း Socialized Power သာဖြစ်ပြီး ထိုသူများ၏ ဩဇာသည် လူအများ၏စိတ်တွင် ကာလကြာရှည်စွာတည်တံ့နေမည်ဖြစ်သည်။

The Voice Weekly Vol 6-No.22

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်အနိမ့်အမြင့်ကို ဖြတ်ထိုးဉာဏ်ရှင်မရှင်၊ ဟာသဉာဏ်ရှင် မရှင်ဖြင့် ဆုံးဖြတ်နိုင်သည်။ ပိုလ်ချုပ်အောင်ဆန်း ဉာဏ်ရည်မြင့်မားကာ တက္ခဏုပ္ပတ္တိဉာဏ်ရှင်ပုံကို ဖက်ဆစ်တော်လှန်ရေးဆင်နွှဲစဉ် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဆလင်းနှင့် ပထမဦးဆုံးအကြိမ် တွေ့ရန်သွားစဉ် အပြန်အလှန်စကားပြောခြင်းက သက်သေထူသည်။

# ဉာဏ်ရည်မြင့်မြင့်ဗိုလ်ချုပ်

ခေါင်းဆောင်မှုနှင့်ဉာဏ်ရည်သည် တိုက်ရိုက်ဆက်စပ်နေကြောင်း ရှေးခေတ်ကပင် သိရှိခဲ့ကြသည်။ သမိုင်းအထောက်အထားများအရ ခေါင်းဆောင်မှုနှင့် ဉာဏ်ရည်၏ ဆက်စပ်မှုကို တရားဝင်အသိအမှတ်ပြုခဲ့သည်မှာ ရှေးတရုတ်နိုင်ငံတွင် ၁၁၁၅ ဘီစီက (လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်က) ပင်ဖြစ်သည်။ တရုတ်မင်းဆက် အဆက်ဆက်တွင် အစိုးရဌာနများအတွက် အဓိကကျသောခေါင်းဆောင်များကို ရွေးချယ်ရာတွင် ပြည်သူများအား စံသတ်မှတ်ထားသော စာမေးပွဲများဖြေဆိုစေပြီး ဆုံးဖြတ်ခဲ့သည်။

ဉာဏ်ရည်နှင့် ခေါင်းဆောင်မှုဆက်စပ်ကြောင်းကို လူအများ သိနားလည်ကြသောကြောင့် ဉာဏ်ရည်နိမ့်သော ခေါင်းဆောင်နောက်သို့ မည်သူမျှမလိုက်လိုကြ။ ခေါင်းဆောင်၏ အရည်အသွေးသည် သူ့ဆုံးဖြတ်ချက်၏ အရည်အသွေးပေါ်မူတည်သည်။ ခေါင်းဆောင်သည် ဆုံးဖြတ်ရာတွင် အခြားသူများနှင့်မတူဘဲ သူ့အတွက်သာမက မိမိအဖွဲ့အစည်း၊ မိမိအဖွဲ့သားများအတွက်ပါ ဆုံးဖြတ်ချက်ချရသောကြောင့် သူ၏ ဉာဏ်ရည်အနိမ့်အမြင့်သည် သူ၏ဆုံးဖြတ်ချက်အပေါ် သက်ရောက်မည်ဖြစ်ပြီး အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး၏ အကောင်းအဆိုးလားရာကို ဖန်တီးမည်ဖြစ်သည်။ ထို့ကြောင့် ခေါင်းဆောင်တို့၏ ဆုံးဖြတ်ချက်များ အရည်အသွေး မြင့်မားရန်လိုသည်။ ဆုံးဖြတ်ချက်များ အရည်အသွေးမြင့်မားရန် ခေါင်းဆောင်၏ ဉာဏ်ရည်မြင့်မားဖို့လိုသည်။

သို့သော် ဉာဏ်ရည်ကို ဘယ်လိုဖြည့်မလဲ။ ဉာဏ်ရည်ဆိုသည်မှာ မွေးရာပါဉာဏ်ရည်နှင့် သင်ယူဉာဏ်ရည်ဟု နှစ်မျိုးရှိသည်။ မွေးရာပါ ဉာဏ်ရည် Innate Intelligence မှာ မွေးကတည်းကပါလာသောကြောင့် ပြင်မရ။ ထို့ကြောင့် ဉာဏ်ရည်မြင့်လိုလျှင် သင်ယူဉာဏ်ရည်ကို ဖြည့်ဆည်းရမည်။ ဉာဏ်ရည်သည် ဖြည့်ဆည်းရန်ခက်ခဲသော အရာဖြစ်ပြီး ဘဝတစ်လျှောက်လုံး လေ့လာသင်ယူနေခြင်းဖြင့်သာ တိုးတက်နိုင်သည်။ စာဖတ်ခြင်းသည် အခြားသူများထံမှ ဦးနှောက်ကို ဖွဲ့ယူခြင်းဖြစ်ရာ ဉာဏ်ရည်တိုးစေရန် အကောင်းဆုံးနည်းတစ်နည်းဖြစ်သည်။ စာဖတ်ခြင်းဖြင့် မရောက်ဖူးသော နေရာများသို့ ရောက်မည်၊ မကြားဖူးသော အရာများကို ကြားမည်၊ မစဉ်းစားဖူးသောအရာများကို စဉ်းစားမိမည်။ မသိသေးသောအသိပညာများတိုးလာမည်။ တစ်နေ့ နာရီဝက် အာရုံစူးစိုက်ကာ စာဖတ်လျှင်ပင် တစ်နှစ်လျှင် ၁၈၂နာရီ လေ့လာသင်ယူပြီးသားဖြစ်မည်။

ကိုအောင်ဆန်းသည် စာပေဝါသနာအိုးဖြစ်ကာ အမြဲမပြတ် စာဖတ်သူဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးကြီးအတွင်းတွင်ပင် စာဖတ်မပျက်ဘဲ အိမ်သာထဲသွားလျှင်ပင် စာအုပ်ယူသွားကာ ဖတ်လေ့ရှိသူဟု နာမည်ကြီးသည်။ သူသည် စာဖတ်ရုံမက စာအုပ်ပါအကြောင်းအရာများကို စဉ်းစားကာ အပြန်အလှန် ချိန်ထိုးကြည့်သည်။ ပြီးလျှင် အခြားသူများကိုပါ ပြောဟောသည်။ ထိုသို့ အထက်တန်းကျောင်းသားဘဝမှစကာ အမြဲမပြတ်ဖတ်ရှု၊ တွေးတော၊ ပြောဟောငြင်းခုံခြင်းဖြင့် ကိုအောင်ဆန်း၏ ဉာဏ်ရည်သည်လည်း တစ်နေ့တခြား တိုးတက်လာခဲ့သည်။

ဉာဏ်ရည်အနိမ့်အမြင့်ကို ဖြတ်ထိုးဉာဏ်ရှင်မရှင်၊ ဟာသဉာဏ်ရှင် မရှင်ဖြင့် ဆုံးဖြတ်နိုင်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဉာဏ်ရည်မြင့်မားကာ တခ်ဏာပွတ္တိဉာဏ်ရှင်ပုံကို ဖက်ဆစ်တော်လှန်ရေးဆင်နွှဲစဉ် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး ဆလင်းနှင့် ပထမဦးဆုံးအကြိမ်တွေ့ရန်သွားစဉ် အပြန်အလှန်စကားပြောခြင်းက သက်သေထူသည်။ ဗိုလ်ချုပ်သည် ဆလင်းနှင့် စကားပြောစဉ်တွင် ဟာသဉာဏ်ပါပါနှင့် ထိထိမိမိ ပြောဆိုနိုင်ခဲ့သည်။

*'But, I said, apart from the fact that you, a British subject, have fought against the British, I have here in this headquarters people who tell me there is a well substantiated case of civil murder, complete with*



*witnesses against you. I have been urged to place you on trial for that. You have nothing in writing, only a verbal promise at second-hand, that I would return you to your friends. Don't you think you are taking considerable risks in coming here and adopting this attitude?*

*'No,' he replied shortly.*

*'Why not?'*

*'Because you are a British officer, he answered. I had to confess that he scored heavily and what was more I believe he meant it. '( Sir William Slim, Defeat into Victory)*

*ဗြိတိသျှလက်အောက်ခံဖြစ်တဲ့ ခင်ဗျားဟာ ဗြိတိသျှကို တော်လှန်ရုံတင်မကဘူး လူသတ်မှုကိုပါ ကျူးလွန်ခဲ့တာ မျက်မြင်သက်သေတွေ စုံစုံလင်လင်ရှိကြောင်း ကျုပ်(ဆလင်း)ကို ပြောတဲ့လူတွေ ဒီဌာနချုပ်မှာရှိတယ်။ ခင်ဗျားကို တရားစွဲတင်ဖို့ ကျုပ်ကို တိုက်တွန်းကြတယ်။ ခင်ဗျားကို ခင်ဗျားမိတ်ဆွေတွေဆီ ပြန်ပို့ပါမယ်လို့ နှုတ်ကတိတစ်ဆင့် ပါးလိုက်တာပဲ ရှိတယ်၊ စာရွက်စာတမ်းနဲ့ ရေးသားပြီး အာမခံချက်ဘာမှ ခင်ဗျားမှာ မရှိဘူး။ ဒီကိုလာပြီး ဒါမျိုးပြောတာ စွန့်စားလွန်းရာကျတယ်လို့ မထင်ဘူးလား။*

*"မထင်ပါဘူး" သူချက်ချင်းပြန်ဖြေသည်။*

*"ဘာလို့လဲ"*

*"ခင်ဗျားက ဗြိတိသျှအရာရှိလေ" သူပြန်ဖြေသည်။ သူအမှတ် ကောင်းကောင်းရသွားပြီဟု ကျွန်တော် ဝန်ခံရမည်။ သူတကယ်ပြောနေတာဟုလည်း ကျွန်တော်ယုံသည်။*

ဗိုလ်ချုပ် ဉာဏ်ရည်မြင့်မားပုံကို အောက်ပါဖြစ်ရပ်တွင်လည်း တွေ့မြင်နိုင်သည်။

*'တစ်နေ့တွင် ဗမာ့ထွက်ရပ်ဂိုဏ်း အာဏာပိုင်အမှုဆောင်အစည်းအဝေးကို တက်ရောက်ရန် ကျောင်းသားသမဂ္ဂမှ သခင်ဗဟိန်း၊ တို့ဗမာအစည်းအရုံးမှ သခင်အောင်ဆန်း၊ သခင်လှဖေ (ယခု ဗိုလ်လက်ျာ) နှင့် ကျွန်တော်တို့ ဒေါက်တာ ဗမော်အိမ်သို့ သွားကြပါသည်။ အစည်းအဝေးတွင် ဗမာ့ထွက်ရပ်ဂိုဏ်း ဝါဒစည်းမျဉ်းနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရန် အဖွဲ့ငယ်တစ်ခု ဖွဲ့ရာတွင် ဒေါက်တာ ဗမော်က ချယ်ယာမင်။ သခင်အောင်ဆန်းက အတွင်းရေးမှူးအဖြစ် အရွေးခံရပါသည်။ အမှုဆောင်များသို့ ယင်းအဖွဲ့ငယ်၏ စည်းမျဉ်းဝါဒနှင့် လုပ်ငန်းစဉ်အကြမ်းမူကို မည်သည့်နေ့တွင်တင်ပြ*

www.burmeseclassic.com

www.burmeseclassic.com



*နိုင်မည်နည်းဟု မေးရာ ဒေါက်တာဗမော်က တနင်္ဂနွေနှစ်ပတ်အတွင်း တင်ပြမည်ဟု ဖြေသည်ကို သခင်အောင်ဆန်းက ဒီလောက်အလုပ်ကလေးကို ဒီလောက်အချိန်ယူလုပ်နေရင် ဗမာ့လွတ်လပ်ရေးကြီးသာဆိုလျှင် ၁၀ နှစ်နဲ့ ပြီးနိုင်ပါတော့မလားဟု ပြောခါ "ကဲ၊ ခင်ဗျားတို့ လက်ဖက်ရည်သောက်နေတုန်း ကျုပ်ပြီးအောင်ရေးပြီး ၂နာရီအတွင်း တင်ပြမည်" ဟုပြောကာ အခန်းထောင့်တစ်ခုသို့ ထသွားပြီး ရေးလေတော့သည်။ အားလုံးလူကြီးများမှာ အံ့အားသင့်ပြီး စောင့်နေကြရပါသည်။ ၂နာရီခန့်အကြာတွင် အင်္ဂလိပ်လိုရေးထားသော သူ၏အကြမ်းမူကို တင်ပြပါတော့သည်။ စကားလုံးအနည်းငယ်ကို ပြင်သည်မှတစ်ပါး အားလုံးသော အချက်များကို လက်ခံလိုက်ကြရပါသည်။ ဤတွင်မှ လူကြီးပိုင်းက နိုင်ငံရေးသမားများသည် သခင်အောင်ဆန်း၏ ထက်မြက်ပုံ၊ အဘက်ဘက်က အရည်အချင်းပြည့်စုံပုံများကို တီးတိုးချီးမွမ်းကြပါတော့သည်။'*

ဗိုလ်ချုပ်အောင်ဆန်း ဉာဏ်ရည်မြင့်မားပုံကိုသာ သက်သေသာဓကများ ဆက်လက်ပြလျှင် စာတစ်အုပ် သီးသန့်ရေးသားထုတ်ဝေရလိမ့်မည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ဗြိတိသျှအစိုးရကို ဆန့်ကျင်အင်အားစုရာတွင်လည်းကောင်း၊ ဂျပန်တပ်မတော်နှင့်အတူ ဘီအိုင်အေဖွဲ့ကာ မြန်မာနိုင်ငံတွင်းသို့ဝင်လာရာတွင်လည်းကောင်း၊ ဂျပန်တို့နှင့် လက်တွဲနေစဉ်အတွင်း ဖက်ဆစ်တော်လှန်ရေးအတွက် အစီအမံများချမှတ်ရာတွင်လည်းကောင်း၊ ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရာတွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှတို့အား လွတ်လပ်ရေးအရေးဆိုရာတွင်လည်းကောင်း ဗိုလ်ချုပ်၏ ဉာဏ်ရည်မြင့်မားပုံများကို တွေ့မြင်ရပေသည်။ ဘဝ တစ်လျှောက်လုံး အပတ်တကုတ် ဖြည့်ဆည်းခဲ့သော ဉာဏ်ရည်သည် ဗိုလ်ချုပ်ခေါင်းဆောင်ကောင်းဖြစ်ရေးနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအား လိုရာပန်းတိုင်သို့ ခေါ်ဆောင်နိုင်ရေးတို့တွင် ကြီးမားသောအထောက်အပံ့ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် လက်တွေ့သမား။ အလုပ်ဖြစ်နိုင်သည့် နည်းလမ်းဖြင့်
အလုပ်ဖြစ်အောင် အလုပ်လုပ်သူ Pragmatist ဖြစ်သည်။
သူသည် တရားသေဝါဒသမား Dogmatist မဟုတ်။
သေားထိုင်ဘုပြောသမား Ultra-skeptic မဟုတ်။
စိတ်ကူးယဉ်သမား Romantic မဟုတ်။

## လက်တွေ့ကျသူ ခေါင်းဆောင်

ဗိုလ်ချုပ်နှင့်ပတ်သက်လာလျှင် သူ့အားဝေဖန်သူများက သူ့ခေတ်သူ့အခါက ထုတ်လေ့ရှိသော မေးခွန်းတစ်ခုမှာ 'ဗိုလ်ချုပ်တို့ ဖက်ဆစ်ဂျပန်တွေကို ပေါင်းခဲ့သင့်သလား' တစ်နည်း 'ဖက်ဆစ်ဂျပန်တို့ အကူအညီကို ယူခဲ့သင့်သလား'ပင်ဖြစ်သည်။ ဖက်ဆစ်တို့ မြန်မာပြည်ကို လွှမ်းမိုးခဲ့သော ၁၉၄၂–၁၉၄၅ သုံးနှစ်တာကာလသည် တိုတောင်းသော်လည်း မြန်မာတို့အတွက်မူ နှစ်တစ်ရာမျှ ကြာမြင့်သည်ဟု ထင်ရလောက်အောင် ငရဲတမျှ ခံစားခဲ့ရသည့်အတွက် သခင်ကိုယ်တော်မှိုင်းကဲ့သို့ ပုဂ္ဂိုလ်ကြီးက 'အောင်ဆန်း၊ မင်းတို့ပင့်လာတဲ့ ဂျပန်ဘုရားတွေကို မင်းတို့ပဲ ပြန်ခေါ်သွားကြပါတော့'ဟု ပြောဆိုခဲ့သည်။ ထို့အပြင် အင်္ဂလိပ်တို့နှင့်ပူးပေါင်းကာ ဂျပန်တို့ကို တိုက်ထုတ်ခဲ့ပြန်သောကြောင့် မယုံကြည်ထိုက်သည့် အခွင့်အရေးသမား သာကူးများသဖွယ် ဝေဖန်ပြစ်တင်မှုများ ပြည်တွင်းရော အင်္ဂလိပ်တို့ဘက်တွင်ပါရှိခဲ့သည်။ ဂျပန်နှင့် ပေါင်းပြီး အင်္ဂလိပ်ကိုတိုက်ထုတ်ခဲ့သော်လည်း ဂျပန်အရေးမလှ အင်္ဂလိပ်တို့ အရေးသာချိန်တွင်မူ ဘက်ပြောင်းကာ အင်္ဂလိပ်နှင့် ပေါင်းခဲ့သည်ဟု စွပ်စွဲကြခြင်းဖြစ်သည်။

ဗိုလ်ချုပ်သည် လက်တွေ့ကျသော ခေါင်းဆောင် Pragmatic Leader ဖြစ်ကြောင်းသဘောပေါက်လျှင် အဆိုပါမေးခွန်းကို အလိုလိုဖြေပြီးသား ဖြစ်သွားပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ဗိုလ်ချုပ်သည် ပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းရာတွင် ပန်းတိုင်သို့ ရောက်မည့် လမ်းကြောင်းနှင့် သွားသည့်သူဖြစ်ကာ မည်သည့်လမ်းကြောင်းနှင့်မှ သွားမည်ဟု အစွဲထားသူမဟုတ်ပါ။

လက်တွေ့ကျသူဆိုသည်မှာ ပြောင်းလွယ်ပြင်လွယ်ရှိသူကို ဆိုခြင်းဖြစ်သည်။ ပြောင်းလွယ်ပြင်လွယ်ရှိသည်ဆိုခြင်းမှာ ရည်မှန်းချက်ကို ပြောင်းခြင်းမဟုတ်။ လုပ်နည်းလုပ်ဟန်ကို ဖြစ်သည်။ ချမ်းသာရင်ပြီးရော ဘနဖူးသိုက်တူးမည်ဟု ဆိုလိုသည် မဟုတ်ပါ။ အင်္ဂလိပ်ဘာသာဖြင့် Pragmatist ဟုခေါ်သည့် လက်တွေ့သမားများအား ယင်းတို့ကို ဝေဖန်သူများက မူမရှိသူများ၊ လေယူရာယိမ်းသူများဟု ပြောတတ်ကြသည်။ သို့သော် ထိုလက်တွေ့သမားများသည် ရည်မှန်းချက်ပန်းတိုင် Goal ကိုမူ အပျောက်မခံသူများဖြစ်ကြသည်။

ဗိုလ်ချုပ်၏ ပန်းတိုင်မှာ အင်္ဂလိပ်တို့လက်အောက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးဖြစ်သည်။ ထိုလွတ်လပ်ရေးကိုရရန်အတွက် ပြည်ပအဆက်အသွယ်ရှာရန် ဗိုလ်ချုပ်တို့ တရုတ်သို့ ထွက်အသွား ဂျပန်တို့နှင့် ချိတ်မိကာ ဂျပန်ပြည်ရောက်ပြီး ရဲဘော်သုံးကျိပ်ကို စစ်ပညာသင်ရန် ခေါ်ထုတ်နိုင်ခဲ့သည်။ ဂျပန်တို့နှင့်အတူ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့ကာ မြန်မာပြည်တွင်းသို့ ဝင်လာပြီး ဂျပန်တို့ ဖောက်ပြန်လာချိန်တွင် အချိန်အခါကိုစောင့်ပြီး တိုက်ထုတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်ကိုတိုက်ရန် အင်္ဂလိပ်နှင့် ပေါင်းခြင်းမှာလည်း မြန်မာ့လွတ်လပ်ရေးအတွက်ပင်ဖြစ်သည်။ အင်္ဂလိပ်နှင့် ပေါင်းခြင်းသည်လည်းကောင်း၊ ဂျပန်နှင့်ပေါင်းခြင်းသည်လည်းကောင်း ဗိုလ်ချုပ်အတွက် နည်းလမ်းများသာဖြစ်သည်။

ထိုသို့သော အကြောင်းတို့ကြောင့် ဗိုလ်ချုပ်သည် သစ္စာမဲ့သူ၊ သာရာစီးသမားဟု ဆိုမည်လား။

ဗိုလ်ချုပ်ထားသော သစ္စာမှာ အင်္ဂလိပ်နယ်ချဲ့ကိုလည်းမဟုတ်၊ ဖက်ဆစ်ဂျပန်ကိုလည်းမဟုတ်ပါ။ မိမိ၏မြန်မာပြည်လွတ်လပ်ရေးကိုသာ ဗိုလ်ချုပ်ဦးထိပ်ထားသည်။ တိုင်းသူပြည်သားများကိုသာ ဗိုလ်ချုပ်မြတ်နိုးသည်။ ထို့ကြောင့် ဗိုလ်ချုပ်သည် သစ္စာမဲ့သူ မဟုတ်ပါ။ သစ္စာကြီးသူသာလျှင် ဖြစ်သည်။

ဗိုလ်ချုပ်သည် လွတ်လပ်ရေးတည်းဟူသော ပန်းတိုင်သို့ အရောက်လှမ်းရာတွင် ဂျပန့်အကူအညီရယူခြင်းတည်းဟူသော နည်းလမ်းကို သုံးစွဲခဲ့သလို မဟာမိတ်တပ်များနှင့် ပေါင်းကာ ဂျပန်ကိုတိုက်ထုတ်ခြင်းတည်းဟူသော နည်းလမ်းကိုလည်း သုံးစွဲခဲ့လေသည်။ ယင်းကိုပင် လက်တွေ့ကျသည်ဟု ဆိုခြင်းဖြစ်သည်။



## တိန့်ရှောင်ဖိန်နှင့် ပန်းတိုင်၊ နည်းလမ်း

**ပန်းတိုင်နှင့် နည်းလမ်း** ကိစ္စတွင် အလွယ်တကူ လက်ညှိုးထိုးပြနိုင်သည့် နိုင်ငံရပ်ခြားမှ အကောင်းဆုံးဥပမာမှာ ကွယ်လွန်သူတရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ဖြစ်သည်။ လက်တွေ့သမား တိန့်ရှောင်ဖိန်သည် ကွန်မြူနစ်ပါတီကိုတည်ထောင်စဉ် အခက်အခဲအကြမ်းတမ်းဆုံးသော အချိန်ကာလများကတည်းက ပါဝင်ခဲ့သူဖြစ်သောကြောင့် ကွန်မြူနစ်ပါတီကို အချစ်ဆုံးဟု ဆိုသောသူများနှင့် ယှဉ်ချစ်နိုင်သည်။ သို့သော် အမျိုးသားရေးဝါဒီ ကွန်မြူနစ်တစ်ယောက်ဖြစ်သည့် တိန့်ရှောင်ဖိန်သည် ကွန်မြူနစ်စနစ်ထက်စာလျှင် အဖတရုတ်နိုင်ငံကို ပိုချစ်သည်။ သူ့အတွက် ကွန်မြူနစ်စီးပွားရေးဝါဒသည် လမ်းဆုံးမဟုတ်ပါ။ တရုတ်နိုင်ငံကြီးပွားရေး ပန်းတိုင်သို့ ရောက်ရန်လျှောက်လှမ်းရမည့် လမ်းတစ်ခုအဖြစ်သာ သတ်မှတ်ခဲ့သည်။

ထိုလမ်းအလုပ်မဖြစ်သောအခါ တရုတ်နိုင်ငံ ကြီးပွားတိုးတက်ရေး ဆိုရှယ်လစ်ပန်းတိုင်သို့ ရောက်အောင် ချီတက်ရေးတွင် ဆိုရှယ်လစ်စနစ်က မကောင်းဆိုးဝါးဟု သတ်မှတ်ထားသည့် အရင်းရှင်စီးပွားရေးစနစ်မှ နည်းလမ်းအချို့ကို ထုတ်ယူသုံးစွဲခဲ့သည့်အတွက် သူ၏ပါတီတွင်းပြိုင်ဘက်များက တရုတ်နိုင်ငံအား မူလလမ်းကြောင်းကို ပြောင်းပြန် ပြန်လျှောက်ရန် ဆွဲခေါ်သည်ဟု စွပ်စွဲခံခဲ့ရသည့်အချိန် တိန့်ရှောင်ဖိန်က ပြန်လည်ချေပသည့် **'ကြောင်ဖြူဖြူ မည်းမည်း ကြွက်ခုပ်ဖို့ အရေးကြီးတယ်'** စကားမှာ ကမ္ဘာကျော်စကားတစ်ခွန်း ဖြစ်သွားခဲ့သည်။ သူ၏လုပ်ဖော်ကိုင်ဖက်များ၊ ပါတီဝင်များသည် ဘဝတစ်ခုလုံး မြှုပ်နှံအရင်းရှင်စနစ်ကိုချေမှုန်းကာ ဆိုရှယ်လစ်ပန်းတိုင်ရောက်ရေး ကြိုးပမ်းလာခဲ့ရာမှ နောက်ဆုံးတွင် သူတို့မျက်စိရှေ့၌ပင် အရင်းရှင်စနစ် ပြန်လည်ဖွားမြင်လာမည် စိုးရွံ့နေသည်ကို တိန့်ရှောင်ဖိန်က သိရှိသောကြောင့် ဖျောင်းဖျခဲ့သော စကားလုံးသည်လည်း ကမ္ဘာကျော်သွားခဲ့ပြန်သည်။ ထိုသို့ တိန့်ရှောင်ဖိန် ဖျောင်းဖျခဲ့သော Socialism with Chinese Characteristics 'တရုတ်နည်းကျ ဆိုရှယ်လစ်ဝါဒ' အမြင်သည်လည်း **ပန်းတိုင်နှင့် နည်းလမ်း**ကို ခွဲပြခြင်းဖြစ်သည်။ တစ်ချိန်က တိုက်ဖျက်ခဲ့သော ဈေးကွက်စီးပွားရေးစနစ်ကို နည်းလမ်း Means အဖြစ်သုံးစွဲကာ ပန်းတိုင် Ends သို့ ဆက်လက်ချီတက်မည်ဟု ကြေညာလိုက်ခြင်းဖြစ်သည်။

ယနေ့ တရုတ်နိုင်ငံနှင့် လွန်ခဲ့သော နှစ်၃၀ တရုတ်နိုင်ငံကို ယှဉ်ကြည့်ပါက မမှတ်မိလောက်အောင် အကောင်းဘက်သို့ ပြောင်းလဲသွားပြီဖြစ်သည်။ လက်တွေ့ကျသော ခေါင်းဆောင်တစ်ယောက်ကြောင့် တရုတ်နိုင်ငံသား သန်း၂၀၀ကျော်ကို ဖွတ်ကျေးပြာစု

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှ နှစ် ၃၀အတွင်း ကယ်ထုတ်နိုင်ခဲ့ကာ ကမ္ဘာတွင် အအောင်မြင်ဆုံး ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး စီမံကိန်းကြီးဖြစ်လာခဲ့သည်။ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံအဆင့်သို့ မဝေးတော့သော အနာဂတ်တွင်ရောက်ရှိမည်ဟု ပညာရှင်များက တစ်ခဲနက် ခန့်မှန်းခြင်း ကို ခံလာရသည်။

## လက်တွေ့သမား ဗိုလ်ချုပ်

လူသည် အမြဲပြောင်းလဲနေသည်ဟူသော သဘောတရားကို လက်ကိုင်ထား သည့်အတွက် ဗိုလ်ချုပ်သည် လက်တွေ့သမားဖြစ်ပြီး တရားသေသမားမဟုတ်ကြောင်း သူ၏ ကိုယ်တိုင်ရေးသားချက်တွင် တွေ့ရသည်။

'လူတစ်ယောက်၏သက်တမ်းတွင် အစပထမ သိမြင်လာသော စိတ်နေစိတ်ထား ဝါဒတို့သည် အမှန်ချည်းမဟုတ်။ ပြုပြင်ပြောင်းလဲရမည်သာတည်း။

ယနေ့အယူအဆနှင့် မနက်ဖြန်အယူအဆတို့မှာ တူချင်မှ တူပေမည်။ အမှန်ကား လူတစ်ဦး၏ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒ ပြောင်းလဲခြင်းများကို တွေ့ရသောအခါ ထိုလူသည် သမာဓိမတည်၊ ရှေ့နောက်မညီဟု ထင်မှတ်မှားလေသည်။ သမာဓိမတည် ခြင်းသည် ကိုယ်ကျင့်တရား ဖောက်လွှဲဖောက်ပြန်ခြင်းပင်တည်း။ ဝါဒပြောင်းမှုမှာ ဉာဏ် အမြင်၏ပြောင်းလဲမှုကြောင့် သမာဓိမတည်ခြင်းမဟုတ်ပေ၊ တစ်နည်းတိုးတက်ခြင်း ပေတည်း။' ( ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)

ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးချစ်စိတ်ပြင်းထန်သော်လည်း မျက်ကန်းမျိုးချစ် မဟုတ်ဘဲ လက်တွေ့ကျသူဖြစ်ကြောင်းကို ဗြိတိသျှဗိုလ်ချုပ်ကြီးဆလင်းက တွေ့တွေ့ ချင်း အကဲခတ်နိုင်ခဲ့ပြီး ထိုအကြောင်းကို ယင်း၏ Defeat into Victory စာအုပ်တွင် ယခုကဲ့သို့ ရေးသားထားခဲ့သည်။

'I was impressed by Aung San. He was not the ambitious, unscrupulous guerrilla leader I had expected. … I judged him to be a genuine patriot and and a well-balanced realist characters- which are not always combined.'

'ကျွန်တော် အောင်ဆန်းကို အထင်ကြီးသွားသည်။ ကျွန်တော် မျှော်လင့်ထား သလို ရည်မှန်းချက်ကြီးကြီး ပြောက်ကျားခေါင်းဆောင်မဟုတ်။ ... သူသည် တကယ့် မျိုးချစ်ပုဂ္ဂိုလ်ဖြစ်သလို အမှန်ကိုမြင် လက်တွေ့ကျသည့် တစ်ဖက်စွန်းမရောက် မျှမျှတတ ရှိသူလည်း ဖြစ်သည်။ မျိုးချစ်ခြင်းနှင့် လက်တွေ့ကျခြင်းတို့သည် အမြဲယှဉ်တွဲတွေ့ရ လေ့မရှိသည့် စရိုက်များဖြစ်သည်။'



ခေတ်ဆိုသည်မှာ အချိန်နှင့်အမျှ ပြောင်းလဲနေသဖြင့် ခေါင်းဆောင်သည် ပြောင်း လွယ်ပြင်လွယ် Flexibleဖြစ်ရမည်၊ မဖြစ်လျှင် ခေတ်နှင့်အမီ မလိုက်နိုင်ဘဲ ကျန်ခဲ့မည်၊ ကျရှုံးမည်။ ရည်မှန်းချက် Ends ကို ပြောင်းလဲရမည်လား။ မဟုတ်ပါ။ ထိုသို့ပြောင်း သောသူ၊ ပြောင်းသော အဖွဲ့အစည်းသည် ဖွဲ၊ သန္နိဋ္ဌာန်မရှိသဖြင့် မည်သည့်အခါမျှ အောင်မြင်မည်မဟုတ်ပါ။ ပြောင်းလွယ်ပြင်လွယ် ဖြစ်ရမည်ဆိုသည်မှာ Meansကိုသာ ဆိုလိုခြင်းဖြစ်သည်။ ပန်းတိုင်သို့ချီတက်မည့်နည်းလမ်း Means ကို စိတ်တွင် တွေး ကြံကာ ရနိုင်သမျှအကောင်းဆုံးနည်းကို သုံးစွဲရမည်။ Ends ကိုမူ ခိုင်မာစေသထက် ခိုင်မာစေရမည်။ အင်္ဂလိပ်လိုပြောရလျှင် Rigid Ends, Flexible Means ။ ခိုင်မာ သောပန်းတိုင်၊ ပြောင်းလဲပြင်လွယ်နည်းလမ်း။

ဗိုလ်ချုပ်သည် လက်တွေ့သမား၊ အလုပ်ဖြစ်နိုင်သည့် နည်းလမ်းဖြင့် အလုပ်ဖြစ် အောင် အလုပ်လုပ်သူ Pragmatist ဖြစ်သည်။ သူသည် တရားသေဝါဒသမား Dogmatistမဟုတ်။ ဘေးထိုင်ဘုပြောသမား Ultra-skepticမဟုတ်။ စိတ်ကူးယဉ် သမား Romantic မဟုတ်။ သူသည် နိုင်ငံအတွက် ဘာအရေးကြီးသလဲဆိုသည့် မေးခွန်း၏အဖြေကို သိသူဖြစ်သည်။ **ပန်းတိုင်နှင့် နည်းလမ်းကို** ခွဲခြားသိသော ဗိုလ်ချုပ်ဦးဆောင်ခဲ့သည့် မြန်မာနိုင်ငံကား လွတ်လပ်ရေးပန်းတိုင်သို့ အောင်မြင်စွာ ချီတက်နိုင်ခဲ့သည်။

ဖက်ဆစ်ဂျပန်တို့သည်လည်းကောင်း၊ အင်္ဂလိပ်တို့သည် လည်းကောင်း မြန်မာ့ လွတ်လပ်ရေးအရယူရေးတွင် Meansဖြစ်သည်။ စံပြုထိုက်သော Meansဖြစ်ချင်မှ ဖြစ်မည်ဖြစ်သော်လည်း Ends မဟုတ်ပါ။ သို့ရာတွင် Endsရှိရာသို့ ပို့ဆောင်ပေးမည့် အခြား Means များ မရှိချိန်တွင် ပေါ်ပေါက်လာသည့် Means တို့ ဖြစ်ပါသည်။ လက်တွေ့သမား ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိရေးခရီးလမ်းကို လျှောက် လှမ်းရာတွင် ပန်းတိုင်နှင့် နည်းလမ်းကို ကောင်းစွာ ခွဲခြားသိမြင်သူဖြစ်သည့်အတွက် ဆုံးဖြတ်ချက် မှန်မှန်ကန်ကန် ချမှတ်နိုင်ခဲ့သည်။

The Voice Weekly Vol 6-No.25

www.burmeseclassic.com

www.burmeseclassic.com



သာတူညီမျှသဘောထားသည့် ဗိုလ်ချုပ်အောင်ဆန်းနောက်သို့ သူ၏ မူဝါဒအား ဥဏ်မမီလျှင်၊ နားမလည်လျှင်ပင်၊ သဘောမတူလျှင်ပင် ထက်ကြပ်မကွာ လိုက်လိုသူ အများအပြားရှိနေခြင်းမှာ မဆန်းပေ။

# မျှမျှတတ စိတ်ထားရှင်

တရားမျှတခြင်း Fair-mindedness သည် ခေါင်းဆောင်ကောင်းများ၏ မှတ်ကျောက်ဖြစ်ပြီး လူအများက သူတို့ခေါင်းဆောင်ထံတွင်ရှိစေလိုသော စရိုက်လက္ခဏာများတွင် ထိပ်ဆုံး၌တည်ရှိနေသည်။

တရားမျှတသော ခေါင်းဆောင်တို့ကို လူအများက ကြည်ညိုကြပြီး သူ၏နောက်သို့မဆုတ်မနစ်တမ်း လိုက်လိုကြသည်၊ လိုက်ဝံ့ကြသည်။ မကောင်းမှုဒုစရိုက်လုပ်ငန်းဖြစ်သော ဓားပြတိုက်ရာတွင်ပင် တရားမျှတစွာနှင့် တိုက်ရာပါပစ္စည်းများကို နောက်လိုက်များအား သာတူညီမျှခွဲဝေပေးသော ဓားပြခေါင်းဆောင်အား နောက်လိုက်ဓားပြများက လေးစားပြီး သူ့ကိုယ်စား ပြစ်ဒဏ်ကျခံပေမည်။ တရားမျှတခြင်းမရှိသော ခေါင်းဆောင်၏နောက်သို့ မလွှဲသာ၍သာ လိုက်နေရသော်လည်း အခွင့်အရေးရသည်နှင့် ရှောင်ထွက်ပြေးသွားကြပေလိမ့်မည်ဖြစ်ပြီး နောက်လှည့်ကြည့်သည်နှင့် တစ်ယောက်မျှ မကျန်တော့သည်ကိုသာ မြင်ရပေလိမ့်မည်။

ဗိုလ်ချုပ်သည် ယယ်သားများနှင့် ရဲဘော်ရဲဘက်များအပေါ် အလွန်တရားမျှတသူဖြစ်ကြောင်း ဒေါက်တာမောင်မောင်ရေးသားခဲ့သည့် *မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း* စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရဲဘော်များကို ဗိုလ်တေဇ၊ ဗိုလ်နေဝင်းတို့ အထူးဂရုစိုက်ကြသည်။ မြို့ဝင်လျှင် စည့်ခံကြိုဆိုသူများက ခေါင်းဆောင်များကိုသာ အထူးကျွေးမွေး၍ ရဲဘော်များကို ဂရုမစိုက်ဘဲနေကြလျှင် မကြိုက်။ တစ်ခါ ဆင်ဖြူကျွန်းတွင် ဗိုလ်တေဇအား မြို့မျက်နှာဖုံး လူကြီးများက ကြိုဆိုဧည့်ခံကြသည်။ ကျွေးမွေးတာက အလျှံပယ်။ သို့ရာတွင် ဗိုလ်တေဇက သူ့ရဲဘော်များကိုကော ကျွေးမွေးရဲ့လားဟု မေးကြည့်ရာ မကျွေးဟု ကြားရသဖြင့် အထူးဒေါ်ထခဲ့သည်။'

ထိုသို့ သာတူညီမျှသဘောထားသည့် ဗိုလ်ချုပ်အောင်ဆန်းနောက်သို့ သူ၏ မူဝါဒအား ဉာဏ်မမီလျှင်၊ နားမလည်လျှင်ပင်၊ သဘောမတူလျှင်ပင် ထက်ကြပ်မကွာ လိုက်လိုသူ အများအပြားရှိနေခြင်းမှာ မဆန်းပေ။

ငယ်သားများအပေါ် ဂရုတစိုက်တန်ဖိုးထားပုံကို အောက်ပါအဖြစ်အပျက်တွင်လည်း တွေ့မြင်နိုင်သည်။

"ရဲဘော်တွေကို ဗိုလ်ချုပ်က ဘယ်လိုများ တန်ဖိုးထားပြီး ဆက်ဆံသလဲကွာ၊ မင်းကိုယ်တွေ့ပြောစမ်းပါ" ဟု မေးခွန်းထုတ်၏။

'တစ်ခါက သူ့ဆွေမျိုးမကင်း အမျိုးသမီးကို သူ့အိမ်စောင့် ရဲဘော်ကလေးက စာပေးသကဲ့။ ဒီတော့ စိတ်ဆိုးပြီး ဗိုလ်ချုပ်သွားတိုင်တာပေါ့။ ကျွန်တော်လည်း စောင့်ကြည့်နေတယ်၊ ဗိုလ်ချုပ် ဘာလုပ်မလဲလို့။ နောက်တော့–ရဲဘော်က စာပေးတယ်ဆိုတာ ဂုဏ်ယူစရာကြီးဟ၊ လူတစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်လောက် တိုင်းပြည်ကိုချစ်ပြီး အသက်စွန့်တဲ့ ရဲဘော် အလုပ်လုပ်တာ။ ဒီလူတွေမှာ ရှေ့ကိုဝမ်းသာဖို့ မျှော်လင့်ချက်လည်း မထားနိုင်ဘူး။ သေမင်းကို သစ္စာခံရတဲ့ အလုပ်ကိုလုပ်ရဲတာ သူ့ရဲကောင်းကွဲ့။ သူ့ရဲကောင်းရဲ့အချစ်ကို ခံရတယ်ဆိုတာ ဂုဏ်ယူစရာကြီးလို့ ပြောလိုက်တယ်။' (မြဝတီမဂ္ဂဇင်း အတွဲ ၉၊ အမှတ်၅– 'ဗိုလ်ချုပ်ဆုံးဖြတ်သော ရဲဘော်တန်ဖိုး' ဆောင်းပါးမှ)

ကိုယ်ရေးကိုယ်တာဖြစ်ပြီး လူ့သဘာဝတစ်ရပ်ဖြစ်သော အိမ်ထောင်ပြုရာတွင်ပင် ရဲဘော်များ၏ သဘောထားကို သိလိုသည်အထိ သူ၏ရဲဘော်များအား အလေးဂရုထားသူ ဖြစ်သည်။ နိုင်ငံ့အရေး ဦးစားပေးကာ တိုက်ပွဲဝင်နေရသည့်အချိန်တွင် အားလုံးက အားထားရသော ခေါင်းဆောင်ဖြစ်သည့်မိမိ အိမ်ထောင်ပြုလိုက်သဖြင့် မိမိရဲဘော်များအမြင်တွင် မည်သို့ရှိမည်ကို သိလိုသည်။

"ဒါထက် နေစမ်းပါဦးကွ၊ အဲဒီတုန်းက ငါပြုန်းခနဲ မိန်းမယူလိုက်တော့ တပ်ထဲက ရဲဘော်တွေ စိတ်ထဲမှာ ဘယ်လိုဖြစ်ကြသလဲ" ဟု ဗိုလ်ချုပ်သည် သူ့စိတ်ထဲ သိချင်



သလောက် မေးခွင့်မရခဲ့သော မေးခွန်းကို မေးလိုက်လေသည်။

"ဟာ... ဘာဖြစ်ရမလဲ– ငါတို့ ဗိုလ်ချုပ်တော့ သွားပြီ။ မိန်းမရတယ်ဆိုရင်ပဲ တို့ရဲဘော်တွေ သိပ်ပြီးဂရုစိုက်တော့မှာမဟုတ်ဘူး။ အဲသည်လို ရဲဘော်တိုင်းလိုလို တွေးမိပြီး ဝမ်းနည်းကြတာပေါ့။ တချို့ရဲဘော်ဆိုရင် မျက်ရည်တောင်ကျတာပေါ့ ဗိုလ်ချုပ်" ဟု ကျွန်ုပ်၏ဘေးမှ (ထိုစဉ်က ဗိုလ်ရန်နိုင်၏ တပ်ရင်း ၂ မှ) ဗိုလ်မင်းလွင်က ဖြေလိုက်ရာ–

"ဟေ ဟုတ်လား" ဟုသာ ဆိုပြီး ဗိုလ်ချုပ်သည် ဘာမျှမပြောတော့ဘဲ စတေရှင်ဝက်ဂွန်း မော်တော်ကားပြတင်းမှ လမ်းဘေးရှိ တောင်ကမ်းပါးယံကြီးများဆီသို့ ငေးမျှော်ကြည့်နေလေသည်။" (ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ)

ဗိုလ်ချုပ်၏ သာတူညီမျှစိတ်ရှိပုံကို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာ ရေးသားထားချက်မှာ ထိမိလွန်းလှသဖြင့် အတန်ငယ်ရှည်လျားသော်လည်း မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

'ဆိုင်းသံဗုံသံတို့ ဆူညံနေသော သီတင်းကျွတ်ပွဲတော်သို့ ဆိုက်ရောက်ခဲ့သည်...။ ဗိုလ်ရဲထွတ်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်မင်းရောင် အစရှိ၍ ကျွန်တော်တို့ပါ ကန်တော့စရာလက်ဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်– ယခု ပျဉ်းမနားမြို့ ရှမ်းကန်အနောက်မြောက်ထောင့်သို့ နံနက်စောစော ဝင်သွားတော့သည်။ သူက ဆိုဖာပေါ်တွင် စာအုပ်တစ်အုပ်ကို အခန့်သားဖတ်နေ၏။ ကျွန်တော်တို့က သူ့ကို တန်းစီအလေးပြုလိုက်ကြသည်။ သူကဖတ်နေသော စာအုပ်ကို အသာဘေးဖယ်လိုက်ပြီးနောက် ကျွန်တော်တို့တွေကို ရှုးရှူးဝါးဝါးကြီး မျက်နှာထားတင်းတင်းနှင့် ကြည့်နေပါတော့၏။ ပြီးမှ...

"ဟေ့ကောင်တွေ မင်းတို့ကို မင်းတို့ ပြန်ကြည့်ကြစမ်း" ဟု ငေါက်လိုက်သည်။ ကျွန်တော်တို့မှာ ဗမာ့အခါတော်ဖြစ်၍ ယူနီဖောင်းအစား ဗမာပြီပြီ... ပိုးလုံချည် တိုက်ပုံအင်္ကျီတွေနှင့် အတော်စတိုင်ထုတ်ပြီး ကန်တော့လာခိုက်ဖြစ်သည်...၊ ပြီးမှ 'ထွီ' ဟု ဆောင့်ကြီး အောင့်ကြီးနှင့် တံတွေးထွေးလိုက်ပြီး "မင်းတို့ တပ်မှူးကြီးတွေ လုပ်နေတယ်... ဘာမှ မစဉ်းစားဘူး၊ ရဲဘော်လေးတွေမှာတော့ ယူနီဖောင်းအစုတ်စုတ်၊ မင်းတို့တော့ ပိုးလုံချည်တပြောင်ပြောင် သူတို့စိတ်ထဲ ဘယ်လိုနေကြမလဲ စဉ်းစားကြည့်စမ်း"

ဤတွင်မှ ကျွန်တော်တို့မှာ ကိုယ့်ချို့ယွင်းချက်အမှားကို သိရသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်သွားကြ၏။

"ခုသွား– ငါ့အိမ်ခန်းထဲမှာ ငါ့ယူနီဖောင်းတွေ သွားဝတ်ပြီးမှ ငါ့ကိုလာကန်တော့ကိုင်း... ခုသွားလဲကြ။ မင်းတို့ လုံချည်အင်္ကျီတွေ အကုန်ချွတ်ပစ်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အမိန့်ကြောင့် အခန်းထဲသို့ အမြန်လစ်ခဲ့ရတော့၏။ သူ၏ ဗီရိုသေတ္တာကို အမြန်ဖွင့်၍နေသော ဗိုလ်မင်းရောင်က နှာခေါင်းတရှုံ့ရှုံ့နှင့်ဖြစ်နေပြီး "ဟော့ ချဉ်စော်ကြီး နံနေတယ်ကွ"

ဗီရိုထဲမှ စုပုံထားသော ဖြစ်ကတတ်ဆန်း... ဗိုလ်ချုပ်၏... ယူနီဖောင်းများကို... အနံ့ဆိုးစွာဖြင့် ဗိုလ်မင်းရောင်က ဆွဲယူ၍ ကျွန်တော်တို့ ဆီသို့ ပစ်ပေးလိုက်ပြီးနောက် "ဟီး...ဟီး... ကြည့်သာ ဝတ်ကြပေတော့ကွာ၊ ချဉ်စော်နံတာ လက်စသတ်တော့ ငမိုးအဝတ်အစားတွေကိုး ..." (ဗိုလ်ချုပ်အောင်ဆန်းကို နောက်ကွယ်တွင် ငမိုးဟုခေါ်ကြသည်။)

ကျွန်တော်တို့ ဘာမှမတတ်နိုင်။ သူ့သဘောအတိုင်း မလျှော်မဖွပ်ဘဲ... ဂရုမစိုက်ထားသည့်...'ချဉ်စော်နံ' ယူနီဖောင်းများကို မတန့်တတန်ဝတ်ကာ ကြာလျှင် နောက်ပိုင်းက မီးတောက်မည့် နိမိတ်လက္ခဏာကြောင့် ဝတ်ဆင်ပြီး ဗိုလ်ချုပ်ရှေ့မှာ တန်းစီခဲ့သည်။

သူက...မျက်မှောင်ကုတ်ရာမှ ခပ်ပြုံးပြုံးကြီး ဖြစ်လာပြီး "အေး ကန်တော့ကြ ကန်တော့ကြ၊ ပြီးရင် ဒီအတိုင်းပြန်၊ မင်းတို့ သောက်သုံးမကျတဲ့ လုံချည်တွေ တစ်ခုမှ ပြန်မယူနဲ့ ကြားလား။"

ကန်တော့ကောင်းလွန်း၍ ...ကျွန်တော်တို့... ပိုးလုံချည်အင်္ကျီတွေ ဆုံးခဲ့ရတော့၏။ အချိုးမကျ ဝှတတ...မတန့်တတန် ယူနီဖောင်းတွေကြောင့် ဗိုလ်ချုပ်ကားကို ကမန်းကတန်းစီးကာ ကိုယ့်အိမ်အရောက် လေ၏လျင်မြန်ခြင်းနှင့်အတူ သုတ်ခြေတင်ခဲ့ရလေသည်။'(ဗိုလ်ချုပ်နှင့် ကျွန်တော်၊ ဗိုလ်တာရာ၊ မေ့ပျောက်၍မရသောအောင်ဆန်း စာအုပ်မှ ဆောင်းပါး)

မိမိ၏ နောက်လိုက်ဖြစ်သော ရဲဘော်တို့အား ထိုသို့ ဂရုထားလှသော ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှု အံ့မခန်း အောင်မြင်ခဲ့သည်မှာ အမှန်တကယ်တွင်မူ မဆန်းလှပေ။ 'တစ်ဦးမေတ္တာတစ်ဦးမှာ' ဟူသော စကားလည်းရှိသည်။ 'ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်' ဟူသော စကားလည်းရှိသည်။ တရားမျှတသော စိတ်ဓာတ်ထားရှိသူ ဗိုလ်ချုပ်အကြောင်းကို ရဲဘော်များ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များသာမက တစ်တိုင်းတစ်ပြည်လုံး လက်ဆင့်ကမ်းသိရှိပေရာ ဗိုလ်ချုပ် ကြံစည်လုပ်ကိုင်သမျှ တစ်ခဲနက် ထောက်ခံခဲ့ကြခြင်းဖြစ်လေသည်။

The Voice Weekly Vol 6-No.26

www.burmeseclassic.com

www.burmeseclassic.com




စွန့်ဦးတီထွင်သူများသာမရှိပါက လေယာဉ်ပျံပေါ်လာစရာမရှိသကဲ့သို့ ကိုလိုနီနိုင်ငံများလည်း နယ်ချဲ့လက်အောက်မှ လွတ်မြောက်လာဖွယ်မရှိပါ။ မြန်မာ့လွတ်လပ်ရေးအတွက် စွန့်ဦးတီထွင်သူတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြောင့် လွတ်လပ်ရေးကို ကျွန်တော်တို့ ရရှိခဲ့သည်။

# စွန့်စားရဲသူ

'ကျွန်ုပ်အဖြစ်ကား သန်းကောင်လကွယ် တောရပ်လယ်တွင် ရောက်နေသောသူပမာရှိသည်။ ကျွန်ုပ်သွားမည့်နေရာနှင့် ပတ်သက်၍ ကျွန်ုပ်ဘာတစ်ခုမျှမသိ။ ဆွေလည်းမရှိ၊ မျိုးလည်းမရှိ၊ အလုပ်အစီအစဉ်ဟူ၍ ဘာမျှအတိအကျရှိသည်မဟုတ်ချေ။ ကျွန်ုပ်၏ မြော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြုံရမည့်အရေးဟူသရွေ့ စီမံအုပ်စီးရန် ကျွန်ုပ်၏ရဲဘော်များက အာဏာကုန်လွှဲလိုက်ခြင်းဖြစ်လေသည်။ အဘယ်သို့ပင်ဖြစ်စေငါသည် အကယ်၍ သေသွားသည့်တိုင်အောင် မြတ်သောသေခြင်း၊ နိုင်ငံအတွက်သေခြင်းဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရတော့၏။' ( ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေး ဗမာ့လွတ်လပ်ရေး အရေးတော်ပုံဆောင်းပါး)

ခေါင်းဆောင်မှုဆိုသည်နှင့် စွန့်စားမှု အမြဲတွဲပါလျက်ရှိသည်။ နယ်ပယ်တိုင်းလိုလိုတွင် ခေါင်းဆောင်သည် စွန့်စားရဲသူဖြစ်ရန်လိုသည်။ ရည်မှန်းချက် မြင့်မားလေလေ ခက်ခဲကြမ်းတမ်းမှုတို့ ကြုံရလေလေဖြစ်ပြီး ပိုမိုစွန့်စားရလေလေဖြစ်သည်။ သို့သော် ခေါင်း ဆောင်ဆိုသည်မှာ ကံကိုယုံပြီး ပုံသည့် လောင်းကစားသမားဆန်ဆန် စွန့်စားသူ မဟုတ်။ သူသည် အောင်မြင်မည့်အလားအလာ၊ ရှုံးနိမ့်မည့်အလားအလာ ထိုအလား အလာများကို တွက်ဆချိန်တွယ်ပြီးမှ စွန့်စားသူ Calculated Risk-tak

ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်နေကျအလုပ်ကိုသာလုပ်ဝံ့သည့် ခေါင်းဆောင်၊ စဉ်းစားနေကျအရာကိုသာ စဉ်းစားရဲသည့်ခေါင်းဆောင်သည် မိမိ အဖွဲ့အစည်းအားနောက်ထပ် အဆင့်တစ်ဆင့်သို့ ခေါ်ဆောင်သွားနိုင်မည်မဟုတ်ပါ။ သူသည် လက်ရှိအခြေအနေနှင့် ကျေနပ်နေလေ့ရှိပြီး အခြေအနေသစ်တစ်ခုကို ရင်မဆိုင်လိုသူဖြစ်သည်။ ဆုံးရှုံးမည်စိုးသောကြောင့် မလုပ်ဝံ့မကိုင်ဝံ့ဖြစ်နေသူသည် ခေါင်းဆောင်မဖြစ်နိုင်ပါ။ ဖြစ်နေလျှင်လည်း မကြာမီ ခေါင်းဆောင်နေရာမှ ဖယ်ပေးရပေမည်။

စွန့်စားဝံ့သူ ခေါင်းဆောင်နှင့် အခြားခေါင်းဆောင်များ ကွာခြားသည့် အဓိကအချက်မှာ ကိစ္စရပ်များကို ကြည့်မြင်ပုံဖြစ်သည်။ အခြားသူများက အန္တရာယ် Risk ဟုမြင်သောအရာများကို စွန့်စားဝံ့သူ ခေါင်းဆောင်က အခွင့်အလမ်းဟု မြင်သည်။ လူဆယ်ယောက်တွင် ကိုးယောက်ကျောခိုင်းမည့်အရာများကို သူက မကြောက်မရွံ့ လုပ်ဝံ့သည်။

မစွန့်စားရဲသောခေါင်းဆောင် ဦးဆောင်သည့် အဖွဲ့အစည်းသည် ကြီးထွားသင့်သလောက် မကြီးထွားဘဲ ရှိနေမည်။ ရှေ့သို့ တိုးတက်ကာ လုပ်ဆောင်သင့်သည်များ မလုပ်ဆောင်ဝံ့သောကြောင့် တဖြည်းဖြည်း အဖွဲ့အစည်းသည် နောက်ကျကျန်နေခဲ့ပြီး ပြိုင်ဘက်များက ကျော်တက်သွားမည်။ နောက်ဆုံးတွင် မစွန့်စားဝံ့သော ခေါင်းဆောင်သည် အဖွဲ့အစည်းမှ ဖယ်ထုတ်ခံရပေမည်။ သူအဖယ်ထုတ်မခံရလျှင်မူ အဖွဲ့အစည်းကျဆုံးရပေမည်။

နေ့စဉ်ဘဝတွင် လူတိုင်းလူတိုင်းသည် စွန့်စားနေကြရသည်။ မစွန့်စားလိုက ထိုင်နေရုံသာရှိသည်။ ကားလမ်းဖြတ်ကူးလျှင် ကားတိုက်မည့် အန္တရာယ်ရှိသည်။ ထိုအန္တရာယ်ကို သိလျက်နှင့် စွန့်စားကြရသည်။ လူတစ်ဦးကို ချစ်လျှင်လည်း ထိုသူက ပြန်မချစ်မည့် Risk အန္တရာယ် အမြဲရှိနေသည်။ ပြန်မချစ်က အသည်းကွဲရမည်၊ ကြေကွဲရမည်။ ဘတ်စ်ကားစီးလျှင်လည်း ဘတ်စ်ကား မှောက်နိုင်သည်။ ကိုယ်ဝန်ဆောင်လျှင်လည်း ကလေးပျက်ကျနိုင်သည်။ ဆောင်ရွက်ချက်တိုင်းတွင် Risk အန္တရာယ် အမြဲရှိနေသည်။ Risk ရှိသည်နှင့် မလုပ်လျှင်မူ မည်သည့်အရာမျှ လုပ်နိုင်တော့မည်မဟုတ်ပေ။ ထိုအချက်ကိုကြည့်လျှင် အဖွဲ့အစည်းကို ရှေ့သို့ရွှေ့အောင် ဦးဆောင်ရမည့်ခေါင်းဆောင်များ စွန့်စားရဲလို မရဲလိုဆိုသည်မှာ အလွန်အရေးကြီးကြောင်း သိနိုင်သည်။ သာမန်လူများတွင်ပင် စွန့်စားသူ မစွန့်စားသူအကြားတွင် ကွာဟမှု ကြီးမားလှရာ ခေါင်းဆောင်များ မစွန့်စားဝံ့လျှင် အဖွဲ့အစည်းအပေါ် မည်သို့အကျိုးသက်ရောက်နိုင်မှန်း မှန်းဆနိုင်သည်။ သို့သော် ခေါင်းဆောင်များ စွန့်စား



သောအခါတွင်မူ Risk မှာ ပိုကြီးသည်။ သူ့စွန့်စားမှုတိုင်းသည် အဖွဲ့အစည်းနှင့် နိုင်ငံကို ရိုက်ခတ်မည်ဖြစ်ရာ သူ့စွန့်စားမှုသည် ကံယုံကာ ဆူးပုံနင်းခြင်းမျိုး၊ စိတ်လိုက်မာန်ပါ စွန့်စားခြင်းမျိုး၊ အခြားသူများ ဆွပေးသောကြောင့် မခံချင်၍ စွန့်စားခြင်းမျိုးများ မဖြစ်ရန် အလွန်အရေးကြီးသည်။

စွန့်ဦးတီထွင်ခေါင်းဆောင်ဆိုသည်မှာ မည်သူမျှ မလျှောက်ဖူးသေးသောလမ်းကို လျှောက်ရခြင်း၊ သို့မဟုတ် လမ်းအသစ်ထွင်ရခြင်းဖြစ်သောကြောင့် စွန့်စားဝံ့သူများသာ ထိုသို့ကြံဝံ့ကြသည်။ ရှေ့တွင် နမူနာယူစရာ မည်သူမျှမရှိ၊ ကိုယ့်ဘာသာ စဉ်းစား၊ ကိုယ့်ဘာသာ ရင်ဆိုင်။ ထိုသို့ကြံသောသူများကြောင့်သာ ကမ္ဘာကြီးသည် ကျောက်ခေတ်မှသည် ယနေ့ခေတ်သို့ တိုးတက်လာခဲ့ခြင်းဖြစ်သည်။ စွန့်ဦးတီထွင်သူများသာ မရှိပါက လေယာဉ်ပျံ ပေါ်လာစရာမရှိသကဲ့သို့ ကိုလိုနီနိုင်ငံများလည်း နယ်ချဲ့လက်အောက်မှ လွတ်မြောက်လာဖွယ်မရှိပါ။ မြန်မာ့လွတ်လပ်ရေးအတွက် စွန့်ဦးတီထွင်သူတစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြောင့် လွတ်လပ်ရေးကို ကျွန်တော်တို့ ရရှိခဲ့သည်။

ဗိုလ်ချုပ်သည် မြန်မာပဒေသရာဇ်ခေတ်နောက်ပိုင်း ခေတ်သစ်မြန်မာ့တပ်မတော်ကို တည်ထောင်သူဖြစ်ခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်သို့ လုံးဝကျရောက်ခဲ့ချိန်မှစပြီး တပ်မတော်ကင်းမဲ့ခဲ့သော မြန်မာတို့အဖို့ တပ်မတော်တည်ထောင်ရန်မှာ လုံးဝမတွေးဝံ့သော အရာဖြစ်ခဲ့သည်။ စစ်ရေးပြကို မိမိတို့အစီအစဉ်ဖြင့် လုပ်ဆောင်ရသည်ကိုပင် စိတ်အားတက်ကြွနေကြခဲ့ရသည်မဟုတ်ပါလား။ သို့သော် စွန့်ဦးတီထွင်သူ ဗိုလ်ချုပ်သည် မြန်မာတို့အတွက် တပ်မတော်သစ်ကို ထူထောင်နိုင်ခဲ့သည်။

၁၈၂၄ ခုနှစ်မှစကာ နိုင်ငံတစ်ပိုင်းချင်းစီ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သော မြန်မာတို့အဖို့ လွတ်လပ်ရေးအရယူရန် အကြံအစည်မှာလည်း စွန့်ဦးတီထွင်ခြင်းဖြစ်သည်။

ကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန် နိုင်ငံရပ်ခြားသို့ အဆက်အသွယ် မသေချာမရေရာဘဲ သင်္ဘောတစ်စီးတွင် ပုန်းအောင်းကာ လိုက်ပါပြီး လွတ်လပ်ရေးအတွက် ပြည်ပအဆက်အသွယ်ရှာရန် ငွေမပါ ကြေးမပါ ထွက်သွားနိုင်သောသူ တစ်ခါမျှ နိုင်ငံခြားသို့ မရောက်ဖူးသည့် ဗိုလ်ချုပ်သည် စွန့်စားရဲသူဖြစ်သည်။

'တရုတ်ပြည်ရှိ တော်လှန်ရေးအဖွဲ့အစည်းများနှင့် သွားရောက်၍ အဆက်အသွယ်ယူရန် အောင်ဆန်းသည် နိုင်ငံခြားသို့ ထွက်ခွာသင့်သည်ဟု ကျွန်တော်တို့ အားလုံးက ဆုံးဖြတ်လိုက်ကြ၏။ အောင်ဆန်းသည် ဤဆုံးဖြတ်ချက်ကို လိုက်လိုက်ကြလေပင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုဆိုလက်ခံခဲ့၏။ သူသည် နောက်တွန့်သည့် အမူအရာကို လုံးဝမပြခဲ့ချေ။ ကျွန်တော် ဤကဲ့သို့ ထုတ်ဖော်၍ပြောနေရခြင်းမှာ ကျွန်တော်အပါအဝင်ဖြစ်သော ကျွန်ုပ်တို့သည် အပြောဘက်တွင် အလုပ်ထက် ပိုပြီး အစွမ်းပြလေ့ရှိသောကြောင့် ဖြစ်သည်။ သို့သော် အောင်ဆန်းသည် ဤလူစားမျိုးထဲတွင် မပါဝင်ချေ…။

သခင်လှမြိုင်က နောက်သို့ လှည့်ကြည့်နေ၏။ သို့သော် အောင်ဆန်းမှာ မလှုပ်မယှက်ဘဲ ရှေ့တူရူသို့ မျက်နှာမူကာ သွားရမည့်ပင်လယ်ရေပြင်သို့သာ အာရုံစူးစိုက်နေဟန် ရှိပေ၏။' (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျာ်)

ဖက်ဆစ်တော်လှန်ရေးမှာ မစတင်မီကာလကပင် ဂျပန်များက အထူးသတိထားစောင့်ကြည့်နေသည်ဖြစ်ရာ တစ်စုံတစ်ရာ လွဲချော်သွားပါက ဗိုလ်ချုပ်အပါအဝင် တပ်မတော်တစ်ခုလုံးအတွက် မတွေးဝံ့စရာပင်။ ထိုသို့သော အန္တရာယ်ကြီးစွာရှိသည်ကို သိသော်လည်း မြန်မာ့လွတ်လပ်ရေးအတွက် ထိုသို့စွန့်စားမှုဖြစ်မည်ဟု သိရှိသော ဗိုလ်ချုပ်သည် ပိုင်နိုင်စွာ စွန့်စားနိုင်ခဲ့သည်။

အင်္ဂလိပ်အစိုးရအား ဆန့်ကျင်ရေး နိုင်ငံလွတ်လပ်ရေး ကိစ္စများကို ထိပ်ဆုံးကဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ဘဝတစ်သက်တာတွင် ၁၅ရက်သာ ထောင်ကျခံခဲ့ဖူးသူဖြစ်သည်။ နောင် သူ့အား ငွေငါးကျပ် ဆုငွေထုတ်သောအခါတွင် အဖမ်းမခံရအောင် ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း သူသည် ထောင်ကြောက်သူမဟုတ်၊ မစွန့်စားဝံ့သူ မဟုတ်ပေ။ အတွင်းနေရခြင်းနှင့် အပြင်နေရခြင်း၏ အကျိုးကို အဖန်ဖန်တွက်ဆပြီးနောက်တွင်သာ တိမ်းရှောင်နေရန် ဆုံးဖြတ်ခဲ့သည်။ ဗိုလ်ချုပ်သည် မျက်စိမှိတ် စွန့်စားသူမဟုတ်ဘဲ တွက်ချက်စွန့်စားသူဖြစ်သည်။

'အခုနေအခါမှာ အင်မတန်အရေးကြီးတယ်။ ထောင်ထဲသွားနေတယ်ဆိုရင် အပြင်ဘက်အလုပ်တွေဟာ ကုန်မှာပဲ။ အခုလိုအရေးကြီးတဲ့အခါမှာ …တိုင်းပြည်အတွင်းမှာပဲ ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ဖျက်ရမယ်။ နိုင်ငံခြားကိုသွားပြီးတော့ အကူအညီရှာတန်ရှာပြီးတော့ အလုပ်လုပ်ရမယ်' ဟု အဖမ်းခံသင့် မသင့်ကိစ္စကို ပြောကြားရင်း သခင်အောင်ဆန်းက သခင်နုကို ပြောကြားသည်။ (ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ပေါင်းချုပ်)

တွက်ချက်ကာ စွန့်စားဝံ့သူ ဗိုလ်ချုပ်အောင်ဆန်းကြောင့် လွတ်လပ်ရေးပန်းတိုင်သို့ မြန်မာတို့ အောင်မြင်စွာရောက်ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုဆိုသည်မှာ အလွန်တရာ ခက်ခဲသလို အန္တရာယ်လည်းများလှသည်ဖြစ်ရာ အများပြည်သူ စိတ်ရောကိုယ်ပါ ထောက်ခံလာအောင် ဟောပြောရခြင်းမှာ တော်ရုံ အရည်အချင်းဖြင့် မရနိုင်ပါ။

# အပြောအဟောကောင်း ခေါင်းဆောင်အောင်ဆန်း

## အပြောအဟောစွမ်းရည်

ခေါင်းဆောင်မှု သင်တန်းကျောင်းများတွင် အများပြည်သူရှေ့ စကားပြောဆိုခြင်းကို မပါမဖြစ် ဘာသာရပ်အဖြစ် အမြဲဦးစားပေးသင်ကြားလေ့ရှိရာ ခေါင်းဆောင်များအတွက် အပြောအဟောစွမ်းရည်သည် မည်မျှအရေးပါကြောင်း သက်သေပင်ဖြစ်သည်။

ခေါင်းဆောင်များတွင် ရှိသင့်ရှိအပ်သည့် အရည်အချင်းများတွင် အပြောအဟောကောင်းခြင်းသည် ထိပ်ဆုံးမှပါဝင်သည်။ လူတစ်ယောက်ချင်းနှင့်တွေ့လျှင် ပြောဆိုစည်းရုံးနိုင်စွမ်း ကောင်းရန်လိုသလို ရာဒ့ထောင်သောင်းချီ များပြားလှသည့် လူစုလူဝေးကြီးအားလည်း ထိထိရောက်ရောက် ပြောဟောနိုင်ရန်လိုသည်။ အပြောအဟောကောင်းမှ ခေါင်းဆောင်ဖြစ်မည်မဟုတ်၊ ခေါင်းဆောင်ကြီးတိုင်းသည် အဟောအပြောကောင်းချည်း မဟုတ်ကြသော်လည်း အပြောအဟောကောင်းသူများသည် အရည်အချင်းချင်း မတိမ်းမယိမ်း အပြောအဟော မကောင်းသူများထက် ခေါင်းဆောင်အဖြစ်သို့ လွယ်လင့်တကူ ရောက်ရှိတတ်သည်။

ပုပ္ပုနွေးနွေး ဥပမာတစ်ခုအဖြစ် အိုဘားမားကို ကြည့်ပါ။ အိုဘားမား သမ္မတမဖြစ်မီ မဲဆွယ်နေစဉ်ကတည်းက အိုဘားမားကို ခေါင်းဆောင်တစ်ဦးအဖြစ် လေးစားသူများ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကမ္ဘာလုံးတွင် အများအပြားရှိသည်။ သို့သော် အိုဘားမားကို ဘာကြိုက်သလဲဟု မေးလျှင် မဖြေနိုင်ပါ။ ဖြေနိုင်သူများကလည်း အိုဘားမား ပြောဟောချက်များကိုသာ ထောက်ပြလေ့ရှိသည်။ စင်စစ်အိုဘားမားသည် အပြောအဟောကောင်းသူဖြစ်သည်။ သူ၏ခေါင်းဆောင်နိုင်မှုအား အများအားဖြင့် အပြောအဟောဖြင့်သာ အကဲဖြတ်ကြသည့် သဘောပင်။ အိုဘားမားသည် သမ္မတရွေးကောက်ပွဲ မဝင်မီက အထက်လွှတ်တော် အမတ်သက်တမ်း လေးနှစ်သာ ရှိသေးသည့် ဝါနုအမတ်သာဖြစ်ပြီး အမေရိကန်တွင်ပင် လူသိနည်းသောပုဂ္ဂိုလ်ဖြစ်သော်လည်း အပြောအဟောကောင်းသောကြောင့် အမေရိကန်ပြည်သူအများ၏ ထောက်ခံမှုကို ရရှိခဲ့သည်။

ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော ခေါင်းဆောင်များသည်လည်းအပြောအဟောကောင်းလေ့ရှိသည်။ အထူးသဖြင့် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် နာဇီခေါင်းဆောင် ဟစ်တလာနှင့် ဖက်ဆစ်ခေါင်းဆောင် မူဆိုလီနီတို့သည် အပြောအဟောအရာတွင် ထိပ်ဆုံးကပင်ဖြစ်သည်။ ဟစ်တလာ၏ အပြောအဟောမှာ မည်မျှကောင်းသနည်းဆိုမူ ဂျာမန်ဘာသာစကား နားမလည်သူများပင် သူ့ကိုနှစ်ခြိုက်သည်ဟု သုတေသနတစ်ခုက ဆိုသည်။ စကားနားလည်သူတို့ဆိုလျှင်မူ ဆိုဖွယ်ရာမရှိ၊ နားထောင်ပြီးလျှင် သူတို့ဘက်သို့ ပါသွားရန်သာရှိသည်။

ခေါင်းဆောင်ကောင်းဖြစ်ရန် အပြောအဟောကောင်းဖို့လိုကြောင်း ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ငယ်စဉ်ကပင် သဘောပေါက်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူသည် အထက်တန်းကျောင်းသားဘဝမှစကာ အပြောအဟောစွမ်းရည် တိုးတက်အောင် လေ့လာ၊ လေ့ကျင့်ခဲ့သည်။

ကိုအောင်ဆန်း ရန်ကုန်ရောက်ပြီး တက္ကသိုလ်တွင် ပထမဦးဆုံး စကားပြောခဲ့စဉ်က အတော်လေးပုံပျက်ပန်းပျက်ဖြစ်ခဲ့သေးသည်ကို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာက အောက်ပါအတိုင်း ပြန်ပြောင်းပြောပြသည်။

'ကျွန်တော် မှတ်မိသေးတော့သည်။ ကိုကြီးနုစကားပြောပြီးလျှင် အောင်ဆန်းက ထစကားပြောတော့၏။ သူပြောသော အင်္ဂလိပ်စကားကို တစ်ဦးတစ်ယောက်မျှ နားမလည်ပေ။ သူသည် ဒေါက်တာဘမော်တို့၊ မောင်မောင်ကြီးတို့၏ လေသံမျိုးဖြင့် ကြိုးစား၍ ပြောနေသည်မှာ ထင်ရှား၏။ သို့သော် အမြီးအမောက်မတည့်၊ ကိုးလိုးကန့်လန့်ကျလှသောကြောင့် ကျောင်းသားများက ဝိုင်း၍ဟစ်အော်လှောင်ပြောင်ကြတော့၏။ ကျွန်တော်ကိုယ်တိုင်လည်း အများနည်းတူ ဝင်၍လှောင်ပြောင်ခဲ့၏။ သို့သော်



အောင်ဆန်းသည် မည်သူ့ကိုမျှ ဂရုမမူဘဲ သူပြောစရာရှိသည်တို့ကို သူပြောတတ်သလိုပင် မိနစ်ခွန်းပြီးဆုံးသည်အထိ ပြောဆိုသွား၏။ သူ့ကြည့်ရသည်မှာ ကျွန်တော်ပင်လျှင် စိတ်အတော်အိုက်ခဲ့မိ၏။'

ထိုသို့ ရန်ကုန်အရောက် အင်္ဂလိပ်ဘာသာဖြင့် ပြောဟောရာတွင် တာထွက်မကောင်းခဲ့သော်လည်း နောင်နှစ်အနည်းငယ်အကြာ တက္ကသိုလ်တွင်ပင် ကျောင်းသားအများရှေ့ အင်္ဂလိပ်လို ပြောဟောရာတွင် ထူးခြားစွာဟောပြောနိုင်ခဲ့သည်အထိ အပြောအဟောစွမ်းရည် တိုးတက်လာခဲ့သည်။ ကိုအောင်ဆန်းသည် ထိုခေတ်က အပြောအဟောတွင် နာမည်ကြီး ခေါင်းဆောင်များဖြစ်သည့် ဟစ်တလာ၊ မူဆိုလီနီတို့၏ ဟောပြောပုံ ကိုယ်နေဟန်ထား လက်အငေ့အရမ်းတို့ကို အတုယူကာ လေ့ကျင့်ခဲ့သည်။

ဟောပြောရန်အခွင့်အလမ်းမှန်သမျှကို ရှာကြံနေသောကိုအောင်ဆန်းသည် အခြားဟောပြောရမည့်သူမရှိလျှင် အိပ်နေသော သူငယ်ချင်းများကိုပင်နှိုးကာ ဟောပြောလေ့ရှိသည်။ အထူးသဖြင့် စာအုပ်များဖတ်ကာ သူတစ်ခုခု သဘောပေါက်သွားပြီဆိုလျှင် ထိုသို့အားမနာတမ်း ဟောပြောလေ့ရှိသည်။ ဟောပြောပွဲများတွင် ဟောပြောသူနေရာမှ မနေရလျှင်ပင် ပရိသတ်ထဲမှထကာ ဆွေးနွေးတတ်သည်။ အဟောအပြောကောင်းရန် ဖတ်ရှုလေ့လာ လက်တွေ့ဟောပြောသော ကိုအောင်ဆန်းသည် တစ်နေ့တခြား အဟောအပြောစွမ်းရည် တိုးတက်လာခဲ့သောကြောင့် သူ့ကို မူလက လှောင်ပြောင်ခဲ့သောသူများကပင် အသိအမှတ်ပြုလာရသည်။

အဟောအပြောစွမ်းရည်ဆိုသည်မှာ စည်းရုံးရေးစွမ်းရည်ပင်ဖြစ်သည်။ မိမိတို့၏ လျှောက်လှမ်းရမည့် ပန်းတိုင်၊ သုံးစွဲကြမည့် နည်းလမ်းတို့ကို ပြည်သူလူထု လက်ခံလာအောင်၊ မြတ်နိုးလာအောင်၊ အတူတကွ ချီတက်လိုလာအောင် ရှင်းပြစည်းရုံးရခြင်းပင်ဖြစ်သည်။ အထူးသဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပမ်းမှုဆိုသည်မှာ အလွန်တရာ ခက်ခဲသလို အန္တရာယ်လည်းများလှသည်ဖြစ်ရာ အများပြည်သူ စိတ်ရောကိုယ်ပါ ထောက်ခံလာအောင် ဟောပြောရခြင်းမှာ တော်ရုံ အရည်အချင်းဖြင့် မရနိုင်ပါ။ ပြည်သူဆိုသည်မှာလည်း အရွယ်အစားမျိုးစုံ၊ အသက်အရွယ်မျိုးစုံ၊ အတွေ့အကြုံမျိုးစုံရှိနေပြီး ဒေသမျိုးစုံမှ လာတတ်ရာ ထိုသူများ နားလည်သဘောပေါက်အောင် ဟောပြောခြင်း မည်မျှခက်ခဲမည်ကို တွေးဆနိုင်ပါသည်။

နောက်ပိုင်း ရွှေတိဂုံ အလယ်ပစ္စယံ လူထုအစည်းအဝေးကြီးတွင် ပရိသတ် သိန်းဂဏန်းကို ဟောပြောရာတွင် ဗိုလ်ချုပ်သည် လူတန်းစားပေါင်းစုံ၊ လူမျိုးစုံ၊ အသက်

www.burmeseclassic.com

www.burmeseclassic.com



အရွယ်စုံကို ကြက်သီးမွေးညင်းထအောင် ဟောပြောနိုင်ခဲ့လေသည်။ ထို့ပြင် ဗိုလ်ချုပ်၏ မိန့်ခွန်းအချို့မှာ ရှည်လျားလှပြီး ၃ နာရီခန့်ကြာသော မိန့်ခွန်းများပင် ရှိသော်လည်း ပရိသတ်၏ စိတ်ဝင်စားမှုမှာမူ မလျော့ဟုဆိုသည်။ တစ်ခါတွင် ဗိုလ်ချုပ်ဟောပြောရာ လူများလွန်းသောကြောင့် ပွဲကြည့်စင်တစ်ခု ကျိုးကျသော်လည်း ဆက်လက်ကာ နားထောင်မပျက်ကြဟု မှတ်တမ်းများကဆိုသည်။

ဗိုလ်ချုပ်သည် အင်္ဂလိပ်လိုရော မြန်မာလိုပါ နှစ်မျိုးလုံး အဟော အပြောကောင်းသူဖြစ်သည်။ နိုင်ငံခေါင်းဆောင်များသည် အလုပ်အလွန်များသူများဖြစ်ကြရာ မိန့်ခွန်းရေးသူများထားကြသော်လည်း ဗိုလ်ချုပ်မှာမူ မိမိကိုယ်တိုင်သာရေးသူဖြစ်သည်။ တစ်ခါတစ်ရံ အင်္ဂလိပ်လိုရေးထားသော မိန့်ခွန်းကိုကိုင်ကာ မြန်မာလိုဟောပြောလေ့ရှိသည်။ သူ၏ အင်္ဂလိပ်ဘာသာ မိန့်ခွန်းများမှာ ပြောင်မြောက်သလို အင်္ဂလိပ်အရေးအသားအားဖြင့် ကောင်းမွန်လှရာ နိုင်ငံခြားသားသတင်းထောက်အချို့ကပင် ကိုယ်တိုင်ရေးဟုတ်မဟုတ် သံသယဝင်ခဲ့ဖူးသည်။ သူသည် အင်္ဂလိပ်စာဖတ်အား ကောင်းမွန်ရုံ၊ အင်္ဂလိပ်လို အရေးကောင်းရုံမျှမက နာမည်ကျော် အင်္ဂလိပ်နိုင်ငံရေးသမားများ၏ မိန့်ခွန်းများကို အလွတ်ရလုနီးနီး ဖတ်ရှုလေ့လာထားသောကြောင့်ဖြစ်သည်။

အပြောအဟောပညာရပ်ဆိုင်ရာ ဂုရုဒေးလ်ကာနက်ဂျီက 'မိမိ နှစ်သက်သောအရာကို ဟောပြောပါ၊ မိမိပိုင်နိုင်သောအရာကို ဟောပြောပါ။ အဟောအပြောကောင်း ပုဂ္ဂိုလ်ဖြစ်လာပါလိမ့်မည်'ဟု အဟောအပြောကောင်းနည်း လျှို့ဝှက်ချက်ကို ပြောပြခဲ့သည်။ ရင်တွင်းမှလာသော အကြောင်းအရာဖြစ်ပါက အလိုလို မိမိစိတ်အားတက်ကြွလာမည်။ နားထောင်သူများသည်လည်း မိမိ၏ခံစားချက် ကူးစက်ကာ သူတို့ပါ စိတ်အားတက်ကြွလာလိမ့်မည်။ ပိုင်နိုင်သောအရာကို ဟောပြောပါက မိမိကိုယ်ကို ယုံကြည်မှုရှိနေသည့်အတွက် မိမိ၏အသံအမူအရာတို့ကလည်း ထိုသို့ယုံကြည်မှုများ ပါဝင်နေလိမ့်မည်။ ထိုအခါ ပရိသတ်သည် မိမိပြောသောအကြောင်းအရာကို ပိုမိုယုံကြည်လာမည်၊ မိမိပြောသောအဆိုတို့ကို လက်ခံလာလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်း အဟောအပြောကောင်းခြင်းမှာ အထက်ပါ ရွှေစည်းမျဉ်းနှစ်ခုလုံးနှင့် ကိုက်ညီနေသည်။ မြန်မာနိုင်ငံအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် ဆန္ဒပြင်းပြင်း သူ့ရင်တွင်းတွင်ရှိသည်။ ထိုသို့ သူ့ကျွန်ဘဝမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတို့ကို သူအပတ်တကုတ် လေ့လာတွေးကြံထားသည်။ ထို့ကြောင့် သူ၏ ဟောပြောချက်များသည် ပိုင်နိုင်သလို၊ ရင်တွင်းမှလာသည်။ ထို့ကြောင့်လည်း သူ့ဟောပြောချက်



များသည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာလူထုကြီး၏ရင်တွင်းသို့ မြန်မြန်ဆန်ဆန် စီးဆင်းသွားသည်။ သူ၏စိတ်အားထက်သန်မှုနှင့် နိုင်ငံချစ်စိတ်တို့သည်လည်း လူထုကြီးထံသို့ ကူးစက်ပျံ့နှံ့သွားကာ တစ်မျိုးသားလုံး စိတ်ဓာတ်တက်ကြွခဲ့ခြင်းဖြစ်သည်။

**The Voice Weekly Vol 6-No.28**

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် သူ၏စွမ်းရည်ကို အမြဲ အပတ်တကုတ် ဖြည့်ဆည်းနေသောကြောင့်
တစ်နေ့တခြား တိုးတက်လာသည်။
ယခင်နှစ် ဗိုလ်ချုပ်နှင့် ယခုနှစ် ဗိုလ်ချုပ် မတူရေးချ မတူတော့ပါ။
တက္ကသိုလ်ရောက်စ ဗိုလ်ချုပ်နှင့် လေးနှစ်အကြာ ဗိုလ်ချုပ် လုံးဝမတူတော့ပါ။
ဘီအိုင်အေဖွဲ့ပြီးစ ဗိုလ်တေဇနှင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲအပြီး
ဗိုလ်ချုပ်အောင်ဆန်း လုံးဝကွာခြားသွားပြီဖြစ်သည်။

# လူတော် ဗိုလ်ချုပ်

ခေါင်းဆောင်များသည် ရိုးသားရန်အလွန်အရေးကြီးလှကြောင်း ရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ မိမိအား ဦးဆောင်မည့် ခေါင်းဆောင်တွင် အဆိုပါစရိုက်လက္ခဏာ ရှိမရှိ လူအများက ဦးစားပေးကြည့်ရှုမြဲဖြစ်သည်။ သို့သော် ရိုးသားခြင်းသည် ခေါင်းဆောင်၏နောက်သို့လိုက်ရန် သင့်မသင့် နောက်လိုက်များက အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားသည့် တစ်ခြမ်းမျှသာ ရှိပေသေးသည်။ မိမိကိုယ်ကို မေးခွန်းတစ်ခွန်း မေးကြည့်လျှင်ရပေမည်။ အလွန်ရိုးသား သော်လည်း အရည်အချင်းမရှိသောသူ၊ စွမ်းဆောင်ရည်နိမ့်သောသူ နောက်သို့ လိုက်ကြမည်လော။

ပန်းတိုင်မြင့်မားလျှင် မြင့်မားသလောက် သွားရာလမ်းခရီးတွင် အခက်အခဲများ၊ အတားအဆီးများ ကြုံတွေ့ရမည်။ ထိုအခါတွင် ခေါင်းဆောင်လုပ်သူကသာ ခပ်ချာချာ စွမ်းဆောင်ရည်နိမ့်သူဖြစ်နေပါက ထိုအခက်အခဲများအား မိမိအဖွဲ့အစည်းကျော်လွှားနိုင်ရန် တတ်နိုင်မည်မဟုတ်ပေ။ စွမ်းဆောင်ရည် နိမ့်သူနောက်သို့ မည်သူမျှလိုက်လိုကြမည်မဟုတ်။

စွမ်းဆောင်ရည်မြင့်မားခြင်းသည် ခေါင်းဆောင်တွင်ရှိရမည့် စရိုက်များတွင် ထိပ်ဆုံးနေရာများ၌ အမြဲနေရာယူထားကြောင်း သုတေသနများတွင် တွေ့ရသည် (Kouzes and Posner, Leadership Challenge)။ စွမ်းဆောင်ရည်မြင့်မားသူ ခေါင်းဆောင်သည် ပန်းတိုင်သို့ သွားရာခရီးလမ်းတွင် မလွဲမသွေ ကြုံတွေ့ရမည့် အခက်အခဲ အတားအဆီးများအား ကျော်လွှားသွားနိုင်ပေသည်။ စွမ်းဆောင်ရည် မြင့်မားသောသူအား အခက်အခဲကြုံလာလျှင် လူအများက လှမ်းမျှော်ကြည့် ရှုရစမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးအသင်းများကိုသာကြည့်ပါ။ ဘောလုံးသမားအချို့အား နိုင်ငံသမ္မတများ အိပ်မက်ပင် မမက်နိုင်သည့် လစာနှင့် အသင်း ပြောင်းရွှေ့ကြေးများ အလုအယက် ကမ်းလှမ်းကာ မိမိအသင်းသို့ ခေါ်ယူနေကြပါသလဲ။ ထိုဘောလုံးသမားများ၏ စွမ်းဆောင်ရည်ကို လိုလားကြသောကြောင့်သာ။ ထိုဘောလုံးသမားများသည် အသင်းအနိုင်ရရေးတွင် အဓိကကျသော ပုဂ္ဂိုလ်များဖြစ်လာကြသည်။ ထိုဘောလုံးသမားများသည် အသင်းခေါင်းဆောင် လက်ပတ်ပတ်ခွင့်ရကောင်းမှ ရမည်ဖြစ်သော်လည်း သူတို့သည် ထိုအသင်းသားများက အားကိုးရသော ခေါင်းဆောင်များ ဖြစ်နေသည်ကား သေချာသည်။

စီးပွားရေးလုပ်ငန်းများ၌လည်း အဓိကကျသော ခေါင်းဆောင်နေရာများတွင် အရည်အချင်းမြင့်သူကိုသာ ထားလိုသည်။ အရည် အချင်းပြည့်သူကိုသာ ခေါ်ယူလိုသောကြောင့် ကုမ္ပဏီများ၊ နိုင်ငံများ အကြားတွင် ဦးနှောက်လုပွဲ Talent War များပင် ဖြစ်ပေါ်နေသည်။ တစ်ဦးကောင်းတစ်ယောက်ကောင်းခေတ်ကုန်ပြီဟု ပြောဆိုကြသော်လည်း တစ်ကောင်ဘွားပုဂ္ဂိုလ်မျိုးများကို အသည်းအသန် လိုက်လံရှာဖွေနေကြဆဲပင်။

ဗိုလ်ချုပ်အောင်ဆန်းသည် 'ရိုးဂုဏ်နှင့် ခေါင်းဆောင်သူ' ဟု အစောပိုင်းဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဗိုလ်ချုပ်၏ ရိုးဂုဏ်မှာ ပြိုင်ဘက်ကင်းလှသောကြောင့် သူ့အား ပြည်သူများက ယုံကြည်ကိုးစားသလောက် သူ့တွင် စွမ်းရည်လည်းမြင့်သည်။

ဗိုလ်ချုပ်သည် သူ၏စွမ်းရည်ကို အမြဲ အပတ်တကုတ် ဖြည့်ဆည်းနေသောကြောင့် တစ်နေ့တခြား တိုးတက်လာသည်။ ယခင်နှစ် ဗိုလ်ချုပ်နှင့် ယခုနှစ် ဗိုလ်ချုပ် မတူရေးချ မတူတော့ပါ။ တက္ကသိုလ် ရောက်စ ဗိုလ်ချုပ်နှင့် လေးနှစ်အကြာ ဗိုလ်ချုပ် လုံးဝမတူတော့ပါ။ ဘီအိုင်အေဖွဲ့ပြီးစ ဗိုလ်တေဇနှင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲအပြီး ဗိုလ်ချုပ်အောင်ဆန်း လုံးဝကွာခြားသွားပြီဖြစ်သည်။

ပြည်ပလက်နက်အကူအညီရှာရန် သူ၏ရဲဘော်များက ငွေအနည်းငယ်နှင့်အတူ သူတစ်ခါမှမရောက်ဖူးသော ပြည်ပသို့ အာဏာကုန်လှဲအပ်လွှတ်လိုက်ခြင်းမှာ သူ၏စွမ်းရည်အား ရဲဘော်များက ယုံသောကြောင့်ဖြစ်သည်။ ပြည်ပအဆက်အသွယ်ကို သူ့ဘာသာသူ မရှာနိုင်ခဲ့သော်လည်း ဂျပန်များက ဆက်သွယ်လာသည့်အခါတွင် ခိုင်မာသော စီမံကိန်းကို ညတွင်းချင်း ရေးဆွဲပြီး ပြသနိုင်သောကြောင့် ဂျပန်များက အလုပ်ဖြစ်လောက်သည်ဟု သတ်မှတ်ကာ ရဲဘော်သုံးကျိပ်အား စစ်ပညာသင်ပေးခဲ့ခြင်းဖြစ်သည်။



ထိုင်ဝမ်နှင့် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်နေစဉ်အတွင်းတွင်လည်း စစ်ပညာမတတ်သူချင်း တူတူ၊ သခင်အောင်ဆန်းသည် အခြားသူများထက် ရှေ့မှရောက်ကာ စစ်ရေးစွမ်းရည်မြင့်မားခဲ့သည်။ ထို့ကြောင့် ဂျပန်အရာရှိများက သူ့အား တိုက်ပွဲဝင်အုပ်ချုပ်ရေးပညာရပ်များကိုပါ သင်ကြားပေးခဲ့ကာ ဘီအိုင်အေ၏ ခေါင်းဆောင်အဖြစ်နေရာပေးခဲ့ခြင်းဖြစ်သည်။

'စွမ်းရည်မြင့်ခြင်း'ကို အကောင်းဆုံး အကဲဖြတ်နည်းမှာ ထိုသူ ဆောင်ရွက်သောအရာများ ပြီးမြောက်အောင်မြင်ခြင်း ရှိမရှိကိုကြည့်ခြင်းပင်ဖြစ်သည်။ ယနေ့ခေတ်တွင် အလုပ်အကိုင် နေရာအတွက် လူရွေးချယ်ခြင်း၊ ပညာသင်ဆုရွေးချယ်ခြင်းတို့၌လည်း 'စွမ်းရည်မြင့်' မမြင့် အကဲဖြတ်ရာတွင် ထိုသူ၏ ဆောင်ရွက်ခဲ့မှုများအား ကြည့်ရှုလေ့လာလေ့ရှိသည်။ ဗိုလ်ချုပ်အပေါ်ကျရောက်လာသော သို့မဟုတ် ဗိုလ်ချုပ်က လိုလိုလားလားတာဝန်ယူခဲ့သော အောက်ပါရည်မှန်းချက်များ၏ နောက်ဆုံးရလဒ်ကို ကြည့်လျှင်လည်း ဗိုလ်ချုပ်၏ စွမ်းဆောင်ရည်ကို ရိပ်စားမိနိုင်သည်။

၁။ ပြည်ပလက်နက် အကူအညီရှာရန်။ အောင်မြင်ခဲ့သည်။ တပ်မတော်တစ်ရပ်ပါဖွဲ့စည်းနိုင်ခဲ့သည်။

၂။ ဖက်ဆစ်တော်လှန်ရေး။ အောင်မြင်ခဲ့သည်။ နုနုနယ်နယ် လေ့ကျင့်သားမပြည့်ဝသည့်၊ လက်နက်အင်အား ချို့တဲ့သည့် တပ်မတော်သည် အင်္ဂလိပ်နှင့် အမေရိကန်တပ်မတော်တို့အား အံ့အားသင့်စေခဲ့သည့် ပြောက်ကျားစစ် နာမည်ကျော် ဂျပန်တို့အား ပြောက်ကျားစစ်ဖြင့်ပင် အနိုင်တိုက်ခဲ့သည်။

၃။ လွတ်လပ်ရေး။ အောင်မြင်ခဲ့သည်။ အင်္ဂလိပ်တို့နှင့် နှလုံးရည် ပြိုင်အပြီးတွင် လွတ်လပ်ရေးကို တစ်တိုင်းတစ်ပြည်လုံး ဥမကွဲ သိုက်မပျက်ဘဲ ပြိုင်တူ ရယူနိုင်ခဲ့သည်။ လွတ်လပ်ရေးရချိန်ကို ဗိုလ်ချုပ် မြင်မသွားရသော်လည်း အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေးအတွက် လမ်းခင်းပေးခဲ့သည်။ အင်္ဂလိပ်တို့ အပါအဝင် ပယောဂများစွာ ရှိသော်လည်း တိုင်းရင်းသားအားလုံး လွတ်လပ်ရေး ကို ပြိုင်တူ ရယူမည့် ပင်လုံစာချုပ်ကို ဖြစ်မြောက်စေခဲ့သည်။

ဗိုလ်ချုပ်သည် ကောင်းရုံသာမက တော်ခဲ့သည်။ လူကောင်းရော လူတော်ပါပုဂ္ဂိုလ်တစ်ဦးတည်းတွင် တည်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးကို အရယူပေးခဲ့ပေသည်။

The Voice Weekly Vol 6-No.29

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ပြန်အဝင်တွင် တပ်မတော်မှ တရားဝင်ထွက်ပြီး ဖဆပလအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းအဖြစ် ပြည်သူပြည်သားတို့ကို ဦးဆောင်ရင်း ကျဆုံးခဲ့သော်လည်း သူ့ကို ယနေ့ထက်တိုင် ဗိုလ်ချုပ်အောင်ဆန်းအဖြစ်သာ အစွဲပြု ခေါ်ဝေါ်နေခြင်းကိုက မြန်မာလူမျိုးတို့၏စိတ်ထဲတွင် သူ့ကို စစ်ခေါင်းဆောင်အဖြစ် စွဲမြဲနေကြောင်း သက်သေအထင်အရှားပင်ဖြစ်သည်။

## စစ်ခေါင်းဆောင်ဗိုလ်ချုပ်

စစ်ခေါင်းဆောင် Military Leader ဆိုသည့် ဘာသာရပ်မှာ ခေါင်းဆောင်မှု ပညာရပ်တွင် အရေးပါသောနေရာတစ်နေရာကို ရှေးယခင်ကတည်းကပင် ခိုင်ခိုင်မာမာ ရယူထားခဲ့သည်။ နှလုံးရည်သာ အဓိကကျလာသည်ဟူသော ယနေ့ခေတ်တွင်ပင် ခေါင်းဆောင်မှု ပညာရပ်ဆိုင်ရာ စာအုပ်အများအပြားမှာ ဗိုလ်ချုပ်ကြီးများ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ သို့မဟုတ် အခြားသူများကရေးသားသော ထိုဗိုလ်ချုပ်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် ခေါင်းဆောင်မှုနည်းလမ်းများ၊ ဗျူဟာများဖြစ်သည်။ ထိုဗိုလ်ချုပ်ကြီးများ၏ နည်းနာများ၊ သင်ခန်းစာများ၊ မိန့်မှာချက်များကို စစ်ရေးတွင်သာမက စီးပွားရေး၊ နိုင်ငံရေး နယ်ပယ်ပေါင်းစုံတွင် အသုံးချကြသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အောင်ပွဲရ ဗြိတိသျှဗိုလ်ချုပ်ကြီးများ၊ အမေရိကန်ဗိုလ်ချုပ်ကြီးများ၏ ခေါင်းဆောင်မှုအား ဆန်းစစ်ရေးသားသော စာအုပ်ပေါင်းများစွာ ထွက်ရှိခဲ့ပြီး အထူးအရောင်းသွက်ခဲ့သည်။ ဥရောပဆိုင်ရာ မဟာမိတ်တပ်ပေါင်းစု၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်းဝါးသည် ခေါင်းဆောင်ပုံရိပ်ကို ဖော်ပြနိုင်ပြီး အထူးရေပန်းစားသောကြောင့် သမ္မတရွေးကောက်ပွဲတွင်

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရကာ အမေရိကန်တစ်နိုင်ငံလုံး၏ ခေါင်းဆောင်အဖြစ်သို့ရောက်ရှိခဲ့သည်။ ရှေးနှစ်ပေါင်းများစွာက ကွယ်လွန်ခဲ့ပြီးဖြစ်သော စစ်ဘုရင်၊ စစ်ခေါင်းဆောင် နပိုလီယန်၊ မဟာအလက်ဇန္ဒားတို့၏ ခေါင်းဆောင်မှု နည်းလမ်းများအား ယနေ့ထက်တိုင် ရေးသားထုတ်ဝေဆဲ၊ ရောင်းအားကောင်းဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပြင်သစ်စစ်ဘုရင် နပိုလီယန်ကဲ့သို့၊ မဟာအလက်ဇန္ဒားကဲ့သို့၊ ဂျာမန်စစ်ဗိုလ်ချုပ် ရွမ်းမဲကဲ့သို့ ကမ္ဘာကျော် စစ်ခေါင်းဆောင် Military Leader မဟုတ်သော်လည်း သူ၏ခေါင်းဆောင်မှုတွင် စစ်ခေါင်းဆောင်ကဏ္ဍသည် ကြီးမားစွာနေရာယူထားသည်။ အင်္ဂလိပ်ပြန်အဝင်တွင် တပ်မတော်မှ တရားဝင်ထွက်ပြီး ဖဆပလ အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းအဖြစ် ပြည်သူပြည်သားတို့ကို ဦးဆောင်ရင်း ကျဆုံးခဲ့သော်လည်း သူ့ကို ယနေ့ထက်တိုင် ဗိုလ်ချုပ်အောင်ဆန်းအဖြစ်သာ အစွဲပြု ခေါ်ဝေါ်နေခြင်းကိုက မြန်မာလူမျိုးတို့၏စိတ်ထဲတွင် သူ့ကို စစ်ခေါင်းဆောင်အဖြစ် စွဲမြဲနေကြောင်း သက်သေအထင်အရှားပင်ဖြစ်သည်။

ဗိုလ်ချုပ်၏ စစ်ခေါင်းဆောင်ဘဝမှာ သူ၏တိုတောင်းသောသက်တမ်း (၁၉၁၅–၁၉၄၇) တွင်ပင် တရားဝင်အားဖြင့် တိုတောင်းလှသော ၅နှစ်တာ(၁၉၄၂–၁၉၄၆) သာရှိသော်လည်း ထိုစစ်ခေါင်းဆောင်ဘဝကပင် သူ့အား အထွတ်အထိပ်သို့ရောက်အောင် တွန်းပို့ခဲ့သည်။ ဘီအိုင်အေ၏ ဦးစီးဦးဆောင် မြန်မာအဖြစ် နိုင်ငံတွင်းသို့ ဂျပန်တို့နှင့်အတူ ချီတက်ဝင်ရောက်ခဲ့ရာမှ သူ့အား အားလုံးက အားကိုးလောက်သည့် ခေါင်းဆောင် အဖြစ် အသိအမှတ်ပြုကာ အမျိုးသားခေါင်းဆောင်အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခင်ကမူ သူသည် ခေါင်းဆောင်အများထဲမှ တစ်ယောက်သာဖြစ်ခဲ့ပြီး ဘီအိုင်အေနှင့်အတူ နိုင်ငံတွင်း ဝင်ရောက်ပြီးနောက်မှ သူ့ကို ယခင်လုပ်ဖော်ကိုင်ဖက်များကပါ ထိပ်တန်းခေါင်းဆောင်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ခေါင်းဆောင်ဖြစ်ကြောင်း အောက်ပါအချက်များက ထင်ရှားပြသသည်။

## ဖခင်ကြီး

ဗိုလ်ချုပ်သည် မြန်မာနိုင်ငံသားတို့တွင် ကာလအတန်ကြာ မရှိခဲ့သော ကိုယ်ပိုင်တပ်မတော်ကို စတင်မွေးဖွားပေးခဲ့သူဖြစ်ရာ မြန်မာ့တပ်မတော်၏ဖခင်ကြီးဖြစ်သည်။ နယ်ချဲ့လက်အောက်တွင် ဆယ်စုနှစ်ပေါင်းများစွာနေထိုင်ကာ အားငယ်ခဲ့ရသည့် မြန်မာတို့သည် မိမိတို့လူမျိုးများကို စစ်ယူနီဖောင်းဖြင့် မြင်တွေ့လိုက်ရသည့်အခါတွင်



များစွာ စိတ်အားတက်ကြွခဲ့ပေသည်။ မိမိလူမျိုးများကို လောက်လောက်လားလား အားကိုးလောက်ဖွယ် မြင်တွေ့လိုက်ရသည့်အတွက် ကိုလိုနီဘဝမှ ရုန်းထွက်နိုင်သည်ဟု မျှော်လင့်ချက်များလည်း တိုးတက်လာခဲ့သည်။ မြန်မာ့တပ်မတော် သန္ဓေတည်ရာ ရဲဘော်သုံးကျိပ်တို့ကို ဂျပန်သို့ခေါ်ထုတ် စစ်ပညာသင်ခဲ့ပြီး ထိုရဲဘော်သုံးကျိပ်၏ ခေါင်းဆောင်အဖြစ်ပါ အရည်အချင်းအားဖြင့် ရောက်ရှိခဲ့သည့် ဗိုလ်ချုပ် အောင်ဆန်းသည် တပ်မတော်၏ ဖခင်ကြီးပင်ဖြစ်ပြီး ပြည်သူအများ၏ ယုံကြည်ကိုးစားမှုကိုပါ ရရှိခဲ့သည်။

## ပျိုးထောင်ခြင်း

ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်ကို မွေးဖွားပေးရုံမက ပြုစုပျိုးထောင်ပေးခဲ့သည်။ မွေးကင်းစ တပ်မတော်ကို ကြီးထွားအောင် ပျိုးထောင်ရခြင်းတွင် အဓိကအားဖြင့် စိန်ခေါ်မှုကြီးနှစ်ရပ်ရှိခဲ့သည်။ ၁။ မြန်မာတို့ တပ်မတော်အတွင်းသို့ ဝင်ရောက်ရန် စည်းရုံးရခြင်းနှင့် တပ်မတော်သားများ၏တိုက်ရည်ခိုက်ရည်၊ စည်းကမ်းသေဝပ်မှုရှိအောင် လေ့ကျင့်ပေးရခြင်း။ ၂။ ဂျပန်ခေတ်နှင့် အင်္ဂလိပ်ပြန်အဝင် နှစ်ခေတ်လုံးတွင် မြန်မာ့တပ်မတော်ကို အင်အားမကြီးထွားအောင် ကန့်သတ်ချုပ်ချယ်မှုများအား ပါးပါးနပ်နပ် ကျော်လွှားရခြင်း။

နုနယ်သော မြန်မာ့တပ်မတော်သည် တိုတောင်းသော အချိန်တွင်းတွင်ပင် ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီအင်န်အေ၊ ပီဘီအက်ဖ်ဟု နာမည် လေးမျိုး၊ အသွင်လေးခု ပြောင်းလဲခဲ့ခြင်းမှာ ဂျပန်နှင့် အင်္ဂလိပ်နှစ်ဦးလုံးက မြန်မာ့တပ်မတော်အား ယင်းတို့လိုအင်ပြည့်ရေးတွင် အဆီးအတားအနှောင့်အယှက် ဖြစ်လာနိုင်မှန်း သိမြင်သောကြောင့်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုဖိအားများအား၊ အခက်အခဲများအား ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ အလိမ္မာသုံးကာ ကျော်လွှားနိုင်ခဲ့၍ တပ်မတော်သည် အရေအတွက်ရော အရည်အချင်းပါ အချိန်တိုတိုနှင့် တိုးတက်လာခဲ့ခြင်းဖြစ်သည်။

## ဖက်ဆစ်တော်လှန်ရေး

စစ်ခေါင်းဆောင်အဖြစ် စစ်ဆင်တိုက်ခိုက်ရာတွင် ဗိုလ်ချုပ်၏ အပြောင်မြောက်ဆုံးလုပ်ရပ်မှာ ဖက်ဆစ်တော်လှန်ရေးဖြစ်သည်။ ဘီအိုင်အေအဖြစ် မြန်မာနိုင်ငံတွင်းဝင်လာစဉ်ကမူ ဂျပန်တို့ကသာ တိုက်ပွဲအများစုကို တိုက်ခိုက်ခဲ့ပြီး ဂျပန်တို့၏ စီမံခန့်ခွဲမှုအောက်တွင်သာ ဘီအိုင်အေအနေဖြင့် တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဆင်နွှဲနိုင်စွမ်းကို မမြင်ခဲ့ရပေ။ သို့သော် ဖက်ဆစ်တော်လှန်ရေးမှာမူ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာများချည်းသာ ကွပ်ကဲတိုက်ပွဲဝင်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်မြန်မာ့တပ်မတော်၏ ပထမဦးဆုံးသော စစ်ဆင်ရေးကြီးဖြစ်သည်။ ဂျပန်တို့က မြန်မာ့တပ်မတော်အား မျက်ခြည်မပြတ် စောင့်ကြည့်နေသည့်ကြားမှပင် ပရိယာယ်ကြွယ်ဝသော ဗိုလ်ချုပ်အောင်ဆန်း၏နည်းဗျူဟာကြောင့် ဂျပန်တို့အားတိုက်ခိုက်ရန် တပ်ဖြန့်ခြင်းကို ဂျပန်တို့၏ရှေ့တွင်ပင် အခမ်းအနားဖြင့် လုပ်ဆောင်နိုင်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကြီးအတွင်း ဂျပန်စစ်သား နှစ်သောင်းကျော်ထက်မနည်း သုတ်သင်နိုင်ကာ အရှင်ရမ်းသည်ဟု နာမည်ကြီးသည့် ဂျပန်တို့အား သုံ့ပန်းများအဖြစ် အများအပြား ဖမ်းမိခဲ့သည်။ ဂျပန် အမှတ် ၅၃ တပ်မကြီးတစ်ခုလုံးကို အပြုတ်ချေမှုန်းကာ ဂျပန်ဗိုလ်ချုပ် (ဗိုလ်ချုပ်ကြီးတစ်ယောက်၊ ဗိုလ်ချုပ်နှစ်ယောက်) သုံးယောက်ကိုပါ သတ်ဖြတ်နိုင်ခဲ့သည်။ အရေးပါသော စာရွက်စာတမ်းများ သိမ်းယူရရှိကာ မဟာမိတ်တပ်များလက်အပ်နှံခဲ့သည်။

## စစ်ဗျူဟာလေ့လာချက်

ဗိုလ်ချုပ်အောင်ဆန်းသည် အရှေ့တိုင်း၊ အနောက်တိုင်း စစ်ဗျူဟာများကို အချိန်ရသလို လေ့လာခဲ့သူဖြစ်သည်။ မြန်မာ့စစ်သေနင်္ဂဗျူဟာ ကျမ်းတစ်စောင်အတွက် သူရေးပေးသည့် အမှာစာမှာ အမှာစာဟုဆိုသော်လည်း သူ၏ အရှေ့တိုင်း၊ အနောက်တိုင်း သေနင်္ဂဗျူဟာများအကြောင်း သုံးသပ်ချက်များပါ ပါနေသဖြင့် ဆောင်းပါးတစ်စောင်သဖွယ် ရှည်လျားသွားခဲ့သည်။ ထိုဆောင်းပါးပါ ဗိုလ်ချုပ်၏ လေ့လာဆန်းစစ်ချက်များကို ဖတ်ရှုရခြင်းဖြင့် သူသည် စစ်ရေးဆိုင်ရာ သေနင်္ဂဗျူဟာများကို စိတ်ဝင်တစား လေ့လာထားသူဖြစ်ကြောင်း တွေ့ရသည်။

## ဗိုလ်ချုပ်

ဖက်ဆစ်တော်လှန်ရေးအပြီး အင်္ဂလိပ်အဝင်တွင်မူ တိုက်ပွဲဝင် ကာလပြီးဆုံးသွားခဲ့ပြီး ဗိုလ်ချုပ်သည် တပ်မတော်အား အင်္ဂလိပ်တို့ကို အကျပ်ကိုင်ရန် အင်အားစုတစ်ရပ် Deterrence၊ အလျှော့အတင်း အပေးအယူလုပ်ရန် အင်အားစု (Bargaining Chip) အဖြစ်သာ အသုံးပြုခဲ့တော့သည်။ မြန်မာ့တပ်မတော်သေနာပတိအဖြစ်မှ နုတ်ထွက်ကာ နိုင်ငံရေးလောကသို့ ဝင်ရောက်ဦးဆောင်လှုပ်ရှားခဲ့သောကြောင့် တရားဝင်အားဖြင့် ဗိုလ်ချုပ်သည် စစ်ခေါင်းဆောင်မဟုတ်တော့သော်လည်း တပ်မတော်သားအားလုံး၏ စိတ်ထဲတွင်မူ ဗိုလ်ချုပ်သည်သာ သူတို့၏ခေါင်းဆောင်အဖြစ် မှတ်ယူထားဆဲ၊ နိုင်ငံသားတို့ကလည်း ဗိုလ်ချုပ်အဖြစ် မှတ်ယူထားဆဲဖြစ်သည်။ 'ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း နုတ်ထွက်ခဲ့သော်လည်း နိုင်ငံရေးဗိုလ်တို့တွင် ခေါင်ကချုပ်ထားလျက်ပင်



ရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်းဟူသော ဘွဲ့ထူးကို ဆက်လက်ချီးမြှင့်လိုက်သည်' ဟု မြန်မာ့အလင်းသတင်းစာကြီးက ကြေညာခဲ့လေသည်။' (ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ)

အမှိုင်သို့ ခိုးထွက်အပြီး ဂျပန်တို့နှင့်အဆက်အသွယ်ရ၊ မြန်မာလူငယ်များအား ခိုးထုတ်၊ ထိုင်ဝမ်(တရုတ်တိုင်ပေ)နှင့် ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်၊ ထိုင်းတွင် ဘီအိုင်အေဖွဲ့၊ မြန်မာပြည်အတွင်း ဂျပန်တို့နှင့်အတူ ချီတက်ကာ စစ်ခေါင်းဆောင်ဘဝသို့ လပိုင်းအတွင်း ကူးပြောင်းနိုင်ခဲ့သည့် ကိုအောင်ဆန်းဆိုသော ပုဂ္ဂိုလ်သည် မြန်မာပြည်သူတို့၏ စိတ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းအဖြစ် ကာလရှည်ကြာစွာ ကိန်းအောင်းနေခဲ့ပေသည်။

**The Voice Weekly Vol 6-No.30**

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်၏ ဉာဏ်ရည်သည် သူ၏အင်္ဂလိပ်စာ အရည်အသွေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဗိုလ်ချုပ်၏ အင်္ဂလိပ်စာကောင်းမွန်သောကြောင့် သူ၏ဉာဏ်ရည် တိုးတက်အောင် ဖြည့်ဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်စာ ထူးချွန်အောင်လည်း ဗိုလ်ချုပ်သည် အစွမ်းကုန် ကြိုးစားခဲ့ပေသည်။

# အင်္ဂလိပ်စာနှင့် ဗိုလ်ချုပ်

'မင်းတို့ ငါတို့ဟာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ဘယ်လောက် ပြင်းထန်တက်ကြွတယ်ဆိုတာ တို့ဟာတို့ အသိဆုံးပဲ၊ ငါ ကိုယ်တိုင်အင်္ဂလိပ်စာကို အထူးလေ့လာလိုက်စားခဲ့တယ်၊ အင်္ဂလိပ်လို အရေးအသား ကျွမ်းကျင်နိုင်နင်းအောင်လည်း လေ့ကျင့်ခဲ့တယ်၊ ဒီမယ် ... ဟောကောင်၊ ငါရှင်းရှင်းပဲ ပြောမယ်၊ ငါတို့က နယ်ချဲ့သမားဆီက လွတ်လပ်ရေး ပြန်ရအောင် ကြိုးစားရာမှာ သူတို့ဘာသာစကားနဲ့စာပေကို ကျွမ်းကျင်အောင် လေ့လာထားရမယ်၊ ဒါမှသာ ငါတို့က သူတို့နဲ့ လွတ်လပ်ရေးကိစ္စအကြောင်း ရေရေလည်လည် ဆွေးနွေးနိုင်မယ်၊ အရေးဆိုနိုင်မယ်၊ ကုန်ကုန်ပြောမယ်ကွာ၊ လိုအပ်ရင် နယ်ချဲ့သမားကို သူတို့ဘာသာစကားနဲ့ ရန်ဖြစ်နိုင်မယ်၊ ရေရေလည်လည် ဆဲနိုင်မယ် မဟုတ်လား၊ ဒါကြောင့် ငါတို့ အင်္ဂလိပ်စာကျွမ်းကျင်အောင် ကြိုးစားလေ့လာထားရမယ်။' (ဗိုလ်ချုပ်ဒေ ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ၄၂၁)

ဗိုလ်ချုပ်ဉာဏ်ရည်မြင့်မားသောကြောင့် နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းမှုကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ကြောင်း၊ ဗိုလ်ချုပ်၏ ဉာဏ်ရည်သည် တစ်နေ့တခြားတိုးတက်လာခဲ့ခြင်းမှာ အစဉ်တစိုက် စာဖတ်သောကြောင့်ဖြစ်ကြောင်း ဆောင်းပါးတစ်ပုဒ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဗိုလ်ချုပ်သည်လွတ်လပ်ရေး ကြိုးပမ်းရာတွင် အသုံးဝင်လှသည့် နိုင်ငံရေး၊ စီးပွားရေး အတွေးအခေါ်အများစုကို အင်္ဂလိပ်စာဖြင့် ရေးသားထားသော စာအုပ်များမှရရှိခဲ့ခြင်းဖြစ်သည်။ သူထိုသို့ ရရှိခဲ့ခြင်းမှာ အင်္ဂလိပ်လို ပိုင်ပိုင်နိုင်နိုင် ဖတ်ရှုနိုင်လောက်အောင် အင်္ဂလိပ်စာ ကောင်းမွန်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်၏ ဉာဏ်ရည်သည် သူ၏အင်္ဂလိပ်စာ အရည်အသွေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဗိုလ်ချုပ်၏ အင်္ဂလိပ်စာကောင်းမွန်သောကြောင့် သူ၏ဉာဏ်ရည် တိုးတက်အောင် ဖြည့်ဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်စာ ထူးချွန်အောင်လည်း ဗိုလ်ချုပ်သည် အစွမ်းကုန် ကြိုးစားခဲ့ပေသည်။

"ကျောင်းသားဘဝကတည်းက တစ်နေ့ကျရင် ငါတို့ဟာ အင်္ဂလိပ်နယ်ချဲ့သမားဆီက လွတ်လပ်ရေးပြန်ရအောင်လုပ်ရမယ်ဆိုတာ စိတ်ထဲဖြစ်ပေါ်လာရာက နယ်ချဲ့သမားရဲ့ဘာသာစကားနဲ့စာပေကို ရေရေလည်လည်တတ်မြောက်ကျွမ်းကျင်ဖို့ လိုအပ်တယ်လို့ ယူဆခဲ့မိတယ်။ တစ်ခုတော့ရှိတယ်၊ မင်းတို့လိုတော့ ရှိတ်စပီးယား၊ ဒစ်ကင်း၊ ရှယ်လီတို့ရဲ့ ဂန္ထဝင်မြောက် စာပေလက်ရာတွေ မလေ့လာခဲ့ဘူး။ လေ့လာဖို့လည်း အချိန်မရခဲ့ဘူး၊ ငါအဓိကထားလေ့လာခဲ့တာကတော့ အင်္ဂလိပ်လို စကားပြေအရေးအသားကျွမ်းကျင်နိုင်နင်းဖို့ပဲ၊ ဒါမှ ငါတို့လွတ်လပ်ရေးအတွက် အရေးဆိုရာမှာ အထောက်အကူဖြစ်လိမ့်မယ်လို့ ငါယုံကြည်ခဲ့တယ်။ ပြီးတော့ ငါက အင်္ဂလိပ်စာတွေ အများကြီး ဖတ်တယ်။ အထူးသဖြင့် အိန္ဒိယခေါင်းဆောင်ကြီး မစ္စတာနေရူးရဲ့ အင်္ဂလိပ်အရေးအသားကို သဘောကျလို့ သူ့လက်ရာမှန်သမျှ ငါအကုန်ဖတ်ခဲ့တယ်။ ရေးသားပုံလည်း အတုခိုးတယ်။ သူက မူလတန်းကျောင်းသားဘဝကတည်းက အင်္ဂလန်မှာ ကျောင်းနေခဲ့တော့ အင်္ဂလိပ်ဘာသာကို အင်္ဂလန်သား အင်္ဂလိပ်လူမျိုး အတော်များများ ထက်တောင် ပိုတော်သေးတယ်။" ( ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ၂၉၃)

ဗိုလ်ချုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးခရီးကို လျှောက်လှမ်းရာတွင် အင်္ဂလိပ်စာ၏အခန်းကဏ္ဍရှေ့ရေးကို ကြိုမြင်သောကြောင့် အင်္ဂလိပ်စာကို ကြိုတင်လေ့လာခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်တို့၏ အနေအထိုင်အကျင့်အကြံတို့ကို အထင်ကြီးသောကြောင့် အင်္ဂလိပ်စာ လေ့လာခဲ့ခြင်းမဟုတ်။ **မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ**' ဟုကြွေးကြော်ခဲ့သည့် သခင်ပါတီခေါ် 'တို့ဗမာအစည်းအရုံး'တွင် သခင်အောင်ဆန်းအနေဖြင့် တက်ကြွစွာလှုပ်ရှားခဲ့သည်မဟုတ်ပါလား။ အင်္ဂလိပ်နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးပြန်လည်ရရန် ကြိုးပမ်းရာတွင် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရန်လိုကြောင်း



သိသောကြောင့် ကျောင်းသားဘဝမှစကာ အင်္ဂလိပ်စာကို အပတ်တကုတ် အားထုတ်လေ့လာခဲ့ခြင်းဖြစ်သည်။

ဘုန်းကြီးကျောင်းထွက်၊ အမျိုးသားကျောင်းထွက်ဖြစ်သော်လည်း အင်္ဂလိပ်စာအရေးအသားကောင်းနေသဖြင့် သူ့အကြောင်း ကြားဖူးသော ကျောင်းသားများက 'ဒီလူဟာ ဘုန်းကြီးကျောင်းက ထွက်လို့သာဟော့။ ဒိုင်အိုတို့ စိန်ပေါတို့က ထွက်ရင် အင်္ဂလိပ်တွေကို သူက ပြန်သင်မှာ' (ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ၊ စာ ၅၂)ဟု ချီးကျူးကြလေသည်။ အင်္ဂလိပ်ကျောင်းထွက်မဟုတ်သောကြောင့်သာ တော်တော့သည်၊ သို့မဟုတ်က အင်္ဂလိပ်စာပင် ပြန်သင်လိမ့်မည်ဟု မိတ်ဆွေများက အောချယူရခြင်းဖြစ်သည်။

အင်္ဂလိပ်ကျောင်းထွက် မဟုတ်သော ကိုအောင်ဆန်းသည် သူ့အရပ် သူ့ဒေသတွင် အင်္ဂလိပ်စာ မည့်သော်လည်း တက္ကသိုလ်ရောက်စတွင်မူ အင်္ဂလိပ်ကျောင်းထွက်များနှင့်ယှဉ်လျှင် အားနည်းနေခဲ့သည်။ တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်သည့် ဟောပြောပွဲများ၊ စကားရည်လုပွဲများတွင် ဟောပြောဆွေးနွေးလိုသော်လည်း သူ၏ အင်္ဂလိပ်စာမှာ လေယူလေသိမ်းလည်းမကောင်း၊ စကားအသုံးအနှုန်းများလည်း လွဲမှားနေသောကြောင့် ကျောင်းသားပရိသတ်များ၏ အလှောင်အပြောင်ကို ခံခဲ့ရသည်။ သို့သော် အင်္ဂလိပ်စာသည် သူ့အတွက်ရော နိုင်ငံအတွက်ပါ အရေးကြီးကြောင်း သိရှိထားသည့် ကိုအောင်ဆန်းသည် အင်္ဂလိပ်စာကို အပတ်တကုတ် ကြိုးစားလေ့လာခဲ့သည်။ နိုင်ငံလွတ်လပ်ရေးရအောင် အကြံဉာဏ်များရရန် စာအုပ်များဖတ်ရှု၊ ရပ်ရှင်များကြည့်ရင်းဖြင့် ပညာလည်းရ၊ အင်္ဂလိပ်စာလည်း ကျွဲကူးရေပါ တိုးတက်ခဲ့ပြန်သည်။

အင်္ဂလိပ်စာကို ဗိုလ်ချုပ်အပတ်တကုတ်လေ့လာထားခြင်းကြောင့် နိုင်ငံလွတ်လပ်ရေးအတွက် အကြံဉာဏ်ကောင်းများ၊ နည်းဗျူဟာကောင်းများသာ ရရှိခဲ့သည်မဟုတ်ဘဲ နောင်အင်္ဂလိပ်ဗိုလ်ချုပ်ကြီးများ၊ ဗြိတိန်လွှတ်တော်အမတ်များ၊ ဗြိတိန်ခေါင်းဆောင်များနှင့် အချေအတင် တွေ့ဆုံဆွေးနွေးရာတွင် များစွာထိရောက်ခဲ့သည်။ အထူးသဖြင့် နိုင်ငံလွတ်လပ်ရေးဆွေးနွေးရာတွင် အကြောင်းအရာများမှာ သိမ်မွေ့သလောက် စကားလုံးတစ်လုံးချင်းစီမှာ အရေးကြီးလှသောကြောင့် အင်္ဂလိပ်ဘာသာအရည်အချင်း အထူးမြင့်မားရန် လိုအပ်လှသည်။ အင်္ဂလိပ်စာအသုံးအနှုန်း လွဲမှားသွားပါက နိုင်ငံအတွက် အကျိုးအလွန်ယုတ်သွားနိုင်သည်။ တစ်ဖန် မိမိနှင့် ဆွေးနွေးဖက် ပုဂ္ဂိုလ်များလက်ခံလာအောင် စကားလုံးအမျိုးမျိုး လိုက်လျောညီထွေသုံးစွဲကာ အကျိုးအကြောင်းတင်ပြရန်လည်းလိုသည်။ ဗိုလ်ချုပ်၏အင်္ဂလိပ်စာအရည်အသွေးမှာ ထိုစိန်ခေါ်မှုကို ရင်ဆိုင်နိုင်စွမ်း ရှိနေခဲ့ပြီ။ ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက အင်္ဂလိပ်ဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆလင်းနှင့်တွေ့ဆုံဆွေးနွေးရာတွင် ဆလင်း၏လေးစားမှုကို ဗိုလ်ချုပ် ချက်ချင်းရရှိသွားခဲ့ကြောင်း နောက်ပိုင်းတွင် ဆာဝီလီယံဆလင်းကိုယ်တိုင်ရေးသားခဲ့သည့် Defeat into Victory စာအုပ်တွင် ဝန်ခံထားခဲ့သည်။ ရုပ်ရည်၊ ဟန်ပန်ကြောင့်သာမကဘဲ ဗိုလ်ချုပ်က ဟာသများပင်ဖက်ကာ အင်္ဂလိပ်လို ချက်ကျလက်ကျ ပြောဆိုနိုင်ခြင်းကြောင့် ဆလင်း၏ လေးစားမှုကို ချက်ချင်းရခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်သည် မိန့်ခွန်းရေးသူမထား ကိုယ်တိုင်ရေးသည်။ အင်္ဂလိပ်လို ဟောပြောသည်ဖြစ်စေ၊ မြန်မာလို ဟောပြောသည်ဖြစ်စေ မိန့်ခွန်းကို အင်္ဂလိပ်လိုရေးသည်။ အင်္ဂလိပ်လို ရေးထားသည့် ထိုမိန့်ခွန်းကိုကိုင်ကာ လက်တန်းမြန်မာပြန် ဟောပြောသည်။ သူ၏ မိန့်ခွန်းများတွင် သုံးစွဲသည့် အင်္ဂလိပ်စာမှာ ထိမိအဆင့်မြင့်လှသဖြင့် အမေရိကန်သတင်းထောက်တစ်ဦးကပင် မိန့်ခွန်းကို မိမိဘာသာရေးသလား၊ မိန့်ခွန်းရေးသူထားကာ ရေးသလားဟုပင် မေးခွန်းထုတ်ခံရဖူးသည်။

မိမိကြီးပွားရေး၊ နိုင်ငံကြီးပွားရေးအတွက် မိမိ၏အင်္ဂလိပ်စာ အရည်အသွေးမြင့်မားရန် လိုအပ်လှသည်။ ဗိုလ်ချုပ်ဆန့်ကျင် တော်လှန်ခဲ့သည့် နေမဝင် ဗြိတိသျှအင်ပါယာကြီး ယနေ့ခေတ်တွင် နေဝင်ခဲ့ပြီဖြစ်သော်လည်း အင်္ဂလိပ်ဘာသာ၏ အရေးပါမှုကား တစ်နေ့တခြား တိုးကာသာနေသည်။ ကမ္ဘာအရပ်ရပ်မှ အသစ်အသစ်သော ဗဟုသုတများ၊ ပညာများသည် အင်္ဂလိပ်ဘာသာဖြင့်သာ အများဆုံး ထွက်ရှိနေသည်။ အင်္ဂလိပ်စာမတတ်လျှင် ထိုဗဟုသုတများ၊ ပညာများသည် မိမိနှင့် အလှမ်းဝေးနေပေမည်။ ထိုအခါ ပညာခေတ်၊ သတင်းအချက်အလက်ခေတ် (Information Age)၊ သုတခေတ် (Knowledge Age) ဟု ဆိုသော ယခုခေတ်တွင် ပထမဆင့် မိမိကိုယ်တိုင် နောက်ကျကျန်မည်၊ ထိုအခါ မိမိတို့ကဲ့သို့ နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အမိနိုင်ငံ နောက်ကျကျန်မည်။

အင်္ဂလိပ်ဘာသာမကျွမ်းကျင်လျှင် နိုင်ငံတကာတွင် ပွဲလယ်မတင့်နိုင်ဘဲ နှုတ်ဆိတ်ကာသာ နေရမည်။ ထိုအခါ မိမိတွင် အတွေးအကြံများ မည်မျှပင် ကြွယ်ဝကြွယ်ဝ၊ ပညာမည်မျှပင်ရှိရှိ မိမိအကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွားကို တိုးတက်စေရန် အခြားလူအများ လက်ခံလာအောင် ပြောဆိုတင်ပြနိုင်ခြင်းရှိမည်မဟုတ်ပေ။

ကျွန်တော်တို့နိုင်ငံတွင် အပြည်ပြည်မှပညာများ၊ အသိဉာဏ်များကို ဘာသာပြန်ဆိုဖော်ပြမှုများရှိနေသော်လည်း ဂျပန်၊ ထိုင်းကဲ့သို့ နိုင်ငံမျိုးများနှင့်မူ ကွာဟမှုကြီးမားနေဆဲဖြစ်သည်။ ထိုနိုင်ငံများတွင် အင်္ဂလိပ်ဘာသာဖြင့် ထွက်ရှိနေသော သုတရသများကို အားကောင်းကောင်းဖြင့် ဘာသာပြန်ဆိုနေသည့်အတွက် အင်္ဂလိပ်ဘာသာ မကျွမ်းကျင်



လျှင်ပင် ခေတ်မီသုတရသများကို လိုက်မီနေသည်။ ကျွန်တော်တို့ နိုင်ငံတွင်မူ တစ်ကမ္ဘာလုံးတွင် နေ့စဉ်၊ လစဉ်ထွက်ရှိနေသော စာအုပ်ကောင်းများအနက် မပြောပလောက်သော အစိတ်အပိုင်းမျှကိုသာ ဘာသာပြန်ဆိုနိုင်သေးပြီး အချို့မှာ အရည်အသွေးအားဖြင့်လည်း လိုအပ်ချက်ရှိနေပါသေးသည်။ ထို့ကြောင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေး အင်္ဂလိပ်လို တိုက်ရိုက်ဖတ်နိုင်ရန်၊ နားထောင်နိုင်ရန် အထူးလိုအပ်သည်။ အင်္ဂလိပ်လို ဖတ်နိုင်၊ လေ့လာနိုင်ပါမှ အင်တာနက်ပေါ်တက်ရုံဖြင့် ခေတ်မီပညာဗဟုသုတများကို လက်လှမ်းမီနိုင်မည် ဖြစ်သည်။

ယနေ့ခေတ်သည် ရှေးယခင်ကကဲ့သို့ နိုင်ငံများကို ကျူးကျော်ပြီး ကိုလိုနီပြုသည့်ခေတ်မဟုတ်တော့ပါ။ နိုင်ငံသားများ ပညာနုံနဲ့သည့်နိုင်ငံ၊ ခေတ်မမီသည့် နိုင်ငံက အခြားနိုင်ငံများ၏ စစ်ရေးနည်းမဟုတ်သည့်နည်းများ Soft Power ဖြင့် လွှမ်းမိုးခြင်းကို ခံကြရမည်။ မိမိတို့၏ အတွေးအကြံများ၊ အပြုအမူများ၊ အနေအထိုင်များ၊ ဝယ်ယူသုံးစွဲမှုများသည် အခြားနိုင်ငံများ၏ အလိုကျဖြစ်နေပါက အကြမ်းနည်း Hard Power သုံးရန် မလိုတော့ပါ။ ဆက်သွယ်ရေးနည်းပညာ၊ သယ်ယူပို့ဆောင်ရေးနည်းပညာ တိုးတက်မှုများကြောင့် နယ်ခြားများ ကျုံ့ပွင့်သွားခဲ့ပြီဖြစ်သည့် ကမ္ဘာကြီးတွင် အမြောက်တစ်ချက်၊ သေနတ်တစ်ချက် မဖောက်ရဘဲ မိမိတို့ပင် သတိမထားမိလိုက်ဘဲ အခြားနိုင်ငံ၏ ခြယ်လှယ်ခြင်းကို ခံရကာ လွတ်လပ်ရေး ဆုံးရှုံးသွားမည်။ ထို့ကြောင့် အင်္ဂလိပ်စာ ထူးချွန်အောင် ကြိုးစားခဲ့သော ဗိုလ်ချုပ် အရယူပေးခဲ့သည့် လွတ်လပ်ရေးကို ထိန်းသိမ်းရန် အင်္ဂလိပ်စာကောင်းမွန်ရေး အထူးလိုအပ်နေပါသည်။

The Voice Weekly Vol 6-No.31

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေး ပြန်လည်ရရှိရန် ဆိုသည်မှာ ခက်ခဲသော လမ်းခရီးကြမ်းဖြစ်ရာ
အတားအဆီးပေါင်းများစွာ၊ အန္တရာယ်များစွာ ကြုံတွေ့ရမည်။
ခေါင်းဆောင်မည့်သူသည် မိမိကိုယ်တိုင် စိတ်ဓာတ်တက်ကြွသောပုဂ္ဂိုလ်၊
အလွယ်တကူ စိတ်မပျက်သော အားမလျော့သောပုဂ္ဂိုလ်ဖြစ်မှသာ
သူ၏ နောက်လိုက်များသည်လည်း စိတ်ဓာတ်တက်မည်ဖြစ်သည်။
ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ အနီးကပ်ရဲဘော်များအတွက်ရော တစ်နိုင်ငံလုံးရှိ
ပြည်သူများအတွက်ပါ "အားဆေး" ဖြစ်ခဲ့သည်။

# စိတ်အားတက်ကြွစေသူခေါင်းဆောင်

'He gave us heart and hope... Aung San kept a cheerful and confident mood.'

pg 146, Aung San of Burma by Dr. Mg Mg

'သူ့ကြောင့် ကျွန်တော်တို့ စိတ်နှလုံးတက်ကြွတယ်၊ မျှော်လင့်ချက်တွေ တက်လာတယ်။ အောင်ဆန်းက အမြဲခပ်ရွှင်ရွှင်နေပြီး ကိုယ့်ကိုယ်ကိုယုံကြည်မှု အပြည့်ရှိတယ်။' (ဗမာ့အောင်ဆန်း၊ ရေးသူ ဒေါက်တာ မောင်မောင်၊ စာ ၁၄၆)

အဓိကအရေးကြီးသော ခေါင်းဆောင်အရည်အချင်းမှာ မိမိ၏အဖွဲ့သားများ၊ နောက်လိုက်များ၊ ပြည်သူများအား စိတ်အားတက်ကြွလာအောင် လှုံ့ဆော်နိုင်ခြင်းဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင် လျှမ်းလျှမ်းတောက်ခဲ့သည့် ခေါင်းဆောင်အများအပြားသည် စိတ်အားတက်ကြွအောင် လှုံ့ဆော်နိုင်သူများဖြစ်သည်။ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ဂျာမန်နာဇီအာဏာရှင် ဟစ်တလာ၊ အီတလီဖက်ဆစ်ခေါင်းဆောင် မူဆိုလီနီတို့သည်လည်းကောင်း၊ အိန္ဒိယခေါင်းဆောင်ကြီး ဂန္ဒီသည်လည်းကောင်း နောက်လိုက်များ၊ ပြည်သူများ၏ စိတ်ဓာတ်တစ်ပှုန်ထိုး တက်အောင် ဆော်နိုင်

www.burmeseclassic.com



သူများ ဖြစ်သည်။ ပာစ်တလာဆိုလျှင် သူနှင့် ခဏတာမျှ စကားပြောရုံဖြင့် ဂျာမန်နိုင်ငံတော်အတွက် အသက်စွန့်တော့မည်ဟု စိတ်ထားဝင်သွားတတ်ကြသည်။ ခေါင်းဆောင်မှုပညာရပ်တွင် စိတ်ဓာတ်တက်ကြွခြင်း၊ စိတ်ဓာတ်တက်ကြွအောင်လှုံ့ဆော်ခြင်း Motivation ကို အဓိကဘာသာရပ်ခွဲတစ်ခုအဖြစ် အထူးလေ့လာကြသည်။

ခေါင်းဆောင်တို့သည် ဆလိုက်မီးရောင်အောက်တွင် အမြဲနေရသည့် ပြဇာတ်မင်းသား မင်းသမီးများသဖွယ်ဖြစ်ရာ နောက်လိုက်များက သူတို့၏အရိပ်အကဲကို အမြဲကြည့်နေကြသည်။ အထူးသဖြင့် စိတ်ဓာတ်ကျသည့်အချိန်၊ အားငယ်ချိန်များတွင် ခေါင်း ဆောင်ကိုလှမ်းကြည့်လေ့ရှိရာ ခေါင်းဆောင်၏မျက်နှာပေါ် ညှိုးနေပါက နောက်လိုက်များမှာ ပုံလဲဖွယ်သာရှိတော့သည်။ အခြေအနေဆိုးရွားနေသော်လည်း ခေါင်းဆောင်ဖြစ်သူက စိတ်မပျက်ဘဲ လုပ်စရာရှိသည်များကိုလုပ်၊ ဦးဆောင်စရာရှိသည်များကို ဦးဆောင်နေလျှင် အဖွဲ့သားများပြန်လည် အားတက်လာပေလိမ့်မည်။ ခေါင်းဆောင်ဆိုသည်မှာ မိမိအဖွဲ့သားများ၏ အားဆေးဖြစ်ရန်လိုသည်။

အမေရိကန်ပြည်ထောင်စုသမိုင်းတွင် သမ္မတဖရန်ကလင် ရုစဗဲ့သည် နာမည်ကျော်သမ္မတဖြစ်သည်။ သူသည် ကမ္ဘာ့စီးပွားပျက်ကပ်ကြီးဖြစ်ပေါ်ချိန်တွင် သမ္မတဖြစ်လာခဲ့သည်။ ထိုသို့အမေရိကန်တစ်နိုင်ငံလုံး ဒုက္ခပင်လယ်ဝေနေချိန်တွင် သူ့အား အများပြည်သူက မြင်တွေ့လိုက်လျှင် အပြုံးဝေဝေဆာဆာနှင့်သာ တွေ့ရသည်။ ဟန်ဆောင်ပြုံးမဟုတ်၊ မဲ့ပြုံးမဟုတ်။ သတင်းစာများတွင် တွေ့ရသော သူ့ရုပ်ပုံများတွင် ကျေကျေနပ်နပ်ကြီး ပြုံးနေသော သူ့အပြုံးက အမြဲပါလေ့ရှိသည်။ အတိဒုက္ခရောက်နေသော အမေရိကန် ပြည်သူများအဖို့ သူတို့သမ္မတ၏အပြုံးက အားဆေးတစ်ခွက်ဖြစ်သည်။ မပူကြနှင့်၊ ကြိုးသာကြိုးစားကြ၊ အမေရိကန်နိုင်ငံ ထိုအခက်အခဲတွင်းမှ လွတ်မြောက်နိုင်မည် ဟူသောအပြုံး။ အမှန်တော့ ရုစဗဲ့ကိုယ်တိုင်က လမ်းပင် မနည်းကြိုးစားလျှောက်လှမ်း နေရသောပုဂ္ဂိုလ်။ လမ်းလျှောက်ဖို့ရာသည် သူ့အဖို့ ဇရာမစိန်ခေါ်မှုကြီးပင်။ သူလဲကျလျှင် တော်တော်နှင့် ပြန်မထမရ။ သန်သန်မာမာ ကိုယ်ရုံတော်နှစ်ယောက် ပြေးလာထူမှ မှရသည်။ သို့သော်လည်း ရုစဗဲ့သည် သူ့ဝေဒနာဖိစီးနေသည့်ကြားမှ အပြုံးမပျက်။

နောက်ဆုံးတွင် အမေရိကန်နိုင်ငံသည် စီးပွားပျက်ကပ်ကြီးအတွင်းမှ ရုန်းထွက်နိုင်ခဲ့သည်။ ထိုသို့ ပြန်လည်နာလန်ထခြင်းတွင် သမ္မတရုစဗဲ့သည် အဓိက အကြောင်းရင်းတစ်ရပ်ဟု အသိအမှတ်ပြုခံရသည်။ ထို့နောက်တွင် အမေရိကန်သည် ဒုတိယကမ္ဘာစစ်ကို အနိုင်တိုက်နိုင်ခဲ့ကာ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာ



ခဲ့သည်။ 'အားဆေးခေါင်းဆောင်' ကို မှတ်ကျောက်တင်ခဲ့သည့် ဖြစ်ရပ်ပင်။

**ရာဇဝင်**

ခေါင်းဆောင်တည်းဟူသော ပုဂ္ဂိုလ်၏ 'လုပ်လျှင်ဖြစ်သည်' ဆိုသော နောက်ကြောင်းရာဇဝင်မှာလည်း နောက်လိုက်များအတွက် 'အားဆေး' ပင်ဖြစ်သည်။ ယခင်ယခင်က အောင်မြင်မှုများစွာ ရရှိထားသော၊ အခက်အခဲများကို ကျော်ဖြတ်ထားသော သမိုင်းကြောင်းကြောင့် သူ့အား အဖွဲ့သားများက အားကိုးကြမည်၊ မိမိတို့လက်ရှိကြုံနေရသော အခက်အခဲကို ခေါင်းဆောင်၏ ဦးဆောင်မှုဖြင့် ဖြေရှင်းလိုက်လျှင် အဆင်ပြေချောမွေ့သွားမည်ဟု ယုံကြည်ကြမည်။ ထို့ကြောင့် 'အားဆေး' ဖြစ်ရန် ခေါင်းဆောင်သည် အောင်မြင်မှု မှတ်တမ်းကောင်းဖို့လိုသည်။

**စွမ်းရည်မြင့်**

အဖွဲ့သားများ စိတ်အားတက်ကြွလာစေရန် အားပေးသော ခေါင်းဆောင်များသည် အဖွဲ့၏ အားဆေးများ ဖြစ်လာတတ်ကြသည်။ စိတ်ကြွဆေး ထိုးပေးသကဲ့သို့ ပြောနေစဉ်၊ ပြောပြီး မကြာမီလေးတွင် စိတ်ဓာတ်တက်နေပြီး နောက်ပိုင်းတွင် ဒုံရင်းဒုံရင်း ပြန်ဆိုက်ခြင်းကို မဆိုလို။ လူဆိုသည်မှာ လုပ်ရည်ကိုင်ရည် အားနည်းလျှင် မိမိဘာသာ သိပြီး အားငယ်တတ်သောကြောင့် အဖွဲ့သားတို့ လုပ်နိုင်ကိုင်နိုင်လာအောင် အားပေးရမည်။ တာဝန်ပေးအပ်ရမည်။ တာဝန် လွှဲအပ်လုပ်ကိုင်စေခြင်း၊ လေ့ကျင့်ပေးခြင်းသည် အကောင်းဆုံးအားဆေးပင်ဖြစ်သည်။ နောက်လိုက်များ ပိုမိုလုပ်နိုင် ကိုင်နိုင်လာလျှင် သူတို့ကိုယ်ကို ယုံကြည်မှုတိုးလာမည်။ ယုံကြည်မှုတိုးလာက အားတက်လာမည်။ အဖွဲ့သားများ၏ စွမ်းရည်တိုးလာခြင်းထက် ကောင်းသော အားဆေးမရှိပါ။ အဖွဲ့သားများအရည်အချင်းတိုးတက်ရန် နှုတ်အားဖြင့်လည်းကောင်း၊ လက်အားဖြင့်လည်းကောင်း ဂရုစိုက်ပျိုးထောင်ပေးသူများသည် 'အားဆေးခေါင်းဆောင်' များပင်ဖြစ်သည်။

**အကောင်းမြင်တတ်ခြင်း**

ခေါင်းဆောင်သည် အကောင်းမြင်သူဖြစ်လျှင် နောက်လိုက်များတွင် စိတ်ခွန်အားဖြစ်စေသည်။ အကောင်းမြင်သည်ဆိုသည်မှာ ထိုင်နေရုံဖြင့် စိတ်ကူးယဉ်ဆန်ဆန် သူ့အလိုလိုကောင်းသွားမည်ဟု မျက်စိမှိတ်ယုံကြည်နေသူဟုမဆိုလို။ အခြေအနေဆိုးဝါးသည်မှာ မှန်သည်၊ အကျပ်အတည်းဆိုက်ရောက်နေသည်မှာ မှန်သည်။ သို့သော် မိမိတို့သာ တက်ညီလက်ညီ အားကုန်ထုတ်လျှင် အခက်အခဲကို ကျော်လွှားနိုင်မည်ဟု သူက ယုံကြည်သည်။ ထိုသူမျိုးသည် မည်မျှပင် လဲကျလဲကျ ပြန်ထနိုင်သူပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ဓာတ်ကြံ့ခိုင်သူ

ဘောလုံးပွဲတွင် မိမိအသင်းက ဂိုးပြတ်ရှုံးနေသည်။ အသင်းသား အားလုံးလိုလို စိတ်ဓာတ်ကျဆင်းနေသည်။ ပွဲပြီးဖို့ အချိန်မှာလည်း နီးကပ်သည်ထက် နီးကပ်လာပြီ။ ရှုံးဖို့သေချာသလောက်ရှိနေသည်။ သို့သော် ဘောလုံးသမားတစ်ယောက်မှာကား စိတ်ဓာတ်မကျ။ အားကုန်ညှစ်ပြီး ကစားသည်။ သူ့ကို ကြည့်ပြီး အခြားကစားဖော်များ အားအနည်းငယ် ပြန်တက်လာသည်။ ထိုအချိန်တွင် သူဂိုးသွင်းလိုက်နိုင်သည်။ အသင်းဖော်များ စိတ်အားတက်ကြွလာပြီး တင်ကစားရာ နောက်ဆုံးအနိုင်ပင်ရ လိုက်သည်။ ယင်းမှာ ဘောလုံးပွဲများတွင် မြင်တွေ့ရတတ်သော မြင်ကွင်းဖြစ်သည်။ အထက်ပါ ဘောလုံးသမားသည် အသင်းခေါင်းဆောင် ဟုတ်ချင်မှ ဟုတ်မည်၊ သို့သော် ထိုအခိုက်အတန့်ကလေးတွင် သူသည် ကျန်အသင်းသားများ၏ ခေါင်းဆောင် ပင်ဖြစ်သည်။ သူ့ကြောင့် တစ်သင်းလုံး စိတ်အားတက်ကြွကာ အနိုင်ရရှိခဲ့သည်။ ခေါင်းဆောင်ဆိုသည်မှာ အခက်အခဲနှင့် တွေ့လျှင် အလွယ်တကူ စိတ်ပျက်တတ်သူ မဖြစ်စေရ။ အခက်အခဲနှင့်တွေ့သော်လည်း လေ့ခွက်ချည်းကျန်၊ အလံမလှဲ စိတ်ရှိသူများသည် အဖွဲ့သားများ၏စိတ်ကို ပြန်လည်မြင့်တက်လာစေသော ခေါင်းဆောင်များ ဖြစ်သည်။

## အပြောအဟော

နိုင်ငံ့ခေါင်းဆောင်ကဲ့သို့ ခေါင်းဆောင်မျိုးမှာ အဖွဲ့ငယ်ခေါင်းဆောင်များကဲ့သို့ မဟုတ်၊ သူ့အား သူ့နောက်တွင်ပါသူတိုင်းက အနီးကပ်သိနိုင်ကြသည့် ခေါင်းဆောင်မျိုး မဟုတ်ပေ။ အနီးကပ် လက်တွဲလုပ်ဖော်ကိုင်ဖက်များကမူ သူ၏လုပ်ပုံကိုင်ပုံကို သိသော်လည်း ကျန်ပြည်သူများမှာမူ သူ့ကိုအနီးကပ်မြင်ဖူးဖို့ပင် မလွယ်။ သူဦးဆောင်ရသည်မှာ သန်းနှင့်ချီသော တစ်နိုင်ငံလုံးဖြစ်လေရာ အပြောအဟောဖြင့် ပြည်သူတို့အား စိတ်အားတက်ကြွစေရန် လှုံ့ဆော်ဖို့ လိုအပ်သည်။

လွတ်လပ်ရေး ပြန်လည်ရရှိရန် ဆိုသည်မှာ ခက်ခဲသော လမ်းခရီးကြမ်းဖြစ်ရာ အတားအဆီးပေါင်းများစွာ၊ အန္တရာယ်များစွာ ကြုံတွေ့ရမည်။ ခေါင်းဆောင်မည့်သူသည် မိမိကိုယ်တိုင် စိတ်ဓာတ်တက်ကြွသောပုဂ္ဂိုလ်၊ အလွယ်တကူ စိတ်မပျက်သော အားမလျော့သော ပုဂ္ဂိုလ်ဖြစ်မှသာ သူ၏ နောက်လိုက်များသည်လည်း စိတ်ဓာတ်တက်မည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ အနီးကပ်ရဲဘော်များအတွက်ရော တစ်နိုင်ငံလုံးရှိ ပြည်သူများအတွက်ပါ 'အားဆေး' ဖြစ်ခဲ့သည်။

ကြီးမားသော၊ သေးငယ်သော အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ရသော်လည်း

BURMESE CLASSIC .com



စိတ်ဓာတ်မကျ အပြုံးမပျက်ခြင်း၊ နည်းမျိုးစုံဖြင့် ကျော်လွှားရန် ကြိုးစားခြင်းတို့ကြောင့် သူ့ကိုမြင်နေရလျှင်၊ သူ ဦးဆောင်နေသည်ဆိုလျှင်ပင် သူ့အနားရှိ အဖွဲ့သားများ စိတ်ခွန်အား တက်ကြရသည်။ သူ့အား အနီးကပ် သိရှိခွင့်မရသော ပြည်သူများသည်လည်း သူ၏ နောက်ကြောင်းရာဇဝင်၊ သူ့အကြောင်း တစ်ဆင့်စကားတစ်ဆင့်နား သတင်းစကားနှင့် ပြောင်မြောက်သော မိန့်ခွန်းများကြောင့် သူဦးဆောင်မည်ဆိုသည်နှင့် စိတ်ဓာတ်တက်ကြွလာကြသည်။ မည်မျှပင် ခက်ခဲကြမ်းတမ်းပါစေ သူ့နောက်သို့လိုက်လျှင် အောင်မြင်မည်ဟု သိသောကြောင့် စိတ်ဓာတ်မြင့်မားလာကြသည်။ အနီးကပ်လုပ်ဖော်ကိုင်ဖက် အဖွဲ့သားများကိုရော တစ်တိုင်းတစ်ပြည်လုံးရှိ ပြည်သူပြည်သားများကိုပါ စိတ်အားထက်ထက်သန်သန် လွတ်လပ်ရေးလမ်းသို့ ချီတက်လိုက်ပါအောင် ဗိုလ်ချုပ်သည် စွမ်းဆောင်နိုင်ခဲ့သည်။

The Voice Weekly Vol 6-No.33

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် Visionary ဖြစ်သည်။ သူသည် အများမမျှော်မှန်းရဲသော လွတ်လပ်ရေးကို ပန်းတိုင်အဖြစ် သတ်မှတ်ခဲ့ကာ တိုင်းသူပြည်သားများအပါအဝင် သူ၏အဖွဲ့သားများကိုလည်း ဦးဆောင်ခေါ်ယူသွားနိုင်ခဲ့သည်။

# ရှေ့သို့ကြိုမြင်သောခေါင်းဆောင်

' If you don't know where you are going, every road will get you nowhere' ( Henry Kissinger)

'ကိုယ်သွားရမယ့်နေရာကို မသိရင် ဘယ်လမ်းလိုက်လိုက် ဘယ်မှရောက်မှာ မဟုတ်ဘူး။'

(ဟင်နရီကစ်ဆင်းဂျား၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ နိုင်ငံတကာရေးရာ မှုဝါဒဂုရု)

အင်္ဂလိပ်ဘာသာဖြင့် Forwardlooking ခေါ် အမြော်အမြင်ကြီးခြင်း၊ ရှေ့သို့ကြိုမြင်ခြင်းသည် ခေါင်းဆောင်ကောင်းတို့တွင် တွေ့ရလေ့ရှိသော အရည်အချင်းတစ်ရပ်ဖြစ်ပြီး လူအများက သူတို့၏ခေါင်းဆောင်ထံတွင် ရှိစေလိုသော ဦးစားပေးအရည်အသွေးဖြစ်သည်။ အမြော်အမြင်ကြီးခြင်း၏ ရှေ့တွင် ရှိးသားမှုတစ်ခုသာ နေရာယူထားသည်။ လူအများသည် သူတို့၏ခေါင်းဆောင်အား ရှေ့သို့ သူတို့ထက် ကြိုမြင်စေလိုသည်။ အမှန်တကယ်မှ သူတို့လောက်သာ ရှေ့ကို မြင်နိုင်စွမ်းရှိသူအား အဘယ်ကြောင့် ခေါင်းဆောင်တင်မည်နည်း။

ခေါင်းဆောင်ဆိုသည်မှာ သွားမည့်လမ်းကို သစ်ပင်ပေါ်မှ တက်ကြည့်သူကဲ့သို့ပင်ဖြစ်သည်။ သစ်ပင်ပေါ်မှကြည့်ကာ လမ်းကြောင်းမှန်ကို ညွှန်ပြနိုင်လျှင် ပန်းတိုင်သို့

www.burmeseclassic.com



မြန်မြန်ဆန်ဆန် ရောက်မည်ဖြစ်သည်။

ခေါင်းဆောင်မှုဆိုသည်မှာ မိမိဦးဆောင်ရသည့် အဖွဲ့အစည်း ချီတက်မည့်နေရာကို ကြိုတင်မျှော်မှန်းပြီး အရောက်လှမ်းရခြင်းဖြစ်သည်။ မိမိအဖွဲ့အစည်း ချီတက်မည့်နေရာ၊ အနာဂတ်မြင်ကွင်းကို Vision ဟုခေါ်သည်။ သာမန်အဖွဲ့သားများသည် ရှေ့လျှောက်ရမည့်နေရာကို ကြိုမမြင်နိုင်ပေ။ ခေါင်းဆောင်သည် လှမ်းကြည့်ပြီး မြင်နိုင်ရမည်။ ထို့နောက် အဖွဲ့သားများ မျက်စိထဲတွင် မြင်လာအောင် ပြောပြရမည်မှာ ခေါင်းဆောင်၏ တာဝန်ဖြစ်သည်။ အမြော်အမြင်ကြီးသော ခေါင်းဆောင်ဦးဆောင်သည့် အဖွဲ့သည် လိုရာသို့ အမြန်ရောက်ပေမည်။

ဗိုလ်ချုပ်သည် Visionary ဖြစ်သည်။ သူသည် အများမမျှော်မှန်းရဲသော လွတ်လပ်ရေးကို ပန်းတိုင်အဖြစ် သတ်မှတ်ခဲ့ကာ တိုင်းသူပြည်သားများအပါအဝင် သူ၏အဖွဲ့သားများကိုလည်း ဦးဆောင်ခေါ်ယူသွားနိုင်ခဲ့သည်။

ဗိုလ်ချုပ်ကိုယ်တိုင်လည်း ခေါင်းဆောင်တို့သည် အမြော်အမြင်ကြီးရမည်ဟု စိတ်တွင်စွဲထားသည်။ "နိုင်ငံရေးလုပ်တဲ့နေရာမှာ ခေါင်းဆောင်လုပ်တဲ့လူဟာ နောက်လိုက်တွေထက် ပိုပြီးအမြင်ကျယ်ရတယ်၊ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာလုပ်ရင် ခေါင်းဆောင်ကောင်းမဟုတ်ဘူး၊... အသက်စွန့်တဲ့နေရာမှာ စွန့်ရဲရမယ်။... အများယောင်လို့ယောင်ရတယ် အမောင် တောင်မှန်းမြောက်မှန်း မသိရင် ခေါင်းဆောင်ကောင်းမဟုတ်ဘူး"

အမြော်အမြင်ကြီးမားသည့် ဗိုလ်ချုပ်သည် ဂျပန်တို့နှင့်အတူ ပြည်တွင်းသို့ ချီတက်လာစဉ်တွင်ပင် ဂျပန်တို့ကို တစ်ချိန်ကျလျှင် တော်လှန်ရမည်ဟူသော အသိရှိထားပြီး ဖြစ်သည်။

"ဒို့တွေ မြန်မြန်တိုင်းပြည်တွင်းရောက်မှဖြစ်မယ်။ မင်းတို့သိကြတဲ့အတိုင်း လုပ်ငန်းခရီးတွင်မှ တစ်နေ့ကျ ဒီအကောင်တွေ (ဂျပန်)နဲ့ လွတ်လပ်ရေးကိစ္စ စကားပြောကြတဲ့အခါ အထက်စီးက ပြောနိုင်မယ်" (ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ပေါင်းချုပ် ၃၁၅)

ဝေးကွာသည့် အနာဂတ်သို့ မျှော်ကြည့်ကာ ပန်းတိုင်ကို ချမှတ်ရခြင်းသည် အလွန်ခက်ခဲပါသည်။ ထိုသို့ အနာဂတ်မြင်ကွင်းကို မြင်နိုင်ရန် ပညာဉာဏ် ဗဟုသုတ အရည်အချင်းများစွာ ရှိရန်လိုသည်။ ထိုအရာတို့သည် အပတ်တကုတ် ဖြည့်ဆည်းမှသာ ရနိုင်ပေသည်။ ဗိုလ်ချုပ်သည် ထိုပညာဉာဏ်တို့ကို ကြိုးကြိုးစားစား ဖြည့်ဆည်းခဲ့ကြောင်းကို ရှေ့မှဆောင်းပါးများတွင် အခါခါ ဖော်ပြခဲ့ပြီးဖြစ်သည်။ တစ်ဖန် ထိုပညာ



ဉာဏ်တို့ ရှိလျှင်ပင် မျှော်ကြည့်လိုသည့်စိတ်ရှိရန် လိုနေပေသေးသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ထိပ်တန်းအရာရှိတစ်ဦးက ဗိုလ်ချုပ်အောင်ဆန်းသည် အာဆီယံအကြံဉာဏ်ကို ဦးစွာရရှိခဲ့သည်ဟု ကျွန်တော့်အားပြောရာ ကျွန်တော့်မှာ ထိုစဉ်က နားမလည် ပါးမလည် ဖြစ်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အရှေ့တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန်အကြံကို ထိုစဉ်ကာလကပင် ရရှိခဲ့သူဖြစ်ပြီး ထိုသို့လည်း မြန်မာပြည်သူများအား ဆော်ဩခဲ့သူဖြစ်သည်။ ထိုအချိန်က အရှေ့တောင်အာရှ နိုင်ငံအများစုမှာ လွတ်လပ်ရေးပင် မရသေးဘဲ ရှိနေချိန်တွင် 'အရှေ့အာရှတောင်ပိုင်းနိုင်ငံများနှင့် သွေးစည်း' ကာ 'ပြည်ထောင်စုနိုင်ငံကြီး' အသွင်ဖြစ်သွားအောင် လုပ်ရမည်ဟု သူက ဆိုထားသည်။ ထိုနိုင်ငံများနှင့် သွေးစည်းလျှင် နိုင်ငံ့စီးပွားရေးကောင်းလာမည်ဟု သူက မျှော်မှန်းထားသည်။ သူ၏ ရှေ့သို့မြင်နိုင်စွမ်းအားကို ယနေ့ Association of South East Asian Nations ASEAN ၏ ကမ္ဘာ့အလယ်တွင် ရရှိနေသော အဆင့်အတန်းအား ကြည့်ရုံဖြင့် သိနိုင်ပါသည်။ အရှေ့တောင်အာရှ လွတ်လပ်စွာ ကုန်သွယ်ရေးနယ်မြေ ASEAN Free Trade Area (AFTA) အပါအဝင် ယနေ့အာဆီယံဒေသသည် တစ်နေ့တခြား ပေါင်းစည်းလာသည်မှာ ဗိုလ်ချုပ်လွန်ခဲ့သော နှစ် ၆၀ ကျော်က မျှော်မှန်းချက်နှင့် ကိုက်ညီနေပေသည်။

**ဗိုလ်ချုပ်၏ အမြော်အမြင်ကို အကဲခတ်နိုင်သည့် မိန့်ခွန်းများမှ ကောက်နုတ်ချက်များ**

*"ကမ္ဘာ့လွတ်လပ်ရေးကို ထိခိုက်လို့ရှိရင်၊ ကမ္ဘာ့လွတ်လပ်ရေး မရှိနိုင်ဘဲဖြစ်သွားမယ်။ ကမ္ဘာ့လွတ်လပ်ရေးမရှိယင် ဗမာ့လွတ်လပ်ရေးဆိုတာလည်း မရှိနိုင်ဘူး။*

*အာရှ အရှေ့တောင်ပိုင်းမှာရှိတဲ့ အင်ဒိုချိုင်းနားပြည်၊ ယိုးဒယားပြည်၊ မလေးယားကျွန်းဆွယ်၊ အင်ဒိုနီးရှား အစရှိတဲ့နိုင်ငံတွေနဲ့ ကျွန်တော်တို့ သွေးမစည်းနိုင်သမျှကာလပတ်လုံး တိုင်းပြည်စီးပွားရေးမှာ ကျပ်ပြည့်တင်းပြည့်ဖြစ်ဖို့ တော်တော်ဘဲ နှစ်ရှည်လများ ကြိုးစားရလိမ့်မယ်ထင်တယ်။*

*အရှေ့အာရှ တောင်ပိုင်းမှာရှိတဲ့ နိုင်ငံတွေအားလုံးနဲ့ ပြည်ထောင်စု နိုင်ငံကြီးတစ်နိုင်ငံ နောက်ဆုံးဖြစ်သွားနိုင်အောင်၊ အရှေ့အာရှတောင် ပိုင်းနိုင်ငံတွေနဲ့ သွေးစည်းမှု လုပ်ငန်းတွေကို စတင်ပြုစုပျိုးထောင်ရမယ်။*

*အခုအိန္ဒိယနဲ့ တရုတ်နိုင်ငံကြီး ၂နိုင်ငံနဲ့လဲ မိတ်ဆွေဖြစ်အောင် ကြိုးစားရမယ်။*

*လွတ်လပ်တဲ့ ဗမာပြည်နဲ့ လွတ်လပ်တဲ့ အင်္ဂလိပ်ပြည်ဟာလဲ မိတ်ဆွေရင်းချာ ဖြစ်နိုင်အောင်လဲ ကြိုးစားရမယ်။"*

www.burmeseclassic.com

www.burmeseclassic.com



(၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ည ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်သစ်ကူးမိန့်ခွန်း)

## စီးပွားလွတ်လပ်ခြင်းနှင့် နိုင်ငံလွတ်လပ်ခြင်း

"စီးပွားရေးလွတ်လပ်မှု မရှိရင် နိုင်ငံရေးလွတ်လပ်မှုဆိုတာဟာ ပြက်ရယ်ပြုစရာဖြစ်မယ်။ အသားလွတ်ဟန်ပြတာ ဖြစ်မယ်။ ဒါ့အပြင် တခြားမဖြစ်နိုင်ဘူး"

## ဒီမိုကရေစီ

"တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်"(၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ဖ.ဆ.ပ.လ ပဏာမ ပြင်ဆင်မှုညီလာခံတွင် မိန့်ကြားသည့်မိန့်ခွန်း)

The Voice Weekly Vol 6-No.35

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် သွေးဆူလွယ်သော သူ့စရိုက်ကို ဘဝတစ်လျှောက် တဖြည်းဖြည်းချင်း ပြောင်းလဲယူခဲ့သည်ကို တွေ့ရသည်။ အရေးအကြောင်းပေါ်လျှင် ခေါင်းအေးအေးထားနိုင်သူအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိသွားခြင်းမှာ အလေ့အကျင့် လုပ်တည်ဆောက်ခဲ့ရသောကြောင့်ပင်ဖြစ်သည်။

## မွေးရာပါလော

ခေါင်းဆောင်ဟူသည် Born or Made မွေးရာပါလား၊ လုပ်ယူရတာလား၊ Nature or Nurture သဘာဝအတိုင်းလား၊ ပျိုးထောင်တာကြောင့်လား ဟူသည့် နာမည်ကျော် အငြင်းအခုန်တစ်ရပ်ရှိသည်။

ဗိုလ်ချုပ်မှာမူ မွေးရာပါနှင့် လေ့ကျင့်ခြင်းတို့ ပေါင်းစပ်ထားပုံရပြီး လေ့ကျင့်ခြင်းဘက်သို့ အလေးကဲသည်။

ဗိုလ်ချုပ်သည် မွေးရာပါ ဉာဏ်ရည်ကောင်းသူဖြစ်သည်။ တစ်ဖန် ဉာဏ်ရည်ဆိုသည်မှာ ဗဟုသုတနှင့် စဉ်းစားဉာဏ်တို့ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်သည် စာကို သဲသဲမဲမဲဖတ်ကာ ဗဟုသုတနှင့် စဉ်းစားဉာဏ်တို့ တိုးတက်အောင် အမြဲလုပ်ဆောင်ခဲ့သည်။ နောက်ဆုံးပေါ် နိုင်ငံရေးနှင့် စီးပွားရေးအတွေးအခေါ်များကို စာအုပ်များမှ သူရရှိ၊ တွေးခေါ်၊ ကြံဆ၊ မှန်သည်များသည်ကို ဆုံးဖြတ်ကာ အနာဂတ်ခေါင်းဆောင်မှုတွင် ထည့်သွင်းအသုံးချနိုင်ခဲ့သည်။ သူ၏ ဉာဏ်ရည်သည် အချိန်တိုအတွင်း တိုးတက်လာခဲ့သောကြောင့် သူ့အား ကျောင်းသားဘဝမှ စကာ သိကျွမ်းသူများပင် အံ့အားသင့်ခဲ့ရသည်။

သို့သော် အမှန်စင်စစ် ဗိုလ်ချုပ်သည် ခေါင်းဆောင်ဖြစ်ရန် ကျင့်ကြံယူခဲ့ရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အဟောအပြောစွမ်းရည်

ပိုလ်ချုပ်သည် ကလေးဘဝကတည်းက အပြောအဟောကောင်းသည်ဟု မှတ်တမ်းများတွင် မတွေ့ရပါ။ အပြောအဟောကောင်းရန် အမြဲကြိုးစားနေသည့် ဗိုလ်ချုပ်သည် စကားအခြေအတင်ပြောပွဲများတွင် အထက်တန်းကျောင်းသားဘဝကတည်းက ပါဝင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ရောက်စနှစ်ကတည်းက အခွင့်အရေးရလျှင် ရသလို ဟောပြောပွဲများ၊ စကားအချေအတင်ပွဲများတွင် အင်္ဂလိပ်ဘာသာဖြင့် ဝင်ရောက်ပြောဆိုခဲ့သည်။ တက္ကသိုလ်ရောက်စက အလျောင်အပြောင်ခံရသည်အထိ အင်္ဂလိပ်လို အပြောအဟော အခြေမလှခဲ့သော်လည်း နောင်လေးနှစ်ခန့်အကြာတွင် အများစိတ်ဓာတ်တက်ကြွအောင်ထိ ပြောဆိုနိုင်သူဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် သူသည် သိန်းဂဏန်းရှိ လူထုကြီးကို ကြက်သီးမွေးညင်းထအောင် ဟောပြောနိုင်ခဲ့သည်။ သူသည် အပြောအဟောကောင်းရန် ဖတ်၊ မှတ်၊ လေ့လာ၊ လေ့ကျင့်၊ ပြောဟောခဲ့ရင်း အပြောအဟောစွမ်းရည်သည် နေ့စဉ်နှင့်အမျှ တိုးတက်လာခဲ့ပြီး သူ့အထွတ်အထိပ်သို့ ရောက်ခဲ့သည့် ၁၉၄၅–၁၉၄၇ သုံးနှစ်တာကာလအတွင်း သူ၏အပြောအဟောစွမ်းရည်သည်လည်း အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

**EQ**

အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်ကို ရှာဖွေသုတေသနပြုရင်းဖြင့် IQ Intelligence Quotient ဉာဏ်ရည်ပြကိန်းကို တွေ့ရှိခဲ့ကာ လူတစ်ဦး၏ အောင်မြင်မှုအလားအလာကို သိလိုလျှင် ထိုသူ၏ ဉာဏ်ရည်ပြကိန်း IQ Intelligence Quotient ကိုတိုင်းတာခဲ့ကြသည်။ IQ မြင့်သော်လည်း မအောင်မြင်သူများ၊ အောင်မြင်သင့်သလောက် မအောင်မြင်သူများကို တွေ့ရှိလာသည့်နောက်တွင် သုတေသနအသစ်များအရ စိတ်ခံစားချက်ဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး EI Emotional Intelligence သည် လူတစ်ဦး၏ စွမ်းဆောင်နိုင်စွမ်းတွင် များစွာအရေးကြီးကြောင်း သိမြင်လာကြပြီး စိတ်ခံစားချက်ပြ အညွှန်းကိန်း EQ Emotional Quotient ရေပန်းစားလာခဲ့သည်။ IQ မြင့်သော်လည်း EQ နိမ့်သူများ မအောင်မြင်။ IQ ချင်းမတိမ်းမယိမ်းရှိသူအချင်းချင်း ယှဉ်ကြည့်လျှင် EQ သာသူများက ထိပ်သို့ပိုမိုရောက်သည်ကိုတွေ့ရသည်။

အထူးသဖြင့် ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်များ Great Leaders နှင့် သာမန်ခေါင်းဆောင်များ ကွာခြားသည့်နေရာမှာ စိတ်ခံစားချက်ဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေး EI Emotional Intelligence EQ တွင်ဖြစ်ပြီး အောင်မြင်မှု၏ ၈၅ရာခိုင်နှုန်းဖြစ်သည်ဟု သုတေသနများကဆိုသည်။ ထိုသို့ တွေ့ရှိလာပြီးနောက်တွင် EQ သည် ခေါင်းဆောင်များအား အကဲဖြတ်သည့် ပေတံတစ်ခုဖြစ်လာခဲ့သည်။

EQ ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ The capacity for recognizing our own feelings and those of others, for motivating ourselves, for managing emotions well in ourselves, and our relationships 'မိမိနှင့် အခြားသူများ၏ ကိုယ်ပိုင်ခံစားချက်များအား သဘောပေါက်နားလည်ပြီး မိမိကိုယ်ကို စိတ်တက်ကြွအောင် အားပေးနိုင်ခြင်း၊ မိမိ၏ ခံစားချက်များအား မိမိကိုယ်တွင်းတွင် စီမံခန့်ခွဲခြင်း၊ မိမိ၏ ခံစားချက်များအား အခြားသူများနှင့် ဆက်ဆံရေးတွင် စီမံခန့်ခွဲခြင်း' ဖြစ်သည်။

**မိမိနှင့် အခြားသူများ၏ နှလုံးသားကို ဦးနှောက်ဖြင့် နားလည်ကာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ခြင်းသည် EQ ပင်ဖြစ်သည်။**

ဗိုလ်ချုပ်သည် စိတ်လိုက်မာန်ပါလုပ်တတ်သူ၊ ထစ်ခနဲဆို ဒေါသပေါက်ကွဲတတ်သူဖြစ်သည်။ တက္ကသိုလ်တွင်ရှိစဉ်က ရွေးကောက်ပွဲတွင် သူငယ်ချင်းရာရှစ်ကို ကန့်ကွက်သော ကျောင်းသားတစ်ဦးကို ထိုးမည်လုပ်သောကြောင့် ဝိုင်းဆွဲထားရဖူးသည်။ သို့သော် ထိုသို့သော အောင်ဆန်းသည် ဂျပန်နိုင်ငံတွင် ရဲဘော်သုံးကျိပ် စစ်ပညာသင်ကြားနေစဉ် ဂျပန်ဆရာများအား တော်လှန်ရန် ကျန်ရဲဘော်များ ဆုံးဖြတ်ထားသည်ကို ခရီးမပြန်အရောက် သိလျှင်သိချင်း မတော်လှန်ဖြစ်အောင် ဖျောင်းဖျနိုင်ခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်သည် သွေးဆူလွယ်သော သူ့စရိုက်ကို ဘဝတစ်လျှောက် တဖြည်းဖြည်းချင်း ပြောင်းလဲယူခဲ့သည်ကို တွေ့ရသည်။ အရေးအကြောင်းပေါ်လျှင် ခေါင်းအေးအေးထားနိုင်သူအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိသွားခြင်းမှာ အလေ့အကျင့်လုပ် တည်ဆောက်ခဲ့ရသောကြောင့်ပင်ဖြစ်သည်။

သို့တိုင် အလုပ်များ စိတ်ရှုပ်စရာများနေလျှင် စိတ်တိုတတ်သေးကြောင်း ဗိုလ်ချုပ်သည် သူ့ကိုယ်သူ ဝန်ခံခဲ့သည်။

မူလက သာမန်မျှသာ ရှိပြီး အနည်းငယ် နိမ့်သည်ဟုပင်ပြောနိုင်သည့် ဗိုလ်ချုပ်၏ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ပြကိန်း EQ Emotional Intelligencce Quotient သည် တစ်ဆင့်ချင်း မြင့်တက်လာခဲ့ပြီး အရည်အသွေးပြည့်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်အောင် ပံ့ပိုးပေးခဲ့သည်။

## ပွစာမှုသည်

လူမှုဆက်ဆံရေးညံ့ဖျင်းသူဟု ဗိုလ်ချုပ်သည် နာမည်ကျော်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝအစ သူ့အကြောင်းရေးသားချက်များတွင်လည်း ဗိုလ်ချုပ် ဘုကလန့်သမားဖြစ်ကြောင်း၊ ဆက်ဆံရေးမကောင်းကြောင်းများ အများအပြားတွေ့ရသည်။ သို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးတွေ့လိုက်လျှင် လူ့ဝွစာဟု ထင်သွားကြသူများသည်။ နောက်ပိုင်း အတူတူလုပ်ကိုင်ကြသောအခါမှ သူ့ကိုနားလည်လာတတ်ကြသည်။

အင်္ဂလိပ်ပြန်ဝင်စအချိန်က ဗိုလ်ချုပ်အောင်ဆန်း တပ်မှထွက်ကာ နိုင်ငံရေးကို ဦးဆောင်မလား၊ သို့မဟုတ် တပ်တွင်းတွင်ပင်နေမလားဟူသည့် မေးခွန်းပေါ်လာသည်။ ဗိုလ်ချုပ်လည်း သူကိုယ်တိုင်လည်း စဉ်းစားသလို လွတ်လပ်ရေး ကြိုးပမ်းဖော် ကြိုးပမ်းဖက်များအားလည်းချပြကာ အကြံဉာဏ်တောင်းသည်။ သခင်သိန်းဖေမပါ ကွန်မြူနစ်များက ဗိုလ်ချုပ်တပ်တွင်းတွင်ပင် နေသင့်ကြောင်းအဆိုပြုသည်။ သူတို့ အကြောင်းပြချက်က ဗိုလ်ချုပ်သည် လူမှုဆက်ဆံရေး ညံ့သည်၊ နိုင်ငံရေးခေါင်းဆောင်မဖြစ်နိုင်တဲ့။

သို့သော် ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ အများဆုံးဖြတ်ချက်ဖြင့် တပ်မှထွက်ကာ နိုင်ငံရေးလောကသို့ ဝင်သောအခါတွင် ဗိုလ်ချုပ်သည် အကွဲကွဲအပြားပြားဖြစ်နေသော အင်အားစုများကို ဖဆပလ အလံတော်အောက်တွင် စုစည်းနိုင်သူဖြစ်လာသည်။ တိုင်းရင်းသားများ၏ ယုံကြည်ကိုးစားမှုကိုရကာ ပင်လုံစာချုပ်ကို အားလုံးလက်မှတ်ရေးထိုးနိုင်အောင် စွမ်းဆောင်ခဲ့သည်။ တိုင်းရင်းသားခေါင်းဆောင်များသည် ဗိုလ်ချုပ်နှင့် တွေ့ဆုံကာ စကားပြောလိုက်သည်နှင့် ချစ်ခင်လေးစားယုံကြည်သွားကြသည်ချည်း ဖြစ်သည်။ ရန်သူဖြစ်ခဲ့သူများပင် သူနှင့်စကားတစ်ကြိမ်ပြောရုံဖြင့် ခင်မင်လေးစား သွားကြသည်။

ဘုရင်ခံအပါအဝင် မြန်မာပြည်ရှိအင်္ဂလိပ်များနှင့် အာဏာလွှဲဆွဲရာတွင်လည်းကောင်း၊ အင်္ဂလန်သို့သွားရောက် ညှိနှိုင်းအရေးဆိုရာတွင်လည်းကောင်း ဗိုလ်ချုပ်အား လူ့ဝွစာဟု မမြင်ကြပေ၊ ခင်မင်သွားကြသည်များပင် ရှိခဲ့သည်။ ခေါင်းဆောင်ရာတွင် လူမှုဆက်ဆံရေး အရေးကြီးသည်ဟု သိမြင်လာချိန်တွင် ဗိုလ်ချုပ်သည် သတိထားလိုက်သောကြောင့် လူ့ဝွစာအဖြစ်မှ မြင်မြင်ချင်း လေးစားခင်မင်ခံရသူအဖြစ်သို့ ပြောင်းလဲသွားခြင်း ဖြစ်သည်။

'ခေါင်းဆောင်မှုအား ဗိုလ်ချုပ်ကို မည်သူကမျှ ပေးအပ်သည်မဟုတ်ဘဲ သူ့ဘာသာ ရအောင် လုပ်ယူရခြင်း' ဟု သူနှင့် ကျောင်းသားဘဝကတည်းက နိုင်ငံလွတ်လပ်ရေးကြိုးပမ်းဖော် ကြိုးပမ်းဖက် ဦးကျော်ငြိမ်းက ပြောဆိုခဲ့ဖူးသည်။ ဗိုလ်ချုပ်သည် မွေးရာပါခေါင်းဆောင်ဖြစ်လာသည်မဟုတ်ပါ။ အဖေသေလျှင် သားဘုရင်ဖြစ်သည့် ပဒေသရာဇ်ခေတ်တွင် ဗိုလ်ချုပ်မွေးလာခြင်းမဟုတ်ပါ။ ဖော်ပြခဲ့သော အရည်အချင်းများသည်လည်း သူ၏အပတ်တကုတ် ဖြည့်ဆည်းမှုကြောင့် ရရှိလာခြင်း၊ သို့မဟုတ် ရှိပြီးသားမှ တိုးတက်လာခြင်းများဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်၏



အရည်အချင်းများမှာ မွေးရာပါနှင့် လုပ်ယူခြင်း၊ သို့မဟုတ် သဘာဝနှင့် ပျိုးထောင်ခြင်းတို့ ပေါင်းဆုံရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး တော်လှန်ရေးလုပ်လာသည့် ဗိုလ်ချုပ်မှာမူကား
တိုင်းပြည်လွတ်လပ်ရေးမရမီတွင်ပင် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်အဖြစ်
မိမိကိုယ်ကို ပြောင်းလဲနိုင်ခဲ့သည်။

## တိုင်းပြုပြည်ပြုပုဂ္ဂိုလ် ဗိုလ်ချုပ်အောင်ဆန်း

တော်လှန်ရေးခေါင်းဆောင်အဖြစ် အင်္ဂလိပ်တို့ကို ဆန့်ကျင်တိုက်ပွဲဝင်လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရန် သေချာသည့်အချိန်တွင် နိုင်ငံတည်ဆောက်ရေးကို အာရုံပြုသော တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်ဘဝသို့ ရောက်ခဲ့သည်။ တော်လှန်ရေးခေါင်းဆောင်ဘဝနှင့် တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်ဘဝတို့ကား တာဝန်ဝတ္တရားချင်း၊ အခန်းကဏ္ဍချင်း ကွာခြားလှသည်။ တော်လှန်ရေးခေါင်းဆောင်သည် လက်ရှိ ရှိပြီးကို ဖျက်ရသည်။ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်မှာမူ နိုင်ငံကို တည်ဆောက်ရသည်။ အချို့ တော်လှန်ရေးခေါင်းဆောင်များသည် တိုင်းပြည်ကို လွတ်လပ်ရေးရအောင် လုပ်ဆောင်နိုင်ခဲ့သော်လည်း တိုင်းပြည်ကိုမူ မတည်ဆောက်တတ်ကြသဖြင့် သူတို့လည်း ကျရှုံး၊ တိုင်းပြည် လည်း မဖွံ့ဖြိုးမတိုးတက်တော့ဘဲ အောက်တန်းနောက်တန်းကျကြရသည်။ ဗိုလ်ချုပ်မှာမူ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်၏ စိတ်နေစိတ်ထားမျိုးကို ချက်ချင်းပြောင်းလဲမွေးယူနိုင်ခဲ့သည်။ သူဦးဆောင်ရသော အခန်းကဏ္ဍပြောင်းလဲသွားပြီကို သဘောပေါက်သဖြင့် ယခုကဲ့သို့ မိမိကိုယ်ကို အောင်အောင်မြင်မြင် ဘဝပြောင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်လိုက်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်လာခဲ့ပြီဖြစ်သည်။ သူ ကျောင်းသားဘဝမှစကာ တောက်လျှောက်ဆန့်ကျင်ခဲ့သော ဘုရင်ခံအစိုးရအဖွဲ့တွင် ဒုတိယအာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်လာခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစောပိုင်းက သူ၏ မိန့်ခွန်းများတွင် တော်လှန်ရေးသာ အဓိကပါခဲ့သော်လည်း နောက်ပိုင်းတွင် တိုင်းပြည်တည်ဆောက်ရေး ဆော်ဩသံများ ပိုမိုပါဝင်လာခဲ့သည်။ အထူးသဖြင့် အောင်ဆန်း–အက်တလီစာချုပ်ချုပ်ဆိုအပြီး နိုင်ငံလွတ်လပ်ရေး တစ်နှစ်အတွင်းရမည်ဟု အာမခံချက်ရအပြီး လုပ်ကြံခံရချိန်နီးလာလေလေ၊ တိုင်းပြည်ကို မည်သို့တည်ဆောက်ရမည်ဟု ဟောပြောချက်များ ပိုများလာခဲ့သည်။ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်ဖြစ်လာသည့် ဗိုလ်ချုပ်၏ တိုင်းပြည်တည်ဆောက်ရေးဟောပြောချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

## နောင်လာနောက်သား ကောင်းစားရေး

'ဆရာ.. ဆရာမတို့နဲ့ ကျွန်တော်တို့ တစ်သက်လုံးကလေးကောင်းစားဘို့ မကြည့်ဘဲ ကျွန်တော်တို့ရဲ့ နောင်လာနောက်သားများ ကောင်းစားဘို့ကြည့်ပြီး အလုပ်လုပ်ကြပါ၊ အနစ်နာခံကြပါလို့ ပြောဆိုလိုပါကြောင်းနှင့် နိဂုံးချုပ်လိုက်ရာ ပရိသတ်အားလုံး သောင်းသောင်းဖျဖျ သြဘာပေးကြကြောင်း'

## အလုပ်လုပ်သူ တွင်ကျယ်မည်

'ဘယ်သူဖြစ်ဖြစ် အလုပ်လုပ်ရင် အလုပ်လုပ်တဲ့သူ တွင်ကျယ်မယ်'

## အစွမ်းရှိသလောက် ကြိုးပမ်းရမည်

'လက်တွေ့အားဖြင့် စက်မှုလုပ်ငန်းမရှိ၊ လူဦးရေနဲနဲကလေးရှိတဲ့ ဗမာနိုင်ငံလို နိုင်ငံလေးအဖို့ ကျွန်တော်တို့ အစွမ်းရှိသလောက် ကြိုးပမ်းအားထုတ်ကြရမယ်ဆိုတာကို ကျွန်တော်တို့ နားလည်ကြရမယ်၊ ဒီလိုမှမဟုတ်ရင်တော့ ကျွန်တော်တို့ဟာ တစ်နည်းနည်းနဲ့ ကျဆုံးပျက်စီးခြင်းနဲ့ ရင်ဆိုင်ကြရမှာဘဲ။'

## စည်းကမ်းရှိပါ။

'ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေး ရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ၊ လွတ်လပ်ရေးကိုလိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ၊ လွတ်လပ်ရေးရချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ၊ အဲဒီလိုလုပ်တဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစား စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဘို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ ဓောက်ကျင့်တွေကို ပြင်ကြဖို့



လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်။'( ၁၉၄၇ခုနှစ်၊ ဇူလိုင်၁၃ရက်နေ့တွင် မြို့တော်ခန်းမကြီးတွင် နောက်ဆုံးမိန့်ကြားသည့် မိန့်ခွန်း)

## အလုပ်လုပ်ကြပါ

'အလုပ်မလုပ်ဘဲနဲ့တော့ လွတ်လပ်ရေးရပေမယ့် ဘယ်နည်းနှင့်မှ ခင်ဗျားတို့ လွတ်လပ်ရေး အရသာကို ကျပ်ပြည့်တင်းပြည့် စံစား ခံစားရမှာ မဟုတ်ဘူးဆိုတာ ဘယ်လိုအစိုးရဘဲတက်တက်၊ ကွန်မြူနစ်အစိုးရဘဲတက်တက်၊ ဆိုရှယ်လစ်အစိုးရဘဲ တက်တက်၊ ဘာအစိုးရဘဲ တက်တက်။ အဲဒီအလုပ်မလုပ်ဘဲနဲ့တော့ ခင်ဗျားတို့ ဘာမှမဖြစ်ဘူးဆိုတာ ကျွန်တော် တစ်ထစ်ချ ရဲရဲကြီး ပြောရဲတယ်။'

( ၁၉၄၇ခုနှစ်၊ ဇူလိုင်၁၃ရက်နေ့တွင် မြို့တော်ခန်းမကြီးတွင် နောက်ဆုံးမိန့်ကြားသည့် မိန့်ခွန်း)

## ဒီမိုကရေစီစစ်စစ်

'တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအထိ မြင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။'( ၁၉၄၇ခုနှစ် မေလ၁၉ရက်နေ့တွင် ကျင်းပသည့် ဖဆပလပဏ္ဍာမ ပြင်ဆင်မှုညီလာခံတွင် မိန့်ကြားသည့် မိန့်ခွန်း )

အထူးသဖြင့် အခွန်နှင့်ပတ်သက်သော မှာကြားချက်ကို ကြည့်လျှင် ဗိုလ်ချုပ်သည် တော်လှန်ရေးခေါင်းဆောင်မှ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်ဘဝသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်ကြောင်း ထင်ရှားသည်။ အင်္ဂလိပ်အစိုးရလက်ထက်က အခွန်ထမ်းဆောင်ခြင်းသည် မိမိနိုင်ငံအား မတရားသိမ်းပိုက်ထားသော အစိုးရအား အခွန်ပေးခြင်းဖြစ်သည်။ မြန်မာပြည်လွတ်လပ်ရေးရလျှင်မူ ထိုအခွန်များသည် နိုင်ငံတည်ဆောက်ရေးတွင် အလွန်လိုအပ်သော ငွေကြေးများဖြစ်လာမည်။ ထို့ကြောင့် ဗိုလ်ချုပ်က နိုင်ငံသားတို့အား အခွန်ထမ်းဆောင်သင့်ကြောင်း အတိအလင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

*'အခွန်ဘဏ္ဍာကို တိုင်းသူပြည်သားတို့ မပေးဘဲ ငြင်းဆန်ခြင်းသည် တိုင်းပြည်နိုင်ငံ၏ စီးပွားရေးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံစီးပွားရေး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံး အနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်။'*

www.burmeseclassic.com

www.burmeseclassic.com



( ၁၉၄၇ခုနှစ်၊ မတ်လ၂၁ရက်နေ့ည ၈နာရီခွဲအချိန်တွင် ရေဒီယိုမှ အသံလွှင့် မိန့်ခွန်း)

ကမ္ဘာ့သမိုင်းကို ကြည့်လျှင် ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးရခဲ့သည့် ကိုလိုနီနိုင်ငံဟောင်းများတွင် လွတ်လပ်ရေး၏ ဖခင်များဖြစ်သည့် တော်လှန်ရေး ခေါင်းဆောင်အများအပြားသည် နိုင်ငံ့အခြေအနေ ပြောင်းသွားပြီ၊ မိမိဦးဆောင်ရသည့် အခြေအနေပြောင်းသွားပြီဆိုသည်ကို သတိမမူမိဘဲ တော်လှန်ရေးခေါင်းဆောင် ဟန်ပန်ဖြင့်သာ တိုင်းပြည်ကို ဆက်လက်ဦးဆောင်ခဲ့ကြသည်။ တိုင်းပြည်ကို မတည်ဆောက်သို့မဟုတ် မတည်ဆောက်တတ်ကြသောကြောင့် သူတို့သည် တိုင်းပြည်၏ကျေးဇူးရှင်များဘဝမှ အမုန်းခံ နာမည်ပျက်ဖြင့် နိဂုံးချုပ်ကြရသည်။ တစ်သက်လုံး တော်လှန်ရေးလုပ်လာသည့် ဗိုလ်ချုပ်မှာမူကား တိုင်းပြည်လွတ်လပ်ရေးမရမီတွင်ပင် တိုင်းပြုပြည်ပြုပုဂ္ဂိုလ်အဖြစ် မိမိကိုယ်ကို ပြောင်းလဲနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်၊ အပြောအဟော၊ ဂုဏ်သတင်း၊ စွမ်းဆောင်ရည်၊ မျိုးရိုး စသည့်နေရာဌာန အမျိုးမျိုးမှ သံလိုက်ဓာတ် မြစ်ဖျားခံနိုင်သော်လည်း ဗိုလ်ချုပ်တွင်မူ လွတ်လပ်ရေးကို မည်သည့်အခက်အခဲနှင့်ကြုံကြုံ မဆုတ်မနစ်တမ်း ရယူလိုသည့် တစ်ချောင်းတည်းသော စိတ်ဓာတ်၊ ပွင့်လင်းရိုးသားမှု၊ နိုင်ငံနှင့် လူမျိုးအပေါ်ထားသော ပြင်းပြသော မျိုးချစ်စိတ်၊ နှစ်ပေါင်းများစွာ ဖြည့်ကျင့်ခဲ့သော ဗဟုသုတနှင့် အပြောအဟောစွမ်းရည်တို့မှ ပူးပေါင်းစီးဆင်းလာသော ဂုဏ်ရည်ဟု ကောက်ချက်ဆွဲနိုင်သည်။

# သံလိုက်ဓာတ်နှင့်ပုဂ္ဂိုလ်

'He( Aung San) had a magnetic personality and one could not help following him.'

149, Aung San of Burma by Dr. Mg Mg

ခေါင်းဆောင်မှုတွင် သံလိုက်ဓာတ်ခေါ် ညှို့ငင်အားကောင်းမှု charisma သည် အလွန်အရေးကြီးသော အရည်အချင်းတစ်ရပ်ဖြစ်သည်။ မည်မျှအရေးကြီးသနည်းဆိုမူ အခြားအရည်အချင်းများမရှိလျှင်သော်မှ သံလိုက်ဓာတ်ရှိလျှင် ခေါင်းဆောင်အဖြစ် အောင်မြင်နိုင်သည်ဟုပင် ဆိုသည်။

ကမ္ဘာကျော် ခေါင်းဆောင်အများအပြားသည် သံလိုက်ဓာတ်ပိုင်ရှင်များဖြစ်ပြီး သူတို့၏နောက်လိုက်များကို ကြောက်စရာကောင်းလောက်အောင် ဆွဲဆောင်နိုင်သူများဖြစ်သည်။ ဒုတိယကမ္ဘာစစ်မီးကို စတင်မွှေးခဲ့ပြီး နိုင်လုလုအခြေအနေသို့ ရောက်အောင် ဂျာမနီကို ဦးဆောင်နိုင်ခဲ့သည့် နာဇီခေါင်းဆောင် ဟစ်တလာသည်လည်းကောင်း၊ ဖက်ဆစ်ခေါင်းဆောင် အီတလီအာဏာရှင် မူဆိုလီနီသည်လည်းကောင်း ထူးထူးခြားခြား သံလိုက်အားကောင်းသူများဟု အသိအမှတ်ပြုခံကြရသည်။ အလွန်ယဉ်ကျေးသော လူမျိုး၊ စာပေအနုပညာတို့တွင် ကမ္ဘာ့ထိပ်တန်းလူမျိုးဖြစ်ခဲ့သည့် ဂျာမန်တို့သည် အပြစ်မဲ့ ဂျူးခြောက်သန်းကျော်အား သွေးအေးအေးနှင့် သ[illegible]ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဦးဆောင်နိုင်ခဲ့ရာတွင် ဟစ်တလာ၏ ညှို့မှတ်သည် အဓိက အချက်တစ်ချက် အဖြစ် ပါဝင်သည်။ ဟစ်တလာ၏ အဟောအပြောကို နားထောင်ပြီးသည်နှင့် သူ့နောက်သို့ တစ်ပါတည်း လိုက်လိုစိတ်ပေါ်လာလောက်အောင်ပင် ညှို့ငင်အား ကောင်းသည်ဟု မှတ်တမ်းတင်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ညှို့အားပြင်း ခေါင်းဆောင် Charismatic Leader ပင်ဖြစ်သည်။ ကိုအောင်ဆန်းဘဝတွင် သိသာလောက်အောင် ညှို့ငင်အား မကောင်းခဲ့ (ကိုအောင်ဆန်းအား မြင်မြင်ချင်း အမြင်ကပ်လေ့ရှိသည်ဟု စာများတွင် တွေ့ရသည်) သော်လည်း ဗိုလ်ချုပ်အောင်ဆန်းအဖြစ် ဂျပန်တို့နှင့်အတူ ပြည်တော်ဝင်လာပြီးသည့်နောက်တွင် ဗိုလ်ချုပ်သည် ညှို့ငင်အားကောင်းကောင်း ခေါင်းဆောင်ဖြစ်ကြောင်း ပေါ်လွင်လာခဲ့သည်။ သူနှင့် ကြုံလိုက်သူတိုင်း၊ စကားပြောဆိုလိုက်သည့်သူတိုင်း၊ သူ့အဟောအပြောကို နားထောင်မိသူတိုင်း သူ့အားကြည်ညိုသွားကြသည်။

သူနှင့် တက္ကသိုလ်ကျောင်းသား ဘဝကတည်းက အတွဲညီခဲ့သည့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း၊ နိုင်ငံရေးတွင်လည်းလုပ်ဖော်ကိုင်ဖက်ဖြစ်ကာ သူ့ထက် အသက်ကြီးသူကိုနု နောင်ဝန်ကြီးချုပ် ဦးနုက ကိုအောင်ဆန်း၏ သံလိုက်ဓာတ်အကြောင်း ယခုကဲ့သို့ ထုတ်ဖော်ထားသည်။

'ဗိုလ်ချုပ်ဟာ သံလိုက်နဲ့တူတယ်၊ တွေ့တဲ့လူဟာ မေတ္တာတွေ၊ စေတနာတွေ၊ ကရုဏာတွေ ပိုလာတယ်။ သူ့ကို မကြည်ညိုတဲ့လူ မရှိသလောက်ဖြစ်နေတယ်။ သူ့ကို ပုံအပ်ချင်တဲ့စိတ်တွေ၊ ကြည်ညိုချင်တဲ့စိတ်တွေ တစ်ဖွားဖွားပေါ်လာတယ်။'

( ၂၉-၇-၄၇နေ့ တိုင်းပြုပြည်ပြုလွှတ်တော်မှ ဦးနု၏ မိန့်ခွန်း)

'၁၉၄၅ခု ဩဂုတ်လ ၁၉ရက်နေ့ နေသူရိန်အစည်းအဝေးကြီးကိုကြည့်။ လူထုပရိသတ် ဘယ်လောက်စည်ကားသလဲ။ အောင်ဆန်းတွေ့ချင်လို့ဆိုပြီး လာတဲ့ဘုန်းကြီးတွေ၊ ခေါင်းရွက်သည်တွေ၊ အလုပ်ကြမ်းသမားတွေ တစ်ခဲနက်ပဲ။ မိုးရွာထဲမှာ မိုးထဲကနေပြီး အောင်ဆန်းအသံကို နားခံကြတယ်။ အောင်ဆန်းပြောသမျှ ဟုတ်နေကြတယ်။ ဒီအစည်းအဝေးကြီးမှာ လူအားကြောင့် ရုံးအထက်ထပ် ကျိုးကျတယ်၊ ပရိသတ် အိနြေ မပျက်ဘူး၊ အောင်ဆန်းအပေါ်မှာသာ အာရုံစိုက်နေတယ်။' လို့ သူရိယသတင်းစာကြီး ကရေးသားခဲ့တယ်။'

သံလိုက်ဓာတ်ဟူသည် ခေါင်းဆောင်၏ ကိုယ်ရည်ကိုယ်သွေးဖြစ်လေရာ ယင်း၏ မည်သည့်နေရာမှ လာသည်ကို ပြောရန်ခက်ခဲသည်။ ရုပ်ရည်၊ အပြောအဟော၊ ဂုဏ်သတင်း၊ စွမ်းဆောင်ရည်၊ မျိုးရိုး စသည့် နေရာဌာနအမျိုးမျိုးမှ သံလိုက်ဓာတ်



မြစ်ဖျားခံနိုင်သော်လည်း ဗိုလ်ချုပ်တွင်မူ လွတ်လပ်ရေးကို မည်သည့်အခက်အခဲနှင့်ကြုံကြုံ မဆုတ်မနစ်တမ်း ရယူလိုသည့် တစ်ချောင်းတည်းသောစိတ်ဓာတ်၊ ပွင့်လင်းရိုးသားမှု၊ နိုင်ငံနှင့် လူမျိုးအပေါ်ထားသော ပြင်းပြသော မျိုးချစ်စိတ်၊ နှစ်ပေါင်းများစွာ ဖြည့်ကျင့်ခဲ့သော ဗဟုသုတနှင့် အပြောအဟောစွမ်းရည်တို့မှ ပူးပေါင်းစီးဆင်းလာသော ဂုဏ်ရည်ဟု ကောက်ချက်ဆွဲနိုင်သည်။

'ဗမာပြည် အင်္ဂလိပ်လက်အောက်ရောက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းလောက် လူထုအကြည်ညိုခံရဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီးမျိုး မရှိသေးချေ။ ရောက်လေရာ မြို့တိုင်းရွာတိုင်း တို့၌ လူထုဝိုင်းအုံ တိုးဝှေ့ ကြည့်ရှုလေ့ရှိသည့်အတွက် စိတ်ပျက်စရာ ကောင်းလောက်အောင် ဖြစ်ရသည်။ အယုတ်ဆုံး ဗိုလ်ချုပ်အိမ်သာသွားသည်ကိုပင် ဝိုင်းလိုက်၍ ကြည့်ကြသဖြင့် 'သိပ်ဒွကျတာပဲဟု ဗိုလ်ချုပ် ညည်းညူသေး၏။... ဗိုလ်ချုပ်ကို တွေ့လိုမြင်လိုအားကြီးနှင့် သူ့ထက်ငါတိုးကာ ကြည့်၍ မြင်ရသော်လည်း ဤနေရာ၌ ကြည့်ရ၍ မကျေနပ်သေးဘဲ အခြားတနေရာသို့လည်း လိုက်၍ ကြည့်ကြလေ၏။ ခေတ္တမျှ ကြည့်၍လည်း အားမရ။ မင်တက်မိနေသည့်ပမာ စိမ်း၍ ကြည့်နေသူတို့မှာလည်း ဒုနဲ့ဒေး။ အချို့လည်း ဗိုလ်ချုပ်၏ကိုယ်ကို စမ်းသပ်ကြည့်လိုသည့်ပမာ အနားသို့ အတင်းတိုးကပ်သည်ကို အကြိမ်ကြိမ်ကာကွယ်ရသေး၏။'

( ဦးပုကလေး၊ ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ။)

ဖက်ဆစ်ကိုတော်လှန်ရာတွင် ကရင်နှင့် ဗမာတိုင်းရင်းသားတို့အကြား ထိုစဉ်က သံသယကို ဗိုလ်ချုပ်အောင်ဆန်း၏ သံလိုက်ဓာတ်ကြောင့် ပယ်ဖျောက်နိုင်ကာ ဖက်ဆစ်တော်လှန်ရေးကြီး ပိုမိုချောမွေ့စေခဲ့ကြောင်းကို ကရင်ခေါင်းဆောင် စောစံဖိုးသင်က အောက်ပါအတိုင်းဖော်ပြခဲ့သည်။

Bogyoke Aung San had a magnetic personality and strangers who met him were immediately attracted: that all the Karens he met came to trust him implicitly and respect him; and the Karen-Burmese reconciliation, so important for the Resistance, was largely due to him. (146, Aung San of Burma by Dr. Mg Mg)

Charismatic Leadership ခေါ် ညှို့အားပြင်း ခေါင်းဆောင်မှုနှင့်ပတ်သက်လျှင် ပညာရပ်ပိုင်းဆိုင်ရာအရ ဩဇာကြီးမားလှသူမှာ sociologist Max Weber ဖြစ်သည်။ ခေါင်းဆောင်မှုပါဝါရင်းမြစ်မှာ နေရာ သုံးခုမှလာကြောင်း Traditional Leader, Legal-Rational Leader နှင့် Charismatic Leader ဟု Max Weber က ခွဲပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



Max Weber ၏ Charismatic Leadership သီအိုရီအရ ပါဝါသည် ခေါင်းဆောင်ထံမှလာသည်။ ခေါင်းဆောင်၏ ကိုယ်ရည်ကိုယ်သွေး၊ ရုပ်ရည်၊ အပြောအဟော စသည်ကြောင့် လူအများ ချစ်ခင်မြတ်နိုးလေးစားရာမှ အဆိုပါ Charismatic Power ရရှိလာခြင်းဖြစ်သည်။ အတိုချုပ်ပြောရလျှင် Charismatic Leadership သည် Personal Power ပုဂ္ဂိုလ်ကို အခြေပြုဖြစ်ပေါ်လာသော ပါဝါဖြစ်သည်။ Max Weber ၏ သီအိုရီအရဆိုလျှင်လည်း ဗိုလ်ချုပ်သည် ကိုက်ညီနေသည်။

'The whole strength of the league appears to depend on the personality of Aung San' ( အောင်ဆန်းမိသားစု ၁၉၅)

မြန်မာ့လွတ်လပ်ရေးအရယူရန်အတွက် မျိုးချစ်ပုဂ္ဂိုလ်များစွာ၊ ဂိုဏ်းဂဏများစွာ ပါဝင်သည့် ဖဆပလအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ကာ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်ခဲ့သည်။ ဗိုလ်ချုပ်သည် ပုဂ္ဂိုလ်ရေးကို ရှေ့တန်းမတင်ဘဲ ဖဆပလကိုသာ ဦးစားပေးစည်းရုံးခဲ့သော်လည်း နောက် ...းတွင် အောင်ဆန်းသည်ပင် ဖဆပလ၊ ဖဆပလသည်ပင် အောင်ဆန်းဖြစ်လာခဲ့သည်။ ခေါင်းဆောင်သူ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းကို သီးခြားစီမမြင်တော့ဘဲ ခေါင်းဆောင်ကိုသာ အဖွဲ့အစည်းဟု မြင်တော့ခြင်းဖြစ်သည်။ 'Person becomes the Institution' ဟု ခေါင်းဆောင်မှုပညာရပ်နှင့် လူမှုသိပ္ပံဘာသာရပ်များတွင် ထိုဖြစ်စဉ်ကို ဖော်ပြကြသည်။ ဗိုလ်ချုပ်ကိုယ်တိုင်လည်း ထိုရေစီးကို မြင်သောကြောင့် ' အဲဒီခေတ်ကဆို ကျွန်တော်တို့ ဘုရင်လုပ်မယ်ဆိုလဲ လုပ်လို့ရတယ်။' ဟု ပြောဆိုခဲ့သည်။

Charismatic Leader များနှင့်ပတ်သက်လျှင် အားနည်းချက်တစ်ရပ်မှာ ထိုခေါင်းဆောင်မရှိတော့လျှင် အစားထိုးစရာ ကင်းမဲ့တတ်ခြင်းဖြစ်သည်။ သံလိုက်ဓာတ်ရှင်ခေါင်းဆောင်နေရာကို အလွယ်တကူအစားထိုးနိုင်သည့်သူ ခေါင်းဆောင်မရှိသောကြောင့် ခေါင်းဆောင်ဆက်ခံမှု ပြဿနာပေါ်တတ်ကာ အဖွဲ့အစည်းအနေဖြင့် ကျဆင်းသွားလေ့ရှိပြီး အဆိုးဆုံးအနေဖြင့် အဖွဲ့အစည်း ကျဆုံးသွားသည့် အခြေအနေမျိုးပင်ဆိုက်တတ်သည်။

ထို့ပြင် သံလိုက်ဓာတ်ပုဂ္ဂိုလ်များသည် လူကောင်းများမဟုတ်ကြလျှင် သူ၏နောက်လိုက်များအားလမ်းမှားသို့ရောက်အောင် ခေါ်ဆောင်သွားနိုင်ပေသည်။ ဟစ်တလာ၏လုပ်ရပ်များအား ကြည့်လျှင် ညို့အားပြင်းခေါင်းဆောင်ဆိုးများကြောင့် အများပြည်သူ ဒုက္ခပင်လယ် မည်မျှဝေနိုင်သည်ကို တွေ့ရှိနိုင်သည်။ Charismatic Power သည် ပုဂ္ဂိုလ်တစ်ဦးဟာစ်ယောက်ထံမှ လာခြင်းဖြစ်ရာ တဖြည်းဖြည်းနှင့်



ပုဂ္ဂိုလ်ရေးကိုးကွယ်မှု Cult of Personality အဖြစ်သို့ ရောက်ရှိသွားတတ်သည်။ တခါတရံ နောက်လိုက်များကိုယ်တိုင်က ထိုအခြေအနေမျိုးသို့ တွန်းပို့တတ်ပြီး ခေါင်းဆောင်ကိုယ်တိုင်က သာယာသွားပါက သူခေါင်းဆောင်သည့် အဖွဲ့အစည်း လမ်းကြောင်းပြောင်းသွားနိုင်သည်။ ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးရအောင် ဦးဆောင်ခဲ့သည့် တော်လှန်ရေးခေါင်းဆောင်အများအပြားသည် အထက်ပါအခြေအနေမျိုးသို့ ရောက်ရှိသွားသောကြောင့် သူရဲကောင်းအဖြစ်မှ အရာကျကာ နာမည်ဆိုးဖြင့် ဓာတ်သိမ်းခဲ့ရသည်ကို ဝမ်းနည်းဖွယ် တွေ့မြင်ရသည်။

ဗိုလ်ချုပ်သည် သံလိုက်ဓာတ်ရှင် ခေါင်းဆောင်ကောင်းဖြစ်ခဲ့သည်။ တိုင်းသူပြည်သားတို့ကလည်း သူ့အား ဘုရားလေး demi-god တမျှ ထင်မှတ်ခဲ့သည်။ ထိုသံလိုက်ဓာတ်ဖြင့် သူ၏ဦးဆောင်မှုနောက်သို့ လိုက်ခဲ့ကြသည်။ ဗိုလ်ချုပ်၏ သံလိုက်ဓာတ်ကြောင့် လွတ်လပ်ရေးတည်းဟူသော အကျိုးတရားကို ဖြစ်ပေါ်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အား တော်လှန်ရေးခေါင်းဆောင်၊ စစ်ခေါင်းဆောင်အဖြစ် လူအများက မှတ်ယူကြသော်လည်း သံတမန်ခေါင်းဆောင်အဖြစ် သူက ပြခဲ့ခြင်းကို အမှတ်တမဲ့ ဖြစ်နေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သံတမန်အဖြစ် အောင်မြင်မှုကြီးမားစွာ ရရှိခဲ့သူဖြစ်သည်။

# သံတမန်ခေါင်းဆောင်

ဘုဆတ်ဆတ်ပုဂ္ဂိုလ်၊ ဆက်ဆံရေး မပြေပြစ်သူ၊ အနုအနွဲ့ မပြောတတ်သူ၊ လွတ်လပ်ရေးအတွက်သာ အာရုံထားပြီး အခြားနေရာတွင် လစ်ဟင်းသူဟု ဗိုလ်ချုပ်သည် နာမည်ကြီးလှရာ သံတမန်နည်းလမ်းဖြင့် ခေါင်းဆောင်နိုင်သူ ဝါ သံတမန်ခေါင်းဆောင် Diplomatic Leader ဟူသော ဝိသေသနှင့် ဗိုလ်ချုပ်ကို တွဲစပ်စဉ်းစားရန်ပင် မလိုဟု မြင်သူများရှိပေမည်။ ရန်သူသို့မဟုတ် ပြိုင်ဘက်နှင့် သဘောတူညီမှု ရအောင်လုပ်နိုင်ခြင်း၊ ရန်သူနှင့် တစ်စားပွဲတည်း မျက်နှာချင်းဆိုင်ထိုင်ကာ အတူဆွေးနွေးစကားဆိုနိုင်ခြင်း၊ လက်တွဲလုပ်ကိုင်နိုင်ခြင်း၊ မိမိရည်မှန်းချက်သို့ရောက်အောင် သူတစ်ပါးကို အနုနည်းဖြင့် ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်းဟူသော အရည်အချင်းများမှာ သံတမန်ကောင်းများ၏ အရည်အချင်းပင်ဖြစ်သည်ကိုတွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အဆိုပါ အရည်အချင်းများဖြင့် ပြည့်စုံနေပြီး နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းရာတွင် ထိုအရည်အချင်းများကို ထိထိရောက်ရောက် သုံးစွဲခဲ့သည်ကို တွေ့ရသည်။

တာဝန်ယူရသည့် နယ်ပယ်ကြီးမားလာပြီဆိုလျှင် ထိုခေါင်းဆောင်သည် သံတမန်ဆန်ဆန် လုပ်ကိုင်ရမြဲဖြစ်သည်။ မိမိခေါင်းဆောင်မှုအောက်တွင် နယ်ပယ်အသီးသီးအား တာဝန်ယူထားရသည့် ခေါင်းဆောင်များအကြား ညှိနှိုင်းပေးရခြင်းကို တာဝန်ယူသည့် နယ်ပယ်ကျယ်လာသည်နှင့်အမျှ ထိုခေါင်းဆောင်သည် ပိုမိုလုပ်ဆောင်လာရမြဲဖြစ်သည်။ ဒါရိုက်တာများအကြား ပြေလည်အောင်၊ ပူးပေါင်းဆောင်ရွက်နိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းညှိပေးရသော တာဝန်သည် သံတမန်သဘောဆောင်ပြီး ယင်းသည် ကုမ္ပဏီ ဥက္ကဋ္ဌတစ်ဦး၏ အဓိကတာဝန်တစ်ခုပင်ဖြစ်သည်။

သံတမန်နှင့် လားလားမျှ မဆိုင်ဟုထင်ရသော စစ်ရေးတွင်ပင် သံတမန်ခေါင်းဆောင်နည်းဟန်ကို ကျင့်သုံးခေါင်းဆောင်ရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်းဝါးသည် ဥရောပတိုက်တွင် မဟာမိတ်တပ်များ၏ စစ်ဦးချုပ်ရာထူးတာဝန်ထမ်းဆောင်ခဲ့ရာ သူသည် စစ်ဆင်နွှဲရန် မဟာဗျူဟာရေးဆွဲခြင်း၊ စစ်ဆင်ရေးအမိန့်များပေးခြင်းထက် အမေရိကန်ဗိုလ်ချုပ်များ၊ ဗြိတိန်ဗိုလ်ချုပ်များ လက်တွဲကာ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းတိုင်ပင်အုပ်ချုပ်ခဲ့ရသည့် တာဝန်က အဓိကဖြစ်နေခဲ့သည်။

အချို့သော ခေါင်းဆောင်နေရာများတွင် သံတမန်ခေါင်းဆောင် သဘာဝမျိုးက အဓိကလွှမ်းမိုးနေတတ်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကဲ့သို့ ရာထူးမျိုးသည် သံတမန်ခေါင်းဆောင် ရာထူးမျိုး စစ်စစ်ပင်ဖြစ်ပြီး world's top diplomat ကမ္ဘာ့ အမြင့်ဆုံးသံတမန်ဟု ရည်ညွှန်းခံရသည်။ သူ့တွင် ကိုယ်ပိုင်တပ်မတော်မရှိ၊ ကိုယ်ပိုင်ငွေကြေးမရှိ။ သူသည် ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံများအား အမိန့်ပေးညွှန်ကြားနိုင်ခြင်းမရှိ။ အထွေထွေအတွင်းရေးမှူးချုပ်သည် နိုင်ငံခေါင်းဆောင်များ၊ သံတမန်များအား ညှိနှိုင်းဆွေးနွေးစည်းရုံးပြီး နိုင်ငံအများမှ လှူဒါန်းသော ငွေများဖြင့် ကုလသမဂ္ဂလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရသည်။ အမျိုးမျိုးအထွေထွေသော အကျိုးစီးပွားများရှိနေသည့်နိုင်ငံများအကြား သဘောတူညီမှုများ ရရှိအောင် သံတမန်နည်းအားဖြင့် ဆောင်ရွက်ခေါင်းဆောင်ရသည်မှာ အထွေထွေအတွင်းရေးမှူးချုပ်၏ တာဝန်ပင်ဖြစ်သည်။

နိုင်ငံများစွာတွင် နိုင်ငံခြားရေးဝန်ကြီးသည် အရေးကြီးသော ခေါင်းဆောင်နေရာပင်ဖြစ်ကာ အချို့နိုင်ငံများတွင် သမ္မတ၊ ဝန်ကြီးချုပ်ပြီးလျှင် ဒုတိယ သို့မဟုတ် တတိယအဆင့်မြင့်ဆုံးရာထူးပင်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးသည် နိုင်ငံ၏အဆင့်မြင့်ဆုံးသော သံတမန်လည်းဖြစ်ပြီး နိုင်ငံအများက လေးစားလောက်သည့် ပုဂ္ဂိုလ်အားသာ ခန့်အပ်လေ့ရှိသည်။ သို့သော် နိုင်ငံ့ခေါင်းဆောင် သမ္မတများ၊ ဝန်ကြီးချုပ်များသည်လည်း သံတမန်ခေါင်းဆောင် ကဏ္ဍကို တောက်လျှောက်ထမ်းဆောင်နေရကြောင်း သမ္မတများ၊ ဝန်ကြီးချုပ်များ၏ နိုင်ငံရပ်ခြားခရီးစဉ်များ၊ အခြားနိုင်ငံခေါင်းဆောင်များလာရောက်လည်ပတ်သည့် ခရီးစဉ်များ၊ ထိပ်သီးဆွေးနွေးပွဲများက သက်သေခံသည်။

ခေါင်းဆောင်မှန်လျှင် သံတမန်အခန်းကဏ္ဍတွင် အနည်းနှင့်အများ ကပြရစမြဲပင်။



အမေရိကန်သမ္မတများစွာသည် အစ္စရေး–ပါလက်စတိုင်းအရေး ပြေလည်အောင် သံတမန်အခန်းကဏ္ဍမှ ဦးဆောင်ခဲ့ကြသည်။ သမ္မတဟောင်း ဘီလ်ကလင်တန်သည် သူ၏ သမ္မတသက်တမ်းကုန်ဆုံးခါနီးနေ့ရက်များတွင် အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များကို အမေရိကန်ပြည်ထောင်စုသို့ ဖိတ်ခေါ်ပြီး မနားတမ်းဆွေးနွေးပွဲများကို စီစဉ်ကြီးကြပ်ပေးခဲ့သည်မှာ ထင်ရှားသောသက်သေပင်ဖြစ်သည်။ စစ်အေးကာလက ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့ တင်းမာမှုအမြင့်ဆုံးရောက်ချိန်တွင် အမေရိကန်ပြည်ထောင်စုသည် ထိုစဉ်က ဆိုဗီယက်နှင့်ပြိုင်ဘက် ကွန်မြူနစ်တရုတ်ပြည်နှင့် သံခင်းတမန်ခင်း လမ်းဖွင့်ရန်ကြိုးစားခဲ့သည်။ အမေရိကန်နိုင်ငံတော်လုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဟင်နရီကစ်ဆင်းဂျား တိတ်တဆိတ်သွားရောက် ညှိနှိုင်းခဲ့ပြီးနောက်ပိုင်းတွင် သမ္မတ နစ်ဆင်ကိုယ်တိုင် သွားရောက်ခဲ့ကာ နှစ်နိုင်ငံရွှေလမ်း ငွေလမ်းဖောက်ခဲ့သည်။ တရုတ်ပြည်နှင့် ပြန်လည်ရင်ကြားစေ့နိုင်ခြင်းသည် အမေရိကန်သမ္မတအတွက် အောင်မြင်မှုကြီးတစ်ရပ်ဖြစ်ပြီး သံတမန်ခေါင်းဆောင်ကဏ္ဍ၏ အရေးကြီးမှုကို ပြလိုက်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အား တော်လှန်ရေးခေါင်းဆောင်၊ စစ်ခေါင်းဆောင်အဖြစ် လူအများက မှတ်ယူကြသော်လည်း သံတမန်ခေါင်းဆောင်အဖြစ် သူကပြခဲ့ခြင်းကို အမှတ်တမဲ့ဖြစ်နေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သံတမန်အဖြစ် အောင်မြင်မှုကြီးမားစွာရရှိခဲ့သူဖြစ်သည်။ သူသည် ရန်သူနှင့် ဆက်ဆံရေးမည်မျှပင် ဆိုးရွားနေပါစေ 'Keep Channels Open' 'လမ်းကြောင်းများ အမြဲဖွင့်ထား' သဘောတရားကို လက်ကိုင်ထားသူဖြစ်သောကြောင့် အင်္ဂလိပ်တို့နှင့် စေ့စပ်ဆွေးနွေးကာ မိမိတို့လိုလားချက်ကို အရယူနိုင်သည်ဟု ယုံကြည်သူဖြစ်သည်။ အကြမ်းနည်းဖြစ်သည့် စစ်ရေးကို မလွှဲသာမှသုံးလိုသူဖြစ်သည်။ လွတ်လပ်ရေး တစ်နှစ်အတွင်းရအောင် လမ်းခင်းပေးသည့် အောင်ဆန်း–အက်တလီစာချုပ်ကို အင်္ဂလိပ်တို့နှင့် စေ့စပ်ဆွေးနွေး လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ သံတမန်ခေါင်းဆောင်အဖြစ် အောင်မြင်မှုကြီးကို ဗိုလ်ချုပ်ရရှိခဲ့ခြင်းဖြစ်သည်။

## နှုတ်ရေးကြွယ်ခြင်း

သံတမန်ကောင်းတစ်ဦး၏အင်္ဂါရပ်မှာ စကားပရိယာယ်ကြွယ်ခြင်းဖြစ်ကာ မည်သည့်အချိန်တွင် စကားဆိုရမည်၊ မည်သည့်အချိန်တွင် နှုတ်ပိတ်နေရမည်ကို သိခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုပါအရည်အချင်းကို သူနှင့် အတူတူလုပ်ကိုင်ခဲ့တွဲ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်ခဲ့သူ ဗိုလ်မှူးချုပ်မောင်မောင်က အောက်ပါအတိုင်း မှတ်တမ်းတင်ရေးသားခဲ့သည်။

'Talk could be the strategy with Aung San, too. If he had something to say, he would say it without beating the bush. If he could get by without saying anything, he would keep silent. If his position was so weak that saying anything, or opening up his thoughts, would only further weaken his position, or serve no useful purpose, he would keep quiet.' (From On the March with Aung San by Brigadier General Maung Maung from Aung San of Burma by Dr Maung Maung, p 56)

'အောင်ဆန်းသည် နှုတ်ရေးကြွယ်သူဖြစ်သည်။ ပြောရန်ရှိလျှင် သူသည် တဲ့တိုးပြောတတ်သည်။ မပြောဘဲ နေ၍ရသည်ဆိုလျှင် သူသည် နှုတ်ဆိတ်နေမည်။ သူ့တွင် ပျော့ကွက်ရှိနေသောကြောင့် တစ်ခုခုပြောလိုက်လျှင် သို့မဟုတ် သူ့အတွေးများကို ဖွင့်ဟလိုက်လျှင် အခြေအနေပိုဆိုးသွားမည်ထင်လျှင်၊ အကျိုးတစုံတရာ မရှိဟုထင်လျှင် သူသည် တိတ်တိတ်နေလိမ့်မည်။'

သံတမန်ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်သည် Negotiation စေ့စပ်ဆွေးနွေးခြင်းပညာရပ်မှ BATNA Best Alternative To Negotiated Agreement '*မိမိတောင်းဆိုချက်အတိုင်းမရက လုပ်ဆောင်မည့် အခြားလမ်းကြောင်း*'ကို တစ်ဖက်မှ ဆွေးနွေးသူမြင်အောင်ပြခြင်းအား သေချာစွာ နားလည်သူပီပီ အောင်မြင်စွာ အသုံးချနိုင်ခဲ့သည်။ လွတ်လပ်ရေးအတွက် စေ့စပ်ဆွေးနွေးရန် အင်္ဂလန်သို့ မသွားမီ တိုင်းသူပြည်သားတို့အား 'အကောင်းဆုံးကို မျှော်လင့်ထားကြ၊ အဆိုးဆုံးအတွက် ပြင်ဆင်ထားကြ' ဟု လူသိရှင်ကြားပြောဆိုခဲ့သည်မှာ လိုလားချက်များမရခဲ့လျှင် မြန်မာတို့က လက်နက်ကိုင်တိုက်ပွဲဝင်မည်ဟု အခြားလုပ်ဆောင်မည့်လမ်း Best Alternative ကို အင်္ဂလိပ်တို့အား ပြလိုက်ခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မတူခြားနားသည့် အမြင်များရှိသူများ၊ အသွင်သဏ္ဍာန်ခြားနားသူများအား အလံတစ်ခုတည်းအောက်တွင် စည်းရုံးကာ လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်နိုင်ခဲ့သည်။ တိုင်းရင်းသားအားလုံး တပြိုင်နက်တည်း လွတ်လပ်ရေးရယူရေးကို ကဖျက်ယဖျက်များ ကြားထဲမှပင် ပင်လုံစာချုပ်ချုပ်ဆိုကာ ခိုင်မာစေခဲ့သည်မှာလည်း ဗိုလ်ချုပ်၏ သံတမန်စွမ်းရည်ကြောင့်ပင်ဖြစ်သည်။ တို့ဗမာအစည်းအရုံး အဖွဲ့ကနစ်ခုမှလာသည့် သခင်များဖြင့် ဖွဲ့စည်းထားသည့် ရဲဘော်သုံးကျိပ်ကို ထိရောက်စွာ



ဦးဆောင်နိုင်ခဲ့သည်မှာလည်း သခင်အောင်ဆန်းတစ်ဖြစ်လဲ ဗိုလ်တေဇ၏ သံတမန်ခေါင်းဆောင်မှု ဟန်ပန်ကြောင့်ပင်ဖြစ်သည်။

ဘုကလန့်သမားဟု နာမည်ကျော်သည့် မှုန်တေတေ ကိုအောင်ဆန်းတစ်ယောက်၊ လူမှုဆက်ဆံရေးအားနည်းသောကြောင့် လူထုခေါင်းဆောင်မလုပ်သင့်ဟု ကွန်မြူနစ်ခေါင်းဆောင်များဖြစ်သည့် သခင်သန်းထွန်းနှင့် သခင်စိုးတို့က ပြောဆိုခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက် သံတမန်ခေါင်းဆောင်အဖြစ် ကျွမ်းကျင်ပိုင်နိုင်စွာ ဦးဆောင်နိုင်ခဲ့သောကြောင့် ဆယ်စုနှစ် ဖြစ်စုကြာ အလုမ်းဝေးခဲ့ရသော မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည် ရရှိခဲ့ခြင်းဖြစ်သည်။

The Voice Weekly Vol 6-No.42

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအတွက် လူမျိုးအတွက်ဆိုလျှင် စွန့်လွှတ်စွန့်စားသည့် ဗိုလ်ချုပ်၏လုပ်ရပ်များကြောင့် ထိုခေတ်က မြန်မာတို့စိတ်တွင် နိုင်ငံနှင့် လူမျိုးအတွက် အသက်ကို စွန့်လိုစိတ်များ ပြင်းပြန်းကြားလာခဲ့ခြင်းဖြစ်သည်။

# စံနမူနာပြခေါင်းဆောင်

The leader sets the example. Whether in the Army or in civilian life, the other people in the organization take their cue from the leader- not from what the leader says, but what the leader does.

ခေါင်းဆောင်မှုပညာရပ်တွင် leadership with dirty hands ပေရေသောလက်ဖြင့် ဦးဆောင်ခြင်း ဟူသော သဘောတရားတစ်ရပ်ရှိသည်။ ကိုယ်တိုင် ရှေ့မှ စံနမူနာပြ ဆောင်ရွက်ကာ ဦးဆောင်ခြင်း Exemplary Leadership ဖြစ်သည်။ ခေါင်းဆောင်၏ စံနမူနာကိုယူကာ အဖွဲ့သားများကလည်း ခေါင်းဆောင်နည်းတူ လိုက်ပါဆောင်ရွက်လာခြင်းဖြင့် အဖွဲ့အစည်းကို ရှေ့သို့ရွှေ့စေသည့်၊ စံနမူနာကောင်းများ အစဉ်အလာဖြစ်စေရန် ဆောင်ရွက်ပေးသည့် ခေါင်းဆောင်မှုဖြစ်သည်။

ခေါင်းဆောင်ကို အကဲဖြတ်ရာတွင် အထိရောက်ဆုံးနည်းတစ်နည်းမှာ သူ၏လုပ်ရပ်များ leadership behavior ကို ကြည့်ခြင်းဖြစ်သည်။ ထို့ပြင် ခေါင်းဆောင်ရာတွင် အောင်မြင်ခြင်း မအောင်မြင်ခြင်းသည် သူ၏လုပ်ရပ်များပေါ်တွင် အဓိက မူတည်နေရာ သူ၏လုပ်ရပ်များဖြင့် ခေါင်းဆောင်ကို အကဲဖြတ်ခြင်းသည် ဆီလျော်လှသည်။

အချို့ခေါင်းဆောင်များသည် ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ချမှတ်နိုင်ကြသည်။ အနာဂတ်အတွက် စီမံချက်များ ထိထိရောက်ရောက် ရေးဆွဲနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိအဖွဲ့သားများ ရည်မှန်းချက်ပေါက်မြောက်စေရန် အခြေအနေကောင်းများ ဖန်တီးပေးသည်၊ လိုအပ်သော အရည်အချင်းများ၊ ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးသည်။ အချို့ခေါင်းဆောင်များမှာမူ ဆုံးဖြတ်ချက်မချနိုင်၊ ချီတုံချတုံ ဖြစ်နေတတ်သည်။ ဆုံးဖြတ်ချက်ချပြန်လျှင်လည်း လွဲမှားသော ဆုံးဖြတ်ချက်များ ဖြစ်နေတတ်သည်။ ရည်မှန်းချက် ပန်းတိုင်ကိုလည်း တိတိကျကျ မဖော်ပြနိုင်ဝေဝါးနေသည်။ နောက်လိုက်များ၏ လိုအပ်ချက်များကိုလည်း လျစ်လျူရှုထားတတ်သည်။

ခေါင်းဆောင်ကို သူ၏စရိုက်များ၊ ဉာဏ်ရည်၊ ခံယူချက်၊ သူတန်ဖိုးထားသော အရာများဖြင့် အကဲဖြတ်လေ့ရှိကြသော်လည်း ခေါင်းဆောင်၏ လုပ်ရပ်များဖြင့် တိုင်းတာခြင်းသည် အလွယ်ဆုံးသောနည်းဖြစ်သည်။ သူ့လုပ်ရပ်များသည် မြင်သာထင်သာသည်။ ခေါင်းဆောင်၏ ဉာဏ်ရည်မည်မျှရှိသည်၊ သူမည်သည့်ခံယူချက်ရှိသည်၊ သူ၏စရိုက်များတို့ကို သိရှိရန် မလွယ်သော်လည်း လုပ်ရပ်ကိုမူ အလွယ်တကူ မြင်နိုင်သည်။ တဖန် သူ့လုပ်ရပ်များ တစ်ဆင့် သူ၏စရိုက်၊ ဉာဏ်ရည်၊ ခံယူချက်၊ တန်ဖိုးထားသော အရာများကို အကဲခတ်နိုင်သည်။

ခေါင်းဆောင်ဆိုသည် စင်မြင့်ထက်ရှိ မီးရောင်အောက်မှ ဇာတ်မင်းသားကဲ့သို့ လူအများက အမြဲကြည့်ရှုနေကြရာ သူတို့၏ လုပ်ရပ်များသည် ကူးစက်နိုင်သည်။ သူတို့သည် အဖွဲ့အစည်းတွင်းရှိ နောက်လိုက်များ၏ စံထားကြသည့် ပုဂ္ဂိုလ်များ role model များလည်း ဖြစ်နေကြရာ သူတို့လုပ်ဆောင်ပုံကို အတုယူကာလိုက်လုပ်ကြလေ့ရှိသည် demonstration effect။ ထို့ကြောင့် ခေါင်းဆောင်လုပ်သူသည် စံနမူနာပြ ခေါင်းဆောင်ဖြစ်ရန်အတွက် သူ၏ လုပ်ရပ်များသည် စံပြဖြစ်နေရန် လိုသည်။ သို့မှသာ နောက်လိုက်များသည်လည်း နောက်လိုက်ကောင်းများ ဖြစ်လာပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုကိုလည်း သူ၏လုပ်ရပ်များကိုကြည့်ကာ အကဲဖြတ်နိုင်ပေသည်။

သူသည် တက္ကသိုလ်ကျောင်းသားဖြစ်စကတည်းကပင် နိုင်ငံ့အကျိုးကို အမြဲဦးထိပ်ထား လုပ်ဆောင်ခဲ့သည်။ ထိုခေတ်က တက္ကသိုလ်ကျောင်းသားများသည် နိုင်ငံ့လူဦးရေနှင့် ယှဉ်လျှင် လက်တစ်ဆုပ်စာမျှသာဖြစ်ရာ ဘွဲ့ရသည်နှင့် မြို့အုပ်စသည့် မက်လောက်စရာ ရာထူးများရကာ သူဌေးတို့က သမက်ဖမ်းရန် နောက်မှလိုက်နေတတ်ကြ သောကြောင့် ရေကန်အသင့် ကြာအသင့်ပင်။ သို့သော် ကိုအောင်ဆန်းသည် ယင်းကိုမမက်ဘဲ နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းမှုတွင်းသို့သာ ခြေစုံပစ် ခုန်ဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဘဝဖြင့် အင်္ဂလန်သို့ လွတ်လပ်ရေးအတွက် ညှိနှိုင်းရန်အသွားတွင်



အိန္ဒိယသို့ တစ်ထောက်နားခိုက် ဗိုလ်ချုပ်တွင်ပါသည့် အဝတ်အစားတစ်စုံနှစ်စုံ ပါးပါးလျားလျားနှင့် အလွန်အေးသည့် အင်္ဂလန်သို့သွားမည်ကို ‌နေရှူးကသိသွားသည်။ ထို့ကြောင့်နေရှူးက ထူထူထဲထဲဖြစ်စေရန် ချက်ချင်းချုပ်ပေးလိုက်သည့် စစ်ဝတ်စုံ ကုတ်အကျီဖြင့် လွတ်လပ်ရေးအရေးဆို မှတ်တမ်းတင်ဓာတ်ပုံများတွင် ဗိုလ်ချုပ်အောင်ဆန်း သားသားနားနားဖြစ်ခဲ့ရသည်။ ယင်းသို့ ကိုယ်ကျိုးစွန့်သည့် လုပ်ရပ်များကြောင့် ဗိုလ်ချုပ်နှင့် အနီးကပ် နောက်လိုက်များ၊ လုပ်ဖော်ကိုင်ဖက်များသာမက တစ်ဆင့်စကား တစ်ဆင့်နားကြားရသော ပြည်သူတို့သည်လည်း အလားတူ နိုင်ငံအတွက် ကိုယ်ကျိုးစွန့်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာရပေသည်။

သူသည် အဖွဲ့အစည်းအတွက်ဆိုလျှင် ခေါင်းဆောင်လုပ်ရ မလုပ်ရ ကျရာနေရာမှနေကာ အဖွဲ့အစည်းအကျိုးကို ဦးလည်မသုံထမ်းဆောင်လိုသူဖြစ်သည်။ မင်းသားကြီးမလုပ်ရသောကြောင့် ပတ်မကြီး ထိုးဖောက်မည့်သူမျိုး လုံးဝမဟုတ်။ တက္ကသိုလ်တွင် ဥက္ကဋ္ဌအဖြစ် အရွေးခံရာ သူငယ်ချင်းများက ဆက်ဆံရေးကို မကြိုက်သေးသောကြောင့် ဒုဥက္ကဋ္ဌအဖြစ်သာ နေစေသောအခါတွင်လည်း တာဝန်ကျေကျေ ဆောင်ရွက်ခဲ့သည်။ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်စေသောအခါတွင်လည်း ထိုနည်းတူတူပင် ကျုရာကဏ္ဍမှ ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့သည်။ အဖွဲ့အစည်းအကျိုး၊ အများအကျိုးကို မိမိအကျိုးထက် ဦးစားပေးသော collective interest before self လုပ်ရပ်ပင်ဖြစ်သည်။

သူသည် နိုင်ငံနှင့်လူမျိုးအတွက် တစ်ချောင်းတည်းသော စိတ်ဓာတ် Single-mindedness ဖြင့် အမြဲဆောင်ရွက်တတ်သည်။ အင်္ဂလိပ်ကို တိုက်ထုတ်ရန် အတွက် လက်နက်နှင့် စစ်ပညာရမှ ဖြစ်မည်ကို သိသောကြောင့် ဂျပန်နှင့် ပူးပေါင်းခဲ့သည်။ ဂျပန်တို့ မြန်မာနိုင်ငံကို အမြတ်ထုတ် အနိုင်ကျင့်လာချိန်တွင် ဂျပန်တို့ကို တော်လှန်ခဲ့သည်။ တိုင်းပြည်နှင့် လူမျိုးအတွက် တစ်ချောင်းတည်းသော စိတ်ဓာတ်ဖြင့် လုပ်ခဲ့သော လုပ်ရပ်များ ဗိုလ်ချုပ်၏ တိုတောင်းသောသမိုင်းတွင် များစွာရှိခဲ့သည်။

ဗိုလ်ချုပ်၏ ဆုံးဖြတ်ပုံကို အတိအကျမသိရှိနိုင်သော်လည်း အများဆန္ဒကိုယူကာ၊ နှုးထောင်ကာ ဆုံးဖြတ်လေ့ရှိကြောင်း ပြောနိုင်သည်။ ဖက်ဆစ်ကို တော်လှန်ခဲ့သည့် ဗမာ့တပ်မတော်ကို အင်္ဂလိပ်တို့ ဖွဲ့ပေးသည့်တပ်မတော်အတွင်းသို့ တရားဝင်သွတ်သွင်းရန် သဘောတူညီအပြီးတွင် ဗိုလ်ချုပ်၏အနာဂတ်နှင့်ပတ်သက်သည့် မေးခွန်းတစ်ခု ပေါ်ထွက်လာခဲ့သည်။ ယင်းမှာ ဗိုလ်ချုပ်တပ်မတော်ထဲတွင် ဆက်နေမလား၊ နိုင်ငံရေးလောကတွင်းဝင်ကာ လွတ်လပ်ရေးကြိုးပမ်းမလားဟူသည်ပင် ဖြစ်သည်။ အရှေ့တောင်အာရှဆိုင်ရာ ဗြိတိသျှသေနာပတိ မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းကို ဝယ်လင်

www.burmeseclassic.com

www.burmeseclassic.com



တန်လုပ်မလား၊ ချာချီလုပ်မလား’ ဟု မေးခဲ့ရာမှ စသည်ဟု ဆိုသည်။ ဝယ်လင်တန်မှာ နာမည်ကျော် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးဖြစ်ပြီး ချာချီမှာ ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်ကို ဦးဆောင်မှု ခိုင်ခိုင်မာမာပေးခဲ့သည့် နိုင်ငံရေးခေါင်းဆောင်ဝန်ကြီးချုပ်ဖြစ်သည်။ ယင်းအကြောင်းအရာကို လုပ်ဖော်ကိုင်ဖက်များအကြားတွင် ချပြဆွေးနွေးသည့်အခါ အများစုက ဗိုလ်ချုပ်ကို လွတ်လပ်ရေးရရန် နိုင်ငံရေးလောကသို့ဝင်ကာ ဦးဆောင်စေလိုသည်။ ဗိုလ်ချုပ်ကိုယ်တိုင်ကမူ တပ်မတော်ထဲတွင်သာနေလိုသည့်ဘက်သို့ယိမ်းသည်။ သို့သော် ဗိုလ်ချုပ်သည် အများစု ဆန္ဒကို လိုက်လျောပြီး တပ်မှထွက်ကာ နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သည့် တက္ကသိုလ်မှ ဖြစ်ရပ်များတွင်လည်း အများဆန္ဒနှင့်အညီ ဆုံးဖြတ်ပုံကို မြင်တွေ့ရသည်။

ဗြိတိသျှတို့အား တော်လှန်ရေးအတွက် လက်နက်နှင့် စစ်ပညာအထောက်အပံ့ ရှာဖွေရန် တရုတ်နိုင်ငံသို့ နိုင်ငံရပ်ခြား တစ်ခါတစ်ခေါက်မျှ မရောက်ဖူးဘဲ အရဲစွန့်ကာ ထွက်သွားခဲ့သည့်လုပ်ရပ်မှာလည်း နောက်လိုက်တို့အတွက် စံနမူနာပြဖြစ်ခဲ့သည့် လုပ်ရပ်ပင်ဖြစ်သည်။ နိုင်ငံအတွက် လူမျိုးအတွက်ဆိုလျှင် စွန့်လွှတ်စွန့်စားသည့် ဗိုလ်ချုပ်၏လုပ်ရပ်များကြောင့် ထိုခေတ်က မြန်မာတို့စိတ်တွင် နိုင်ငံနှင့် လူမျိုးအတွက် အသက်ကို စွန့်လိုစိတ်များ ပြင်းပြနိုးကြားလာခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်သည် ကိုယ်တိုင်ရှေ့မှ လမ်းပြသည့် စံနမူနာပြခေါင်းဆောင် exemplary leader ဖြစ်သည်။ သူ၏ခေါင်းဆောင်လုပ်ရပ်များ leadership behaviour သည်သူ၏ အဖွဲ့သားများ၊ တိုင်းသူပြည်သားများ အတုယူစရာ၊ အားကျစရာ၊ ကြည်ညိုစရာ လုပ်ရပ်များဖြစ်သည်။ သူ့အား အတုယူ၊ အားကျ၊ ကြည်ညိုရင်းဖြင့် လွတ်လပ်ရေး ပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြန်မာ့လွတ်လပ်ရေးအရယူရန်အတွက် တစ်ချောင်းတည်းသော
စိတ်ဓာတ်ဖြင့် အမြဲတွေးတော ကြံဆလုပ်ရှားခဲ့သလို
အဆင်းရဲ အပင်ပန်းလည်း အထူးခံနိုင်ခဲ့ပေသည်။
အင်္ဂလိပ်အား ဆန့်ကျင်လှုပ်ရှားကာ
အဆင်းရဲခံနိုင်သူချင်း ယှဉ်လျှင်ပင် သူက သာလွန်နေသည်။

## တစ်ချောင်းတည်းသော စိတ်ဓာတ်

လောကတွင် ထူးထူးခြားခြား အောင်မြင်သောသူတို့၏ ဇာတ်ကြောင်း၊ လူ့လောကအကျိုးကို ထူးထူးခြားခြားဆောင်နိုင်သောသူတို့၏ဇာတ်ကြောင်းကို ပြန်လှန်စောကြောကြတိုင်း ထိုသူတို့၏ စိတ်မြဲမြဲမှု၊ စိတ်ဓာတ်ခိုင်မာမှု၊ အခက်အခဲမည်မျှပင် ကြီးစေခွဲမလျှော့တမ်း ကြိုးစားအားထုတ်မှုတို့ကို တွေ့ရမြဲဖြစ်သည်။

မိမိသွားလိုသည့် ပန်းတိုင်ရောက်ရန် စားလည်းသည့်စိတ်၊ သွားလည်းသည့်စိတ်၊ လာလည်း သည့်စိတ် ဖြစ်ရမည်။ တစ်နည်း၊ ရူးသွပ်ရမည်။ ရူးလျှင်ရူး၊ မရူးလျှင်ထူးဆိုသည်မှာ တစ်ချောင်းတည်းသော စိတ်ကိုဆိုလိုသည်။ ပန်းတိုင်သို့ လျှောက်ရန်ခရီးလမ်းတွင် အခက်အခဲမည်မျှပင်တွေ့စေကာမူ လေ့ခွက်ချည်းချန် အလံကို မလှဲကြိုးပမ်းခြင်းသည် ‘တစ်ချောင်းတည်းသော စိတ်ဓာတ်’ Single-mindedness ပင်ဖြစ်သည်။

ခေါင်းဆောင်တို့တွင် အဆိုပါစိတ်ဓာတ်မျိုးရှိလျှင် ထိုသူဦးဆောင်သော အဖွဲ့အစည်း သို့မဟုတ် နိုင်ငံသည် လိုရာပန်းတိုင်သို့ ရောက်မည်ဖြစ်သည်။ ဆုံးဖြတ်ချက်ခိုင်မာခြင်း determination သည် ခေါင်းဆောင်ကောင်းတို့၏ စရိုက်လက္ခဏာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သလို နောက်လိုက်တို့က မိမိခေါင်းဆောင်တို့တွင် မြင်လိုသော၊ ရှိစေလိုသော စရိုက်လက္ခဏာလည်းဖြစ်သည်။ ခေါင်းဆောင်၏ စရိုက်လက္ခဏာတို့သည် အဖွဲ့အစည်းသို့မဟုတ် တိုင်းပြည်ကို ထင်ဟပ်နေပေရာ တစ်ချောင်းတည်းသော စိတ်ဓာတ်ရှိသောသူ၏ အဖွဲ့အစည်းသည်လည်း မည်မျှပင် ခက်ခဲပါစေ ပန်းတိုင်သို့ အရောက်သွားမည့် စိတ်ဓာတ်နှင့် လုံ့လတို့ ရှိမည်ဖြစ်သည်။

*'၁၉၃၃ခုအောက်တိုဘာလတွင် တို့ဗမာအစည်းအရုံးသို့ သခင်အဖြစ် စာရင်းသွင်းခဲ့၏။ ဥပဒေတန်းနှိုက် စခန်းကုန်သင်ရန်ကိစ္စကိုလည်းကောင်း၊ ကျွန်ုပ်၏ ရှေ့အလားအလာများကိုလည်းကောင်း တစ်ပါတည်း အပြီးသတ်စွန့်လွှတ်လိုက်သော ကျွန်ုပ်သည် (သြဂုတ်လအတွင်း) နှစ်ဝက်ကျောင်းပိတ်ရက်ရသည့်အခါမှ စကာ တက္ကသိုလ်ကျောင်းတော်ကြီးမှထွက်ခဲ့၏။ ဥရောပတိုက်တွင် မြူနစ်အရေးပေါ်ပေါက်လာခြင်းသည်ပင် ဒုတိယကမ္ဘာစစ်ကြီးမလွဲ ဖြစ်ရမည့်အရေးကို ကျွန်ုပ်၏အသိဉာဏ်အတွင်း ထင်းခနဲပေါ်စေတော့၏။ မြူနစ်မြို့၌ ' ခင်္ဂလိပ်နန်းရင်းဝန်) ချိန်ဘာလိန်သည် မိမိနိုင်ငံတော်ကြီး၏ ဂုဏ်သိက္ခာကိုမျှ မငဲ့ထောက်နိုင်ရှာတော့ဘဲ ဟာရီဟစ်တလာ ကျေအေးနှစ်သိမ့်ရေးအတွက် ဦးနှိမ်ချလိုက်သည့်အခါတွင်ကား၊ ကမ္ဘာစစ်ကြီး ကမ္ဘာ့တံခါးဝနှိုက်ဆိုက်ရောက်နေပြီဖြစ်ကြောင်းကို သဲထိပ်ရင်ဖို သိရှိရလေတော့၏။ ၏ပြဿနာများကားကျွန်ုပ်တို့၏ရှေ့တွင် အလျှိုလျှို တစ်သီကြီး ပေါ်လာလေတော့၏။*

*တစ်ခုတည်းသော အခိဋ္ဌာန်ကို ရုပ်ချည်း ကျွန်ုပ်ပြုလိုက်၏။ ငါ့အတွက်ဖြစ်လိုရာဖြစ်စေတော့ နိုင်ငံရေးဂယက်ဝဲအတွင်းသို့ ခြေစုံပစ်၍ ခုတ်ဆင်းကာ ငါ၏နိုင်ငံတော် လွတ်လပ်ရေးအတွက် မနေမနား စွန့်စားလုံးပမ်းတော့အံ့။ ဤအခိဋ္ဌာန်ကို သန်သန်ကြီး ပြုလိုက်တော့၏။ မည်သူသည်ဤအခါကောင်းအခွင့်ကောင်း ရွှေလမ်းကြီးဖြူးနေသည့် အခိုက်မျိုးတွင် ကိုယ့်နိုင်ငံရေးအတွက် စွန့်စားရေးကို လက်လွှတ်ခံနိုင်ချိမ့်အံ့နည်း။ ဟိသစ္စံ။ ထိုစကားမှန်၏။*

*ကျွန်ုပ်တို့အတွက် မှန်လှ၏။ ကျွန်ုပ်လက်လွှတ်မခံ၊ စွမ်းအားရှိသလောက်ကိုယ့်လူမျိုး ကြုံတွေ့နေရသော ကြမ္မာဆိုးကို ကပြောင်းကပြန် မှောက်လှန်ထုတေအမြစ်ပါ နှုတ်၍ချေတော့အံ့၊ သခင်အစည်းအရုံးမှတစ်ဆင့် နိုင်ငံလွတ်လပ်ရေးတိုက်ပွဲတွင်းသို့ ကျွန်ုပ်စတင်သက်ဆင်းခဲ့မိလေသည်။*

*ဗမာနိုင်ငံ၏ ကြမ္မာနှင့် ပတ်သက်၍ ကျွန်ုပ်သည် ဘယ်အခါကမျှ စိတ်သက်သာမှု မရခဲ့မိပေ။ အိပ်မက်များတွင်ပင် ကျွန်ုပ်သည် ကျွန်ုပ်၏ မလွတ်လပ်သော နိုင်ငံအတွက် ယောင်ယမ်း၍ ငိုခဲ့မိ၏။ '*



အထက်ပါ ဗိုလ်ချုပ်၏ ကိုယ်တိုင်ရေးလက်ရာကို ကြည့်လျှင် မြန်မာနိုင်ငံကြီးလွတ်လပ်ရေးရအောင် ကြိုးပမ်းရန်သူ၏ စိတ်ပိုင်းဖြတ်မှု ဝါ တစ်ချောင်းတည်းသောစိတ်ဓာတ်ကို အထင်အရှား တွေ့ရမည်ဖြစ်သည်။

သူသည် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်အရယူရန် နည်းလမ်းများအား အမြဲကြံစည် စိတ်ကူးခဲ့သူဖြစ်ကာ ငယ်စဉ်ဘဝတွင်ပင် ထိုသို့ အမျိုးမျိုးတွေးတောကြံဆခဲ့သည်။

'ဗမာပြည်အား အင်္ဂလိပ်လက်မှ ပြန်ရရန် သူပုန်ထနည်းအမျိုးမျိုးကို စဉ်းစားခဲ့ဘူးလေသည်။ တခါတရံ ဟုတ်တိပတ်တိ စိတ်ကူး၏။ တခါတခါလည်း ပြဒါးရှင်လုံးစသည်များကို ရှာဖွေလိုသောစိတ်များ ပေါ်ပေါက်၏။ ပြဒါးရှင်လုံးစသော အစွမ်းအားဖြင့်ဗမာပြည်ကို ကယ်တင်လို၏။'

သူသည် မြန်မာ့လွတ်လပ်ရေးအကြောင်းသာ စိတ်ထဲတွင် အမြဲတွေးနေသူဖြစ်ရာပတ်ဝန်းကျင်တွင် ဖြစ်နေသမျှတို့ကို ဂရုမထားတတ်သောကြောင့် လူ့ကလန့်၊ လူ့ဂွစာဟုကနဦးက အမြင်ခံခဲ့ရသည်။ အမှန်အားဖြင့် တစ်ခုခုကို အလွန်အမင်း အာရုံစိုက်နေချိန်တွင် ပတ်ဝန်းကျင်ကို မမြင်နိုင်လိုက်အောင် သမာဓိအားကောင်းခဲ့ခြင်းဖြစ်သည်။ အရေးကြီးသည့်အရာအတွက် အခြားအရာများကို ဘေးဖယ်ထားသည့် သဘာဝလည်းဖြစ်သည်။ အောက်ပါ အဖြစ်အပျက်ကို ကြည့်ပါ။

'မစ္စတာရာရှစ်အား ဥက္ကဋ္ဌ၊ ကိုအောင်ဆန်း အတွင်းရေးမှူးအဖြစ် ရွေးချယ်ကြ၏။ ညီလာခံအသွား ကိုအောင်ဆန်းသည် သူ၏အစ်ကို မြို့အုပ် ဦးအောင်သန်းထံ ဝင်လာ၏။ လွယ်အိတ်တစ်လုံး ပါလာ၏။ လွယ်အိတ်ထဲ၌မူ– ပညာရေးစံနစ်အကြောင်းစာအုပ်များနှင့်အတူတကွ၊ ရောမအဘိဓမ္မာဆရာကြီး (ပလေတိုး) ရေးသားသော (နိုင်ငံရေးအဘိဓမ္မာကျမ်း)နှင့် ငှင်းအပြင် အဝတ်အစားဆို၍ လုံချီ ၂ထည်သာမြင်ရ၏။ သူပြန်သွားသောအခါ လုံချီတထည် ကျန်ခဲ့လေသည်။ အဝတ်အစားကို ဂရုစိုက်မစိုက်သိသာ၏။ သူရှုးစိုက်သွားသည့် ကိစ္စမှာ မန္တလေးညီလာခံသာဖြစ်ရာ၊ သင်္ဘောဆိပ်သို့အသွား မြင်းရထားပေါ်ပါသွားသော ကိုအောင်ဆန်းအား မြင်းရထားနောက်မှ လုံချီကျန်ခဲ့၍ လိုက်အော်ကာ တကြော်ကြော်ပေးသူ၏ အသံကိုပင် ဂရုမထားချေ။ ကိုအောင်ဆန်းကား မန္တလေးသာရောက်သော်လည်း လုံချီကျန်ရစ်ခဲ့မှန်းကို မသိရှာခဲ့ချေ။

သူ၏ အစ်ကိုဖြစ်သူကသာ သူ့ညီအတွက် ခေါင်းတငြိမ့်ငြိမ့်နှင့် အံ့သြခြင်းဖြစ်ကာ...

ဖြစ်မှဖြစ်ရလေ အောင်ဆန်းရယ်၊ လုံချီပါတာ့မှ နှစ်ထည်–တထည်ကျန်သွားရသေးသကိုး၊ တော်တော်နကဲ့အကောင်' ဟုရေရွတ်ရှာ၏။' (ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



အတ္ထုပ္ပတ္တိ၊ စာ ၅၉)

'ကျွန်တော်တို့နှင့် တွေ့ဆုံတိုင်း တခြားစကားကို မပြော၊ လွတ်လပ်ရေးအကြောင်းကိုသာပြောသည်။ အချိန်နာရီရှိသမျှ လွတ်လပ်ရေးအတွက် အမြဲတမ်း အလုပ်လုပ်ဘို့သာ စိတ်စောနေသည်။ သူ့မှာ လွတ်လပ်ရေးအတွက် စိတ်စောလွန်းအားကြီး၍သာ အခြားသူများက ခေါ်လျှင် ကြားချင်မှကြားသည်။ သူများပြောလျှင် ဂရုတစိုက် နားထောင်ချင်မှ နားထောင်သည်။ သူ့ဖာသာသူ စဉ်းစားနေသည်သာဖြစ်သည်။'

နိုင်ငံအား ခေါင်းဆောင်ရန် အဟောအပြောကောင်းဖို့ လိုအပ်ကြောင်း သဘောပေါက်သော ကိုအောင်ဆန်းသည် အဟောအပြောအား ဂရုစိုက်ကာ လေ့ကျင့်ခဲ့သူဖြစ်သည်။ နယ်ကျောင်းတွင် မြန်မာဘာသာဖြင့် ပြောဟောစဉ်က အပြောအဟောကောင်းဖြစ်ခဲ့သေးလည်း ရန်ကုန်တက္ကသိုလ်သို့ရောက်လာချိန်တွင် အင်္ဂလိပ်ဘာသာနှင့် ဟောပြောနိုင်လောက်အောင် မကျွမ်းကျင်သေးပေ။ သို့သော် အင်္ဂလိပ်လိုပြောဟောနိုင်မှ ဖြစ်မည်ကို သိသော ကိုအော ဆန်းသည် အခွင့်အရေးရသည်နှင့် ဟောပြောလေရာ ကျောင်းသားထု၏ အလှောင်အပြောင်ကို ခံခဲ့ရသည်။ သို့သော်လည်း သူသည် စိတ်ဓာတ်မကျဘဲ တစ်ချောင်းတည်းသော စိတ်ဓာတ်ဖြင့် အဟောအပြောကို လေ့ကျင့်၊ အဟောအပြောကောင်းနည်းစာအုပ်များကို ဖတ်ရှုလေ့လာ၊ အခွင့်အရေးရသည်နှင့် ဟောပြောခဲ့သည်။

*'ကျွန်တော်မှတ်မိသေးတော့သည်။ ... ကျောင်းသားထု စည်းဝေးပွဲတစ်ခုပြုလုပ်၏။ ဥက္ကဋ္ဌ ကိုကြီးနုက မိန့်ခွန်းစကားပြောကြား၏။ သူသည် အင်္ဂလိပ်ဘာသာဖြင့် ပြော၏။ သူ၏ အင်္ဂလိပ်စကားမှာ စင်းလုံးချော မဟုတ်သော်လည်း ပြောဆိုပုံ၊ လေယူလေသိမ်းနှင့် ဟန်ကောင်းမှုကြောင့် ကျောင်းသားများက စိတ်ပါလက်ပါ နားထောင်ကြ၏။ မိန့်ခွန်းပြီးဆုံးလျှင် တစ်ခဲနက်ထဲ လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြ၏။ ကိုကြီးနု စကားပြောပြီးလျှင် အောင်ဆန်းက ထကာ စကားပြောတော့၏။ သူပြောသော အင်္ဂလိပ်စကားကို တစ်ဦးတစ်ယောက်မျှ နားမလည်ပေ။ သူသည် ဒေါက်တာဘမော်တို့ မောင်မောင်ကြီးတို့ လေသံမျိုးဖြင့် ကြိုးစားပြောနေသည်မှာ ထင်ရှား၏။ သို့သော် အမြီးအမောက်မတည့်၊ ကိုးလိုးကန့်လန့်ကျလှသောကြောင့် ကျောင်းသားများက ဝိုင်းရွှဲဟစ်အော်လှောင်ပြောင်ကြတော့၏။ ကျွန်တော်ကိုယ်တိုင်လည်း အများနည်းတူ ဝင်၍လှောင်ပြောင်ခဲ့၏။ သို့သော် အောင်ဆန်းသည် မည်သူ့ကိုမျှ ဂရုမမူဘဲ သူပြောစရာရှိသည်တို့ကို သူပြောတတ်သလိုပင် မိန့်ခွန်းပြီးဆုံးသည်အထိ ပြောကြားသွား၏။ သူ့ကြည့်ရသည်မှာ ကျွန်တော်ပင်လျှင် စိတ်အတော်အိုက်ခဲ့မိ၏။*



*နောက်တွင် သူနှင့်ကျွန်တော် ရင်းရင်းနှီးနှီး ရှိလာသောအချိန်၌ ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ သူ့အား မေးစမ်းကြည့်ရာ သူက ပြုံး၍ 'ကျွန်တော့်အဖို့ကတော့ ဆက်ပြောရမှာဘဲဗျ၊ အဲဒီတုန်းကသာ ဆက်မပြောဘဲ ရပ်လိုက်မယ်ဆိုရင် နောက်ကို ဘယ်တော့မှ ပြောဖို့အခွင့်အရေးရတော့မယ်မဟုတ်တော့ဘူး' ဟု ပြန်ပြောလေသည်။ ထိုအချိန်အခါကတည်းကပင်လျှင် သူသည် လူထု၏ စိတ်သဘောတရား (Psychology of the Masses) ကိုလေ့လာနေကာ သူ့ကိုယ်သူ ခေါင်းဆောင်ဖြစ်မှုအတွက် ပြင်ဆင်နေကြောင်းကို ကျွန်တော်ရိပ်စားမိခဲ့ပေသည်။ ထို့ကြောင့်လည်း သူသည် သူမျှော်မှန်းသကဲ့သို့ နောက်ထပ်ပြီး အလားတူ စကားပြောရန် အခွင့်အရေးများစွာ ရရှိခဲ့လေသည်။ တစ်ကြိမ်ထက်တစ်ကြိမ်လည်း တိုးတက်မှုကိုပြခဲ့၏။ ဤကဲ့သို့ စကားပြောကောင်းလာအောင်လည်း သူ့အခန်းထဲတွင် အချိန်များစွာပေးပြီး တစ်ယောက်တည်းလေ့ကျင့်ခဲ့ရကြောင်းကို ကျွန်တော့်အား ဖွင့်ပြောဖူးလေသည်။' (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျာ)*

'ကိုအောင်ဆန်းသည် ဤအခါကတည်းက မည်သည့်ကိစ္စတွင်မဆို လုပ်ကိုင်သည်နှင့် တစ်ပြိုင်နက်၊ အများက ချီးမွမ်းလာရသည့်တိုင်အောင် မဖြစ်မနေ၊ ကြိုးစားတတ်သော ဖွဲ့ရှိခဲ့ကြောင်း သူ၏ငယ်ပေါင်းမိတ်ဆွေများက အသိအမှတ်ပြုရသူဖြစ်သည်။ '(ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ)

'၁၉၃၈ခုနှစ်လောက်က အိန္ဒိယသို့ သွားကြသည်။ သင်္ဘောကုန်းပတ်ပေါ်တွင် ခေါ်တောကုလားများ၊ ဂေါ်ရင်ဂျီကုလားများ၊ မိလာသိမ်းကုလားများနှင့် အရောရောအနှောနှောသွားကြရသည်။ အခြားသူများအားလုံးလိုလိုအဘို့ မသတီစရာကြီးလိုဖြစ်နေသော်လည်း သခင်အောင်ဆန်းမှာ ဘာမှ ဂရုမစိုက်၊ သတိထားမိဟန်မတူ။ စကားဝိုင်းဖွဲ့ရွှေ ပြောကြတိုင်း၊ လူငယ်လူရွယ်တိုင်း– နိုင်ငံရေးကို အမြဲတန်း (whole time) လုပ်ဘို့လိုတယ်။ ဒီလိုလုပ်ဘို့လဲ သံယောဇဉ်မရှိမှဖြစ်မယ်၊ သံယောဇဉ်မရှိအောင် နွားတွေလို ဇွဲသင်းထားရင် ကောင်းမယ်ဟု ပြောခဲ့လေသည်။' ( ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ၊ စာ၁၀၀)

သူသည် မြန်မာ့လွတ်လပ်ရေးအရယူရန်အတွက် တစ်ချောင်းတည်းသော စိတ်ဓာတ်ဖြင့် အမြဲတွေးတော ကြံဆလုပ်ရှားခဲ့သလို အဆင်းရဲ အပင်ပန်းလည်း အထူးခံနိုင်ခဲ့ပေသည်။ အင်္ဂလိပ်အား ဆန့်ကျင်လှုပ်ရှားကာ အဆင်းရဲခံနိုင်သူချင်း ယှဉ်လျှင်ပင် သူက သာလွန်နေသည်။ နိုင်ငံ့လွတ်လပ်ရေးအတွက်ဆိုလျှင် သူသည် မည်သည့်နည်းကို လုပ်ရလုပ်ရ လုပ်သူဖြစ်သည်။ အင်္ဂလိပ်ကိုတိုက်ရန်အတွက် ဂျပန်နှင့်ပေါင်းကာ တပ်မတော်ဖွဲ့ခဲ့သည်။ သို့သော် ဂျပန်တို့၏ မူလအကြံကို ရိပ်စားမိသူ ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းသည် ဂျပန်တို့၏စရိုက်ပေါ်လာချိန်ဝယ် မဟာမိတ်တပ်များလည်း နိုင်ငံတွင်းသို့ ဝင်ရောက်လာချိန်တွင် ဂျပန်တို့အား တော်လှန်ခဲ့လေသည်။ အင်္ဂလိပ်တို့ ဝင်လာချိန်တွင် စေ့စပ်ဆွေးနွေးကာ ချော့တစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် လွတ်လပ်ရေးကို အရယူခဲ့လေသည်။ ဗိုလ်ချုပ်အတွက် ပန်းတိုင်သာလျှင် အရေးကြီးသည်။ သူသည် ပန်းတိုင်ကို အဓိကထားသည့် Goal-oriented စိတ်ထား၊ တစ်ချောင်းတည်းသောစိတ်ထားရှင်ဖြစ်သည်။ သူ၏ တိုတောင်းသောဘဝတွင် တက္ကသိုလ်ကျောင်းသား ဘဝရောက်ကတည်းက ကျဆုံးချိန်အထိ လုပ်ဆောင်ခဲ့သမျှကို လွတ်လပ်ရေးရရှိရေးတည်းဟူသော တစ်ချောင်းတည်းသော စိတ်ဓာတ်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သူသည် ဆင်းရဲပင်ပန်းသမျှကို လွတ်လပ်ရေးရရန်တည်းဟူသော စိတ်ဖြင့်သည်းခံ လျစ်လျူရှုနိုင်ခဲ့သည်။ ရဲဘော်သုံးကျိပ်တို့ ဂျပန်နိုင်ငံတွင် စစ်ပညာသင်ကြားနေစဉ် စစ်သင်တန်း၏ ဆင်းရဲပင်ပန်းမှု၊ ဂျပန်တို့၏ စိတ်ဓာတ်ကို သံသယဖြစ်မှုတို့ကြောင့် ဂျပန်တို့အား ဂျပန်နိုင် ငံတွင် လက်တစ်ဆုပ်စာအင်အားဖြင့် တော်လှန်ရန် ကြိုးပမ်းမှုကိုလည်း ဖျောင်းဖျတားဆီးနိုင်ခဲ့ခြင်းမှာ လွတ်လပ်ရေးရယူရေးကိုသာ အလေးထားသောကြောင့်ဖြစ်သည်။ သို့မဟုတ်ပါက မြန်မာ့တပ်မတော် ပေါ်ပေါက်လာမည်မဟုတ်တော့ဘဲ မြန်မာ့လွတ်လပ်ရေးသည်လည်း နှောင် ၁၀နှစ်ရွှေ့သို့ ထပ်မံရွှေ့သွားကောင်း ရွှေ့သွားပေမည်။ အင်္ဂလိပ်တို့နှင့် စေ့စပ်ဆွေးနွေးရာတွင်လည်း အဘက်ဘက်မှ စဉ်းစား ချင့်ချိန်ကာ ချော့တစ်ခါ၊ ခြောက်ကစ်လှည့်ဖြင့် အေးအေးဆေးဆေး လွတ်လပ်ရေး ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ မည်သည့်အချိန်အခါတွင်ဖြစ်စေ ဗိုလ်ချုပ်၏ ဆုံးဖြတ် ချက်များသည် လွတ်လပ်ရေးတည်းဟူသော ရည်မှန်းချက်ကို မည်သို့ထောက်ပံ့မည်လဲ ဟူသည်ကို မူတည်ဆုံးဖြတ်ခဲ့မှန်း ထင်ရှားပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက်သာ စိတ်ကိုနှစ်၊ ဘဝကိုနှစ်ပြီး တစ်ချောင်းတည်းသော စိတ်ဖြင့် ကြိုးပမ်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းကြောင့် မြန်မာတို့ ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် သူ့အား ကျောထောက်နောက်ခံပြုထားသော
လူထုနှင့် ဆက်သွယ်ရန် အခက်အခဲဆုံးအချိန်များတွင်ပင် လူထုကြီးထံ
သူပြောလိုသော အကြောင်းအရာကို ရောက်အောင် ပို့နိုင်သောသူဖြစ်သည်။

# နောက်လိုက်များပေါက်အောင်ပြောဆိုနိုင်သောပုဂ္ဂိုလ်

ခေါင်းဆောင်ဆိုသည်မှာ မိမိဦးဆောင်ရသည့်အဖွဲ့ သို့မဟုတ် နိုင်ငံ ရှေ့သွားရမည့် ပန်းတိုင်ကို ကြိုတင်ကြည့်ရှု မျှော်မှန်းရသည်။ ထိုသို့မြင်နိုင်သည့် ခေါင်းဆောင်သည် ခေါင်းဆောင်ကောင်းဖြစ်သည်။ သို့သော် သူ၏အဖွဲ့သားများမှာ ခေါင်းဆောင်မြင်သလို မြင်ကောင်းမှ မြင်နိုင်မည်။ ထိုအခါတွင် ခေါင်းဆောင်သည် သူမြင်သည့်အရာကို အဖွဲ့သားများပါ မြင်လာအောင် လုပ်ဆောင်ရမည်။ သွားရာလမ်းခရီးကို အဖွဲ့သားများ လိုက်ပါချီတက်လိုလာအောင် ပြောဆိုရမည်။ ယင်းကို ပညာရပ်အလိုအားဖြင့် Leadership Communication ဟုခေါ်ကာ ခေါင်းဆောင်မှုတွင် အဓိကအရည်အချင်းတစ်ရပ်ဖြစ်သည်။

အချို့ခေါင်းဆောင်များမှာ အမြင်ကျယ်ပြီး နောက်လိုက်များ မမြင်သည်ကို မြင်သည်။ သို့သော် နောက်လိုက်များအား သူ့လိုမြင်လာအောင် ရှင်းမပြနိုင်သဖြင့် သူ့အားအဖွဲ့သားများက အထင်လွဲကာ ခေါင်းဆောင်အဖြစ်မှ ကျဆုံးရသည်။ နိုင်ငံနှင့် အဖွဲ့အစည်းလည်း ခရီးမပေါက်တော့ပေ။ ထို့ကြောင့် ခေါင်းဆောင်များသည် ဉာဏ်ရည်မြင့်ရုံ၊ အမြင်ကျယ်ရုံဖြင့် မလုံလောက်ဘဲ အဖွဲ့သားများ နားလည်သဘောပေါက်အောင် ချပြနိုင်ရန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်သည် သူ့အား ကျောထောက်နောက်ခံပြုထားသော လူထုနှင့် ဆက်သွယ်ရန် အခက်အခဲဆုံးအချိန်များတွင်ပင် လူထုကြီးထံ သူပြောလိုသော အကြောင်းအရာကို ရောက်အောင် ပို့နိုင်သောသူဖြစ်သည်။

ဂျပန့်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့တပ်မတော်သည် အန္တရာယ်ပေးလာနိုင်သည်ဟု ဂျပန်တို့က မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့သည်။ ဂျပန်တို့သည် ပေးခဲ့သောကတိများကို အထပ်ထပ်ဖျက်ခဲ့ချိန်တွင် ဗိုလ်ချုပ်တို့ကလည်း ဂျပန်တို့သဘောကို သိလာခဲ့သည်။ ဂျပန်တို့ ဇာတိပြကာ မြန်မာပြည်သူပြည်သားများအား နှိပ်စက်လာသော်လည်း ဗိုလ်ချုပ်တို့မှာ ဂျပန့်ဘက်သား အသွင်ဖြစ်နေသဖြင့် ပြည်သူများမှာ ဇဝေဇဝါဖြစ်ခဲ့ရသည်။ ဘီအိုင်အေအတွင်းတွင်ပင် ခေါင်းဆောင်ငယ်အချို့က ဂျပန်အား တော်လှန်လိုသောစိတ်များ ဆူဝေနေရာ ဗိုလ်ချုပ်အောင်ဆန်းတို့က ကန့်လန့်ခံနေသောကြောင့် 'ငပန့်ကို မဆော်ရရင် ငမိုးကို ဆော်ရလိမ့်မယ်ဟေ့' ဟူသော စကားများပင် ထွက်ရှိခဲ့သည်။ (မောင်ထင် ဗမာ့အောင်ဆန်း၊ ငမိုးမှာ ဗိုလ်ချုပ်အောင်ဆန်း၏ နာမည်ပြောင်ဖြစ်သည်။) မိမိနှင့်တကွ ဘီအိုင်အေအတွက် အန္တရာယ်များလှသော်လည်း ဗိုလ်ချုပ်သည် တွက်ဆကာ 'ဂျပန်တို့ပေးသော လွတ်လပ်ရေးသည် ရွှေရည်စိမ်လွတ်လပ်ရေးသာဖြစ်ကြောင်း' မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်သေနာပတိကိုယ်တိုင်တက်ရောက်သည့် လွတ်လပ်ရေး ပထမနှစ်ပတ်လည် အခမ်းအနား မိန့်ခွန်းတွင်ထည့်သွင်း ပြောဆိုခြင်းဖြင့် မိမိလည်း ဂျပန်တို့၏ စရိုက်ကို သိသည်၊ မိမိသည် ဂျပန့်ဘက်သားမဟုတ်၊ ဂျပန်တို့အား အခြေအနေအရသာ ကြည့်နေရသေးကြောင်း ပြည်သူလူထုနှင့်တကွ တပ်မတော်သားများ၊ အရာရှိများအား အသိပေးခဲ့သည်။ ယင်းကြောင့် ပြည်သူများအပါအဝင် တပ်မတော်သားများပါ ဗိုလ်ချုပ်တို့၏ အနေအထားနှင့် ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်ခဲ့ကြခြင်းဖြစ်သည်။

'ကနေ့လွတ်လပ်ရေးရလို့ တစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ်ပွဲနေ့၊ ဒီပြည်သူ့အစည်းအဝေးကြီးမှာ ကျွန်တော်ဟာ အစိုးရအဖွဲ့ဝင်တစ်ဦးအနေနဲ့ မဟုတ်ဘဲ ပြည်သူပြည်သားတစ်ဦးအဖြစ် အရေးကြီးတဲ့ စကားတွေကို ပြည်သူအများရဲ့ အကျိုးကို မျှော်ကိုးပြီး ပြောပြလိုပါတယ်။ ယခုဗမာပြည် လွတ်လပ်ရေးရတာ တစ်နှစ်စေ့လာပြီ။ ဒီအတောအတွင်းမှာ ကျုပ်တို့ ဘာတွေရကြသလဲ။ အမှန်ပြောရရင်တော့ ကျုပ်တို့ တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးအရသာဆိုတာ မခံစားရသေးဘူး။ ခံစားရတဲ့လူတွေဟာလဲ လူနည်းစုသာဖြစ်တယ်။ အဲဒီလူနည်းစုတွေထဲမှာ ဘယ်သူတွေလဲဆိုလို့ရှိရင် ကျွန်တော်ပါ အပါအဝင် ကျုပ်တို့အထက်က အစိုးရအရာရှိကြီးတွေ၊ ဒီလူတွေကို ကပ်မြှောင်ပြီး စားနေတဲ့လူတွေ၊ အမြတ်အစွန်းကြီးကြီးယူပြီး လူတွေရဲ့ ဒုက္ခကို ရင်းနှီးပြီး စီးပွားရှာနေကြတဲ့ ခေတ်ပျက်သူဌေးတွေ။ အဲဒါတွေလောက်ဘဲ။ အဲဒီတော့ တိုင်းသူပြည်သားတွေအဖို့မှာ လွတ်လပ်ရေးရပေမယ့် ဟာတာတာကြီးဖြစ်နေမှာဘဲ။ လွတ်လပ်ရေးဆိုတာ ဘယ်မှာလဲလို့ တိုင်းသူပြည်သားတွေ စိတ်ထဲမှာ မေးကြမြန်းကြလိမ့်မယ်။ အမှန်ကတော့ အခုလွတ်လပ်ရေးဟာ အများသိကြတဲ့အတိုင်း စာပေါ်လွတ်လပ်ရေးဘဲ ရှိသေးတယ်။ လက်တွေ့သဘော အထည်နှင့် ကိုယ်နှင့်၊ ဒြပ်နှင့် အကောင်အထည်နှင့် မမြင်ရ၊ မတွေ့ရ မခံစားရသေးဘူး။ ကျုပ်တို့ရှေ့ဆက်ပြီး စခန်းသွားနိုင်ဦးမှ လွတ်လပ်ရေး အကောင်အထည်ကို မြင်ရလိမ့်မယ်။ အခုမမြင်ရသေးဘူး။ (၁၀၄။ အောင်သန်း၏အောင်ဆန်း)



ဖက်ဆစ်တို့အား တော်လှန်ရန် စစ်မြေပြင်သို့ မထွက်မီ ၁၉၄၅ခုနှစ် မတ်လ၁၇ ရက်နေ့က ဖက်ဆစ်တို့ရှေ့တွင်ပင် ဗမာ့တပ်မတော်သားများအား ပြောကြားခဲ့သည့် စစ်ထွက်မိန့်ခွန်းမှာ ရဲဘော်တို့အား၊ ထိုမှတစ်ဆင့် မြန်မာပြည်သူတို့အား ဗိုလ်ချုပ်အောင်ဆန်းက ပြောင်မြောက်စွာ ဆက်သွယ်ပြောကြားခြင်းဖြစ်သည်။ မြန်မာတို့နှင့် ရင်းနှီးပြီး မိန့်ခွန်းဖြစ်သော်လည်း ခေါင်းဆောင်က ပြောလိုသည့်စကားအား နောက်လိုက်တို့ ရင်တွင်းသို့ရောက်အောင် သွယ်ဝိုက်ကာ တိုက်ရိုက်ပြောကြားနိုင်ခဲ့ပုံကို မြင်သာစေလိုသဖြင့် ဖော်ပြလိုက်ပါသည်။

'ရဲဘော်တို့… အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်၊ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်၊ ဗမာပီပီ ဗမာ့သွေးကို ပြကြ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြ၊ အထက်ဗိုလ်များကလည်း သာတူညီမျှ ရဲဘော်စိတ်ထားကြ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့ ချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ။ ဒါပဲ။'

အထူးသဖြင့် အနီးကပ်ဆုံး ရန်သူကို ရှာပြီးတိုက်ကြဆိုသည်မှာ ဖက်ဆစ်များကို အလိမ္မာဖြင့် ရည်ညွှန်းလိုက်ခြင်းဖြစ်သည့်အတွက် အလွန်ထိရောက်လှကြောင်း တွေ့ရသည်။ တပ်မတော်သားအများစုက ဖက်ဆစ်ကို ဗိုလ်ချုပ်ပြောမှန်း သိကြသည်။ နားထောင်နေကြသည့် ဂျပန်တို့ကမူ အင်္ဂလိပ်ကို ရည်ညွှန်းသည်ဟု ထင်ကာ ဗမာ့တပ်မတော်ကို သံသယနည်းသွားကြသည့်အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးအပြီး အင်္ဂလိပ်တို့ ပြန်အဝင်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်တို့နှင့် နိုင်ငံရေးလွန်ဆွဲပွဲများ အကြိတ်အနယ် ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်နှင့်နိုင်ငံရေးပြိုင်ဘက်များ (အင်္ဂလိပ်က တင်သူရော မတင်သူပါ) မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များထဲမှ ပေါ်ထွက်လာပြီဖြစ်ရာ ဗိုလ်ချုပ်တို့သည် အင်္ဂလိပ်တို့အား

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောလွန်းသည်ဟု ဝေဖန်မှုများပေါ်ထွက်လာသောကြောင့် ပြည်သူတို့ နားလည်မှုလွဲမသွားစေရန် များစွာအရေးကြီးသည်။ အောင်ဆန်း-အက်တလီ စာချုပ်ချုပ်ဆိုအပြီးတွင် 'အောင်ဆန်းသည် နိုင်ငံအား ရောင်းစားခဲ့ပြီ' ဟု ပစ်ပစ်ခါခါ ပြောဆိုမှုများထွက်ပေါ်ခဲ့သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူတို့ နားလည်စေရန် ရှင်းပြခဲ့ရသည်။

'၁၉၄၇ခုနှစ် ဇန်နဝါရီလဆန်းတွင် အင်္ဂလန်ပြည်သို့သွားကာ လွတ်လပ်ရေးကိုအရေးဆိုစဉ်ကလည်း မြန်မာလူထုကြီးအား 'ငါတို့ဗမာပြည်မှာ မရှိတုန်းကို တိုင်းသူပြည်သားအားလုံးဟာ အရေးရှိက အဆင်သင့်ဖြစ်အောင် စီစဉ်ထားပြီး ကျုပ်တို့အပြန်ကိုငံ့လင့်ကြပါ' ဟူ၍လည်းကောင်း

'အကောင်းဆုံးကို မျှော်မှန်းပြီးတော့ အဆိုးဆုံးအတွက် အဆင်သင့်ရှိပါစေ' ဟူ၍လည်းကောင်း

လွတ်လပ်ရေးမရက ကပ်ပွဲဝင်ကြမည်ဟု ပြည်သူ တို့ကိုအကြောင်းကြားခဲ့ပေသည်။

ဗိုလ်ချုပ်သည် ပြည်သူလူထုအား မိန့်ခွန်းပေါင်းများစွာ ပြောကြားခဲ့ပြီး ပြည်သူအား သူ၏ခေါင်းဆောင်မှုနှင့် နိုင်ငံလျှောက်ရမည့် ပန်းတိုင်နှင့် နည်းလမ်းကို နားလည်အောင် အကောင်းဆုံးရှင်းပြနိုင်ခဲ့သည်။ ထိုစဉ်က အရှိန်အဝါကြီးခဲ့ပြီး တပ်မတော်တွင်းတွင်ပါ ဩဇာလွှမ်းခဲ့သည့် ကွန်မြူနစ်ပါတီကို ဖဆပလတွင်းမှ ထုတ်ပယ်ခဲ့ရာတွင်၊ တိုင်းရင်းသားချစ်ကြည်ရေးဆောင်ရွက်ရာတွင်၊ စသည့် အရေးကြီးလုပ်ငန်းများ ဆောင်ရွက်ရမည့်အချိန်တိုင်း ပြည်သူလူထုက နားလည်အောင် မိန့်ခွန်းများ ထိထိရောက်ရောက် ဟောကြားခဲ့ပြီး ပြည်သူလူထု၏ ထောက်ခံမှုကို ရယူနိုင်ခဲ့သည်။

ဗိုလ်ချုပ်၏ ပြည်သူပြည်သားများအပေါ် ဆက်သွယ်ပြောကြားရေးအပေါ်သဘောထားကို 'ခေါင်းဆောင်လုပ်တဲ့လူဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြနိုင်ရမယ်' (၂၄၂၊ ဗိုလ်ချုပ်အောင်သန်း၏အောင်ဆန်း) ဟူသောစကားတွင် မြင်သာသည်။

ဗိုလ်ချုပ်မိန့်ခွန်းများ အပြောဆုံးကာလမှာ အင်္ဂလိပ်ပြန်အဝင်နှင့် လွတ်လပ်ရေးမရမီကာလတွင်ဖြစ်သည်။ ထိုကာလအတွင်းတွင် ဗိုလ်ချုပ်သည် မိန့်ခွန်းပေါင်း ၃၀ထက်မနည်း များစွာပြောခဲ့သောကြောင့် လက်မလည်အောင် ပြောခဲ့ရသည်။ အင်္ဂလိပ်ကိုဆန့်ကျင်ရေး၊ စည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးဟူသော ပန်းတိုင်ကို မမိုတ်မသုန်မျက်ခြည်မပြတ်ရေး၊ နိုင်ငံတည်ဆောက်ရေးစသော အရေးပေါင်းများစွာကို ပြည်သူတို့



နှင့် အတူလက်တွဲ ဖော်ဆောင်နိုင်ရန် ဆက်သွယ်ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြည်သူ့အသံကိုနားထောင်၊ မိမိအသံကို ပြည်သူတို့ ကြားအောင် အမြဲကြိုးပမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် Leadership Communication ကို ပိုင်နိုင်စွာ အသုံးပြုခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လူတော်ကို မကြောက်ခြင်းမှာ သူကိုယ်တိုင်လည်း လူတော်ဖြစ်သော
ကြောင့်ဖြစ်သည်။ သူ့ကိုယ်သူ ယုံကြည်ချက်ရှိသည်။
မိမိကိုယ်ကို ယုံကြည်သော သူသည် မနာလိုဝန်တိုခြင်းနည်းသည်။
တော်သောသူအား တွေ့ရလျှင် စိတ်မသက်မသာ ခံစားရခြင်းနည်းသည်။

## ခေါင်းဆောင်တို့၏ ခေါင်းဆောင်

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်အဖြစ် တစ်ခေတ်တွင်တစ်ယောက် အောင်မြင်မှုရခဲ့ခြင်းမှာ သူသည် သာမန်ခေါင်းဆောင်မဟုတ်ဘဲ 'ခေါင်းဆောင်များကို ခေါင်းဆောင်သော ခေါင်းဆောင်' leader of leaders ဖြစ်သောကြောင့် ဖြစ်သည်။

အချို့ခေါင်းဆောင်များသည် သူ့ထက်တော်မည်ဟု ထင်ရသော သူများအား နေရာပေးလေ့မရှိ။ အကြောင်းမှာ သူ့ထက်သာလွန်တောက်ပသွားမည် စိုးသောကြောင့် ဖြစ်သည်။ ထိုသို့ လူတော်ကို နေရာမပေးသည့်အခါ၊ လူတော်လျှင် ချောင်ထိုးထားတတ်သည့်အခါ တစ်ခါမဟုတ် နှစ်ခါမဟုတ် အစဉ်အလာသဘောဖြစ်လာလျှင် အဖွဲ့သားများက သိလာပြီး အစွမ်းမပြ၊ မကြိုးစားတော့ချေ။ အစွမ်းပြ ကြိုးစားပါက လမ်းဘေးရောက်မည်ကို သိလာသောကြောင့် မိမိအရည်အချင်းကို ထုတ်မပြတော့ဘဲ လျှို့ထားတတ်ကြသည်။ သို့ဖြင့် အဖွဲ့အစည်းအတွင်းတွင် 'မလုပ်၊မရှုပ်၊ မပြုတ်' စိတ်ထား မင်းမူလာတော့သည်။ လျှို့ထားသည်မှာ ကြာလာသည့်အခါ တကယ့်အရေးအကြောင်းတွင်ပါ အရည်အချင်းကို မထုတ်နိုင်တော့ပေ။ ထိုသို့သော ခပ်ချာချာ အဖွဲ့သားများဖြင့် ဖွဲ့စည်း

www.burmeseclassic.com



ထားသော အဖွဲ့အစည်းသည် ရည်မှန်းချက် ရောက်မည်မဟုတ်။ အခက်အခဲများကို ရင်ဆိုင်နိုင်မည်မဟုတ်ပေ။

ထိုခေါင်းဆောင်မျိုးများ အောက်လူကို နေရာမပေးခြင်း၊ တော်သူနှင့် လက်တွဲ မလုပ်ရဲခြင်းမှာ သူတို့၏ အရည်အချင်းကို သူတို့ကိုယ်တိုင် သံသယဝင်နေသောကြောင့် ဖြစ်သည်။

နောက်တစ်ချက်မှာ အဖွဲ့အစည်း၏ ရည်မှန်းချက်ထက် သူ၏ ပုဂ္ဂလိက ရည်မှန်းချက်ကို ဦးစားပေးသောကြောင့် ဖြစ်နိုင်သည်။ အဖွဲ့အစည်း၏ ရည်မှန်းချက် ပြည့်စေလိုသူသည် ထိုရည်မှန်းချက်ပြည့်အောင် ဖြည့်ဆည်းနိုင်မည့် ပုဂ္ဂိုလ်များအဖွဲ့တွင်း ရောက်လာရေး၊ အဖွဲ့တွင်းတွင် အစွမ်းပြခွင့်ကို အမြဲပေးလိုသူဖြစ်သည်။ စောစောကပြောခဲ့သည့် ခေါင်းဆောင်မျိုးမှာမူ အဖွဲ့အစည်း ညံ့သွားမည် မသွားမည်ကို စိတ်မဝင်စားဘဲ မိမိ ခေါင်းဆောင်ကုလားထိုင် မလှုပ်ရေးကိုသာ ဦးစားပေးစဉ်းစားသောကြောင့် 'တော်သူ' ကို မလိုလားခြင်း ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းမှာမူ ထိုသို့သောသူ မဟုတ်ဘဲ 'လူတော်ကိုချစ်' သူဖြစ်သည်။ သူသည် သူ၏ အဖွဲ့ကို 'ကျော်စွာ' များဖြင့် ဖွဲ့စည်းလိုသူဖြစ်သည်။ ယခင်က ရန်သူဖြစ်ခဲ့သောသူများကို လက်တွဲရန် ဖိတ်ခေါ်သည်။ အဖွဲ့တွင်းတွင် နေရာကောင်းများ ပေးသည်။ မိမိနှင့် လတ်တလောပြိုင်ဘက်များကိုလည်း အဖွဲ့တွင်းတွင် နေရာပေးသည်။ နောက်ဆုံးတွင် နိုင်ငံ့အကျိုးနှင့် လုံးဝဆီလျော်ဆန့်ကျင်လာမှသာ ရင်နာနာနှင့် ကျောခိုင်းခဲ့ရသည်ကို ကွန်မြူနစ်ပါတီကို ဖဆပလအဖွဲ့တွင်းမှ ထုတ်ပစ်ခဲ့ခြင်း ဥပမာတွင် တွေ့ရသည်။

သူသည် လူတော်ကို မကြောက်ခြင်းမှာ သူကိုယ်တိုင်လည်း လူတော်ဖြစ်သောကြောင့်ဖြစ်သည်။ သူ့ကိုယ်သူ ယုံကြည်ချက်ရှိသည်။ မိမိကိုယ်ကို ယုံကြည်သောသူသည် မနာလိုဝန်တိုခြင်းနည်းသည်။ တော်သောသူအား တွေ့ရလျှင် စိတ်မသက်မသာခံစားရခြင်းနည်းသည်။

ထို့ပြင်သူသည် မိမိအရေးထက် သာလွန်မြင့်မြတ်သော Greater Good ဖြစ်သည့် နိုင်ငံအရေးကို ဦးထိပ်ထားသည်။ လူတော်များနှင့်သာ နိုင်ငံ့လွတ်လပ်ရေးကို အရယူနိုင်မည်ဟု သဘောပေါက်သူပီပီ စွမ်းဆောင်ရည်မြင့်သောသူများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ပြင်းသူဖြစ်သည်။ ခေါင်းဆောင်များကို ခေါင်းဆောင်နိုင်မှသာ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်မည်ကို သိသည်။ ခပ်ချာချာများကို ခေါင်းဆောင်နေလျှင် မည်သို့ပေါက်မြောက်အံ့နည်း။ ထို့ကြောင့်လည်း ရန်သူဖြစ်ခဲ့ဖူးသူများနှင့်ပင် အတူအလုပ်လုပ်နိုင်ခြင်းဖြစ်သည်။



အဖွဲ့အစည်း၏ ရည်မှန်းချက်ကို အမိကထားတတ်သောကြောင့် သူ့ထက်သာလျှင် သူ့အထက်က ခေါင်းဆောင်လုပ်လိုလုပ်၊ စိတ်မပျက်ဘဲ ကျရာနေရာက တာဝန်ကျေအောင် ထမ်းဆောင်သူဖြစ်သည်။ မိမိခေါင်းဆောင်လုပ်ရမှဟူသော စိတ်ထားမျိုးမရှိ၊ မိမိအထက်အဖွဲ့ကို ဦးစားပေးသူဖြစ်ကြောင်း အောက်ပါဥပမာများက ထင်ထင်ရှားရှား ဖော်ပြသည်။

'၁၉၃၅–၃၆ ခုနှစ်ကျတော့လဲ အမှုဆောင်များအဖြစ် တင်မြှောက်ခံကြရတဲ့အခါ ကျောင်းသားကိုအောင်ဆန်းဟာ အထွေထွေအတွင်းရေးမှူးအနေနဲ့ အလုပ်သိပ်လုပ်ပြချင်တယ်။ ဒါပေမယ့် လုပ်ဖော်ကိုင်ဘက်တွေက သူ့ရဲ့ဆက်ဆံမှုကို အားမရသေးတဲ့အတွက် သူ့ရဲ့စွမ်းရည်ကို ကလောင်ဖြင့်ပြစေဘို့ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ယူစေတယ်။ လုပ်ပြချင်တာ မလုပ်ရလို့ သူစိတ်ကောက်သွားသလား၊ မကောက်ပါဘူး။ ထားတဲ့နေရာကနေ၊ သူ့စွမ်းရည်ကိုပြပြီး၊ ကျောင်းသားကိစ္စအဝဝကို ဆောင်ရွက်ခဲ့ပါတယ်။ သာမန်အားဖြင့်သာဆိုရင် ငါတော်ရဲ့သားနဲ့ ငါ့ကိုနေရာမပေးရကောင်းလားဆိုပြီး စိတ်လိုက်မာန်ပါ ဝွလုပ်မှာဘဲ။' (အောင်သန်း၏အောင်ဆန်း၊ ၄၁)

'ပြင်ပကျောင်းသားကြီးတစ်ယောက်ကို ဥက္ကဋ္ဌ၊ သူ့ကို ဒုတိယဥက္ကဋ္ဌနေရာမှာထားပြီး ဆောင်ရွက်ကြစေတယ်။ ဒီလိုလုပ်ရင်လဲ သူဟာ ဘယ်သူ့ကိုမှ စိတ်ကွက်ခြင်း၊ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးကို ထိုးဖောက်မယ်ဟေ့ ဆိုတဲ့ စိတ်မျိုးမထားဘဲ သဘောထားကြီးစွာ ကြည်ဖြူစွာ လုပ်ဖော်ကိုင်ဖက်များ စီစဉ်ပေးတဲ့အတိုင်း စွမ်းစွမ်းတမန် လုပ်ပြပြန်ပါတယ်။' ( ၄၂။ အောင်သန်း၏အောင်ဆန်း)

မူလက သူသည် ခေါင်းဆောင်ငယ်များထဲမှ တစ်ယောက်သာ ဖြစ်ခဲ့သော်လည်း တဖြည်းဖြည်းနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍသည် မြင့်မားသည်ထက် မြင့်မားလာခဲ့သည်။ လွတ်လပ်ရေးအတွက် ဂိုဏ်းဂဏပေါင်းစုံ ဖွဲ့စည်းပါဝင်သော ဗမာ့ထွက်ရပ်ဂိုဏ်း Burma Freedom Bloc တွင် နန်းရင်းဟောင်း ဒေါက်တာဘမော်က ဥက္ကဋ္ဌဖြစ်စဉ် သခင်အောင်ဆန်းသည် အထွေထွေအတွင်းရေးမှူးဖြစ်လာခဲ့သည်။ ဂျပန်နှင့်အတူ ဘီအိုင်အေဖွဲ့ကာ မြန်မာနိုင်ငံတွင်းသို့ ဝင်လာအပြီး သူ၏ခေါင်းဆောင်မှုသည် အမျိုးသားခေါင်းဆောင်အဆင့်သို့ တက်လှမ်းလာခဲ့သည်။ ဂျပန်အထွက်၊ အင်္ဂလိပ်အဝင်တွင်မူ သူ၏ အမျိုးသားခေါင်းဆောင်နေရာမှာ ပိုမိုပီပြင်လာခဲ့ကာ သူ့ထက်ဝါကြီးသော ခေါင်းဆောင်များပင် သူ၏လက်ထောက်ခေါင်းဆောင်များနေရာကို လက်ခံယူလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ထိပ်တန်းခေါင်းဆောင်များ စာရင်းကိုကြည့်ပါ။ သခင်နု၊ သခင်သန်းထွန်း၊ သခင်သိန်းဖေ(သိန်းဖေမြင့်)၊ ကျော်ငြိမ်း၊ ဗဆွေ၊ သခင်စိုး၊ သခင်မြ၊ ဦးဘဖေ အားလုံး သူနှင့် ရွယ်တူတန်းတူ သူငယ်ချင်းများနှင့် သူ့ထက်ဝါများစွာရင့်သူများလည်း ပါရှိသည်။ ဥပမာကိုနု( နောင် ဝန်ကြီးချုပ်ဟောင်း ဦးနု)သည် ဗိုလ်ချုပ်က ကိုကြီးနုဟု ခေါ်ရသူဖြစ်သည်။ ၁၉၀၇ခုနှစ်တွင် မွေးဖွားသောကြောင့် ၁၉၁၅ ဖွား ကိုအောင်ဆန်းထက် ၈နှစ်ကြီးပေသည်။ သို့သော် ဗိုလ်ချုပ်သည် အဆိုပါ ခေါင်းဆောင်တကာတို့၏ ခေါင်းဆောင် leader of leaders ဖြစ်လာခဲ့သည်။ သူသည် ထိုနေရာကို အလွယ်တကူ ရခဲ့ခြင်းမဟုတ်၊ ကြိုးစားအားထုတ်ပြီး ထိုက်တန်သောကြောင့်သာ ရခဲ့ခြင်းဖြစ်သည်။

လူတော်ကို မကြောက်သည့်၊ လူတော်တို့ကို စုစည်းထားနိုင်သော 'ခေါင်းဆောင်တို့၏ခေါင်းဆောင်' စိတ်ဓာတ်မျိုးရှိသော **ခေါင်းဆောင်တို့၏ ခေါင်းဆောင်** ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးရအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် တစ်ခေတ်တစ်ယောက် ခေါင်းဆောင်မျိုးဖြစ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်ဖြစ်ခဲ့သော၊ ရန်သူဖြစ်ခဲ့ဖူးသော အင်အားစုများကို လွတ်လပ်ရေး ပန်းတိုင်သို့ ချီတက်ရာတွင် စုစည်းနိုင်သောကြောင့် ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုသည် ပြောင်မြောက်ခဲ့ခြင်းဖြစ်သည်။

## သွေးစည်းစေသူ ခေါင်းဆောင်

'ကျုပ်တို့ တကယ့်လွတ်လပ်ရေးရအောင် တကယ်တိုက်ချင်တဲ့လူတွေကို ပါတီမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး တတိုင်းတပြည်လုံး သွေးစည်းပြီး လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ၁၉၄၄ခု၊ ဩဂုတ်လ အစလောက်မှာ တည်ထောင်လာခဲ့တယ်၊ အဲဒီလို အဖွဲ့ချုပ်ကြီး မဖွဲ့ခင်ကတော့ ဟိုတစု ဒီတစု ကျုပ်တို့က ကျုပ်တို့ချည်း၊ ကွန်မြူနစ်တွေက ကွန်မြူနစ်တွေချည်း၊ ပြည်သူ့တော်လှန်ရေးအဖွဲ့က ပြည်သူ့တော်လှန်ရေးအဖွဲ့ ချည်း သက်သက်ဆောင်ရွက်နေကြလို့ ကျုပ်ကစတင်ပြီး အကြံပေးတဲ့အတိုင်း အားလုံး စည်းရုံးပြီး ဂျပန်ကိုတိုက်ကြရအောင်လို့ နှိုးဆော်လို့ ဒီအဖွဲ့ကြီး ဖြစ်ပေါ်လာခဲ့တယ်။ ဒီအဖွဲ့ချုပ်ကြီးကို ဘယ်လိုဖွဲ့စည်းရမယ်။ ဘာရည်ရွယ်ချက်တွေနှင့် ဖွဲ့စည်းရမယ်ဆိုတဲ့ အချက်တွေကို ကျုပ်ကဘဲ စတင်စီမံပေးခဲ့တာဘဲ၊ အဲသည်လို အဖွဲ့ချုပ်ကြီးကို လုပ်တဲ့ အခါ ဘယ်အဖွဲ့ ဘယ်ပါတီရဲ့ မှုပိုင်သဘောမျိုးအဖြစ်နဲ့ ဖွဲ့ခဲ့တာမဟုတ်ဘူး။ တတိုင်း တပြည်လုံးရဲ့ လွတ်လပ်ရေးကို အဓိကထားပြီး သွေးစည်းဖို့အတွက် ဖွဲ့စည်းခဲ့တာဘဲ။' (အောင်သန်း၏ အောင်ဆန်း၊ စာ ၁၅၆၊ ၁၅၇)

'ခင်ဗျားတို့ အလကား စကားများနေကြတယ်၊ တဦးနဲ့ တဦးဘာမဟုတ်တဲ့ အချက်တွေနဲ့ သိပ်ကြီးကြီးကျယ်ကျယ် လုပ်ကြတာဘဲ၊ ကျုပ်ရှင်းရှင်းပြောမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ရဲဘော်တွေထဲမှာလဲ အလကားကောင်တွေ အများကြီး၊ ဆိုရှယ်လစ်ထဲမှာလည်း ဉာဏ်ဝါလား အရှောင်သမားတွေ အများကြီး၊ တဦးအပြစ်ကို တဦး မပြောကြနဲ့၊ ...ဒီလိုမှမဟုတ်ဘူး တူးတူးခါးခါး မိုက်ကြတော့မယ်ဆိုရင် ခင်ဗျားတို့အားလုံး ဖင်စုတ်ကုန်ကြမှာဘဲ၊ ...အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်၊ ဘာလဲဆိုတော့ ရန်သူသည် တခြားမရှိ၊ မိမိမှာသာရှိတယ် ဆိုတာဘဲ၊ အခုလဲ အလကားဘေးက ခြေထိုးလို့လေး ဘာလေးနဲ့ ဘာမှမဟုတ်ဘူး၊ ဘေးက ခြေထိုးတိုင်း မမြောက်ရင် ပြီးတာဘဲ၊ မြောက်ရင် ဘယ်သူ့အပြစ်လဲ၊ ဖဆပလထဲမှာပါတဲ့ ဒီလက်ဝဲ အင်အားစု ၂ခုကွဲရင် ဘာဖြစ်မလဲ၊ အစပထမ ဖဆပလထိမယ်၊ ဖဆပလ ထိရင် တိုင်းပြည်ထိမယ်၊ အဲဒီဟာတွေ မထိမီ ခင်ဗျားတို့ အချင်းချင်းထိမှာဘဲ၊ ...ညီညွတ်ရေးအတွက် ဘေးသတင်းတွေကို ယုံသင့်မှ ယုံပါ၊ သံသယရှိလာရင် ဗြောင်မေးကြပါ၊ ဒီလိုကျုပ်တို့ ပြောတာမှ မနာယူဘဲ ဒီထက် ပိုပြီး တူးတူးခါးခါး မိုက်ချင်ကြသပဆိုရင် မိုက်ကြပေတော့၊ ကျုပ်ဘာမှ မပြောလိုဘူး။'

ထင်းချောင်း တစ်ချောင်းချင်းစီရှိနေလျှင် အလွယ်တကူချိုးနိုင်ပြီး ထိုထင်းချောင်းများကိုပင် စုစည်းလိုက်လျှင် မချိုးနိုင်တော့သည့် ထင်းစည်းဥပမာကို ကောင်းစွာ နားလည်သောသူဖြစ်သည့်အားလျော်စွာ ဗိုလ်ချုပ်သည် နိုင်ငံတွင်း ကွဲပြားနေသော အင်အားစုများ စုစည်းမှသာ လွတ်လပ်ရေးကို အောင်မြင်စွာ ဆောင်ကြဉ်းနိုင်မည်ကို သဘောပေါက်သည်။ ဆန့်ကျင်ဘက်ဖြစ်ခဲ့သော၊ ရန်သူဖြစ်ခဲ့ဖူးသော အင်အားစုများကို လွတ်လပ်ရေး ပန်းတိုင်သို့ ချီတက်ရာတွင် စုစည်းနိုင်သောကြောင့် ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုသည် ပြောင်မြောက်ခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်မှု ဘာသာရပ်တွင် 'သွေးစည်းညီညွတ်သော အဖွဲ့ဖွဲ့ခြင်း' teambuilding အလွန်အရေးကြီးသည်။ 'အားသာချက်နှင့် အားနည်းချက် တူညီသော အားများ'ထက်စာလျှင် 'အားသာချက်နှင့် အားနည်းချက် ကွဲပြားသော၊ အသွင်ကွဲသော အားများ'စုစည်းမိလျှင် တစ်ဦး၏အားနည်းချက်ကို အခြားတစ်ဦးက ဖြည့်ပေးနိုင်သောကြောင့် အလွန်ခရီးရောက်သည်။ Unity in Diversity။ ဘောလုံးအသင်းများတွင် အသွင်တူသောသူများသာ စုစည်းနေပါက အားကောင်းသည့် နေရာတွင် အလွန်အားကောင်းနေပြီး အားနည်းသည့်နေရာတွင် ယိုပေါက်ကြီးသဖွယ် ဖြစ်နေတတ်သည်။ ထို့ကြောင့် အရပ်ပုကာ အလိမ်အခေါက်ကောင်းသော တိုက်စစ်မှူးနှင့် အရပ်မြင့်မြင့် တိုးနိုင်တိုက်နိုင်ကာ ခေါင်းတိုက်ကောင်းသည့် တိုက်စစ်မှူးတို့ တွဲဖက်ပေးလိုက်ပါက တစ်ဖက်နောက်တန်း အထိန်းရ အလွန်ခက်သွားပေမည်။ တိုက်စစ်အားသန်သော တိုက်စစ်မှူးများ၊ ကွင်းလယ်သမားများသာ ရှိနေသော ဘောလုံးအသင်းများသည် ရှေ့



လယ်၊ နောက် တိုက်စစ် အဖျက် စွယ်စုံရသည့်အသင်းများအား မယှဉ်နိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အသွင်မတူသော အဖွဲ့သားများ စုစည်းထားပါက ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် ပိုမိုထိရောက်နိုင်သည်။

သို့သော် အသွင်မတူသူများသာ စုစည်းထားပြီး ငါ့မြင်းငါစိုင်းဖြင့် ညီညွတ်ခြင်း၊ သွေးစည်းခြင်း မရှိပါက ပန်းတိုင်သို့ မည်သို့မျှ ရောက်နိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် တစ်သွေးတည်း တစ်သားတည်းဖြစ်အောင် တည်ဆောက်ရန် လိုသည်။ ယင်းကိုပင် teambuilding ဟုခေါ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် team builder ဖြစ်သည်။ ဂျပန်တွင် စစ်ပညာသွားသင်သော ရဲဘော်သုံးကျိပ်ဝင်တို့သည် တို့ဗမာအစည်းအရုံးအဖွဲ့ ကွဲနှစ်ခုဖြစ်သည့် ကိုသခင်မှိုင်းတို့ဗမာအစည်းအရုံးနှင့် ဗစိန်-ထွန်းအုပ် တို့ဗမာအစည်းအရုံးတို့မှ ဖြစ်သည်။ ထိုပြိုင်ဘက်အဖွဲ့နှစ်ခုမှ လာသူများကို ဗိုလ်ချုပ်အောင်ဆန်းသည် ဟိုင်နန်နှင့် ထိုင်ဝမ်ကျွန်းတို့တွင် စစ်ပညာသင်ကြားနေစဉ်အတွင်း သွေးစည်းသော အဖွဲ့ဖြစ်အောင် ဖန်တီးခဲ့သောကြောင့် ထိုသူတို့ကို အခြေခံကာ ဘီအိုင်အေ Burma Independence Army ဖွဲ့စည်းရာတွင် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်ပြန်အဝင်တွင် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ဖွဲ့စည်းထားသည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး 'ဖဆပလ'သည်လည်း ဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံလွတ်လပ်ရေးဟူသော ဘုံရည်မှန်းချက်တူညီသည့် မျိုးချစ်အင်အားစုများ စုစည်းထားခြင်းဖြစ်သည်။ ထိုအဖွဲ့တွင် ဆိုရှယ်လစ်လည်းပါသည်၊ ကွန်မြူနစ်လည်းပါသည်။ တစ်သွေးတည်းတစ်သားတည်း ဟု မဆိုနိုင်သော်လည်း လွတ်လပ်ရေးရရန် ကြိုးပမ်းရာတွင်မူ အောင်မြင်ခဲ့သည်။

ဗိုလ်ချုပ်သည် Unity in Diversity သဘောတရားကို ကောင်းစွာသိသလို လိုက်နာကျင့်သုံးသူလည်းဖြစ်သည်။ မြန်မာပြည်ဘုရင်ခံ ဒေါမန်စမစ်သည် ဘုရင်ခံ အမှုဆောင်ကောင်စီတွင် ဖဆပလအား မထည့်သွင်းဘဲ ဖဆပလနှင့် အပြိုင် အင်္ဂလိပ်စစ်ကြိုခေတ် နိုင်ငံရေးသမားကြီးများဖြင့် ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် ဖဆပလ၏ အင်အားကို ရိပ်စားမိလာသော နိုင်ငံရေးသမားကြီးအချို့က ဗိုလ်ချုပ်နှင့် စကားပြောဆိုခဲ့ရာတွင် ဗိုလ်ချုပ်သည် အညိုးအတေးမထားဘဲ သူတို့၏အားကိုယူလိုသောကြောင့် လက်ခံခဲ့ပေသည်။

သွေးစည်းညီညွတ်မှသာ လွတ်လပ်ရေးပန်းတိုင်သို့ အောင်အောင်မြင်မြင် အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်မိန့်ကြားခဲ့သော စကားအချို့ကို အောက်တွင် ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'နယ်ချဲ့သမားကို တကယ်တိုက်မယ်ဆိုတဲ့ လူအချင်းချင်းဟာ အချင်းချင်း တိုက်ခိုက်နေဖို့ မလိုဘူး။ တဦးနှင့်တဦး ဘယ်လိုဘဲ သဘောကွဲလွဲပေမဲ့ နယ်ချဲ့သမား တိုက်ခိုက်တဲ့တပ်ဦး ဟိုဘက်လွန်ပြီး နယ်ချဲ့သမား ထောက်ခံတဲ့ လမ်းတွေ မလိုက်ရန် သတိပြုဘို့ လိုတယ်။ ကွန်မြူနစ်၊ အလံနီ၊ အလံဖြူတို့ဟာ နယ်ချဲ့သမားတွေကို ထိထိ ရောက်ရောက် တိုက်ခိုက်မဲ့အစား၊ အချင်းချင်းကို ခြိမ်းခြောက် အကြမ်းပတမ်း ကိုင်တော့ တာ အင်မတန်ပဲ ဝမ်းနည်းစရာကောင်းပါတယ်။'

'အချင်းချင်း သဘောကွဲလွဲမှုမျိုး ဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲ၊ ဒါပေမဲ့ သူတပါးနိုင်ငံက ကိုယ့်နိုင်ငံလာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျော့တန်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့ သက်ဆိုင်တဲ့ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။' ( ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်နေ့ည၊ ပင်လုံစော်ဘွားများ ထမင်းစားပွဲတွင်မိန့်ကြားချက်။)

'တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဘို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြေမပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။' ( ၁၉၄၇ခုနှစ်၊ ဇန်နဝါရီလ၁ရက်နေ့ ည၇နာရီ၊ ၄၀မိနစ်အချိန်တွင် အသံလွှင့်ဟော ပြောချက်။)

'ဗမာကတမျိုး၊ ကရင်ကတဖုံ၊ ရှမ်း ကချင် ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိကြောင်း သိနိုင်တယ်။' ( ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်နေ့ည၊ ပင်လုံစော်ဘွားများ ထမင်းစားပွဲ တွင်မိန့်ကြားချက်။)

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သော တိုင်းပြည်ဖြစ်ရာ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေး တစ်စုတစ်စည်းတည်း ပြန်လည်ရရှိရေးတွင် တိုင်းရင်းသားများနှင့် တစ်စုတစ်စည်းတည်း တိုက်ပွဲဝင်ရန် အလွန်အရေးကြီးသည်။ သို့သော်လည်း အင်္ဂလိပ်လက်အောက်တွင် ပြည်နယ်များသို့ ပြည်မမှ ပုဂ္ဂိုလ်များ အလွယ်တကူသွားရောက်ခွင့်မရှိခြင်း၊ စနစ်တကျ သွေးခွဲအုပ်ချုပ်ခြင်း Dividc and Rule ၊ ဂျပန့်ခေတ်တွင် ဖြစ်ပေါ်ခဲ့သည့် အမှားအယွင်းများ၊ အင်္ဂလိပ်လက်အောက်တွင် ရခဲ့သည့် အခွင့်အရေးများကို စော်ဘွားစသည့် အုပ်ချုပ်သူများက မစွန့်လွှတ်လိုခြင်း၊ အင်္ဂလိပ်တို့ကလည်း မြန်မာနိုင်ငံအစိတ်အပိုင်းအားလုံးကို တစ်ပြိုင်တည်း လွတ်လပ်ရေး မရစေလိုသောကြောင့် တိုင်းရင်းသားများအကြားတွင် စည်းရုံးရေးဆင်းနေခြင်း စသည့်



အကြောင်းတို့ကြောင့် တိုင်းရင်းသားအားလုံး သွေးစည်းရေးမှာ စိန်ခေါ်မှုအချို့နှင့် ရင်ဆိုင် ခဲ့ရသည်။

ဗိုလ်ချုပ်၏ ကိုယ်ကျိုးစွန့်သည့် စိတ်ထား၊ အားလုံးကောင်းစားစေလိုသည့် စိတ် ထား၊ ရိုးသားမှုတို့မှာ သူ့စိတ်တွင်းမှနေကာ ပြင်ပသို့ပင် အရောင်ထွက်နေသောကြောင့် သူနှင့်တွေ့ဆုံရသည့် တိုင်းရင်းသားခေါင်းဆောင်တို့က ယုံကြည်ကာ ပူးပေါင်းခဲ့ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်နှင့် တက္ကသိုလ်ကျောင်းသားဘဝတွင်လည်းကောင်း၊ နိုင်ငံရေး နယ်ပယ်တွင်လည်းကောင်း တွေ့ဆုံရင်းနှီး အတူလုပ်ကိုင်ခဲ့သည့် လူငယ်တိုင်းရင်းသား ခေါင်းဆောင်တို့၏ ဗိုလ်ချုပ်အပေါ် လေးစားယုံကြည်မှုတို့သည်လည်း ထိုသို့ တိုင်းရင်း သားစည်းလုံးညီညွတ်မှုရရှိရေးတွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ ထို့ကြောင့် လွတ်လပ်သော မြန်မာနိုင်ငံသည် တစ်စုတစ်စည်းတည်း လွတ်လပ်ရေး ရယူလိုကြောင်း ပင်လုံညီလာခံတွင် တစ်ခဲနက် ဆုံးဖြတ်နိုင်ခဲ့သည်။

ပင်လုံညီလာခံတွင် တိုင်းရင်းသားအားလုံး ပါဝင်လက်မှတ်ရေးထိုးကာ ပင်လုံ စာချုပ်ကို အတည်ပြုနိုင်ခဲ့သောကြောင့် တိုင်းရင်းသားအားလုံး တစ်စုတစ်စည်းတည်းဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ထိုသို့ တိုင်း ရင်းသားအားလုံးကို စုစည်းနိုင်သော Unifier နိုင်ငံ့ဖခင်ကြီးအဖြစ် သူသေသွား သည့်တိုင် အများပြည်သူတို့က နှစ်လရှည်ကြာ မမေ့မပျောက်ရှိနေကြပေတော့သည်။

The Voice Weekly Vol 6-No.46

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းဆောင်မှုဆိုင်ရာဗိုလ်ချုပ်၏အမြင်များ

'နိုင်ငံရေးလုပ်ကြတဲ့နေရာမယ် ခေါင်းဆောင်လုပ်တဲ့လူတွေဟာ နောက်လိုက်လူတွေထက် ပိုပြီး အမြင်ကျယ်ရမယ်။ ခေါင်းဆောင်ဟာ ဟိုလူပြောဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး ယောင်ချာချာလုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး။ ခေါင်းဆောင်လုပ်တဲ့လူဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောပြရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တဲ့နေရာမယ် စွန့်ရဲရမယ်။ ပရိယာယ်သုံးတဲ့နေရာမယ် သုံးရမယ်။ အများယောင်လို့ ယောင်ရတယ် အမောင်တောင်မှန်း၊ မြောက်မှန်းမသိ ဆိုရင် ခေါင်းဆောင်မဟုတ်ဖူး။ ကိုယ့်ကိုယ်ကို မယုံတဲ့သူဟာ ဘယ်အခါမှ တခြားလူကို မယုံဘူး။ ကိုယ့်တိုင်းသူပြည်သားကိုလည်း မယုံဘူး။ ' ( ၂၄၂။ အောင်သန်း၏ အောင်ဆန်း)

'မင်းသားကြီး မလုပ်လျှင် မနေနိုင်သော ထိုခေါင်းဆောင်တစ်စုသည် ပတ်မကြီးကို ထိုးဖောက်လျက်ရှိကြ၏။ ၎င်းတို့အတွက်မှာမူ ယင်းတို့ ခေါင်းဆောင်ဖြစ်မှုသာလျှင် အဓိကဖြစ်သည်။ လူထုလွတ်လပ်ရေးမှာ သူတို့ခေါင်းဆောင်ဖြစ်မှုလောက် အရေးမကြီးပေ။ ထို့ကြောင့်လည်း သူတို့ခေါင်းဆောင်မဖြစ်ရသည့်အခါတွင် ဗမာ့လွတ်လပ်ရေးလမ်းစဉ်ကို မည်သို့ပင်ထိခိုက်စေကာမူ ဂရုမစိုက်ဘဲ ထိုမင်းသားကြီး မလုပ်ရသူများသည် ပတ်မကြီးကို ထိုးဖောက်ရန် လုံ့လပြုခဲ့ကြသည်ကို တိုင်းပြည်လူထု၏ မျက်မြင်ပင်မဟုတ်လော။' ၂၃၂။ မိန့်ခွန်း။

'ယနေ့ညတော့ ဖဆပလရဲ့ရှေ့ဆုံးတန်းက ခေါင်းဆောင်တွေဟာ လမ်းနှစ်ခွကို ရောက်ပြီဆိုတာကို ပြောချင်တယ်။ တလမ်းက တအိမ်လုံးအထိ လောင်စပြုနေတဲ့ မီးကို နိုင်နိုင်နင်းနင်း ငြိမ်းရမယ့်လမ်းဖြစ်တယ်၊ တခြားတလမ်းကတော့ အိမ်ကြီးလဲ လောင်ချင်သလိုလောင်ပေစေတော့ဆိုပြီး အိမ်ပေါ်က ဆင်းပေးတဲ့လမ်းဖြစ်တယ်။

ဒီလမ်းနှစ်ခုအနက် ဘယ်လမ်းကို ကျွန်တော်တို့ ခေါင်းဆောင်တွေ လိုက်ကြမယ်ဆိုတာ အနေးနှင့်အမြန် ကျွန်တော်တို့ သန္နိဋ္ဌာန်ချကြရလိမ့်မယ်။ ယခုလို ဘပြည်လုံးအထိ ကူးစက်ပြီး မီးဟုန်းဟုန်းတောက်ဖို့ အရှိန်ယူနေတဲ့အခါမျိုးမှာ တွေဝေမိန်းမောခြင်း၊ ချီတုန် ချတုန်ဖြစ်ခြင်း၊ မှန်တယ်ထင်ရာကို မလုပ်ရဲခြင်းထက် ပိုပြီးမှားတဲ့ အမှားမျိုးဟာ ရှိနိုင်တော့မယ်မဟုတ်ဘူး။



ခပ်ရှင်းရှင်းပြောရယင် ယနေ့အထိ ကျွန်တော်တို့တတွေရဲ့ လုပ်ပုံကိုင်ပုံတွေဟာ ဘာမှ ကျေနပ်စရာ မရှိသေးဘူး။ အတိအကျဆုံးဖြတ်ဘို့ အရေးကြီးနေတဲ့အခါ ကျွန်တော်တို့တတွေ တွေဝေနေကြတယ်။ ပြတ်ပြတ်သားသား လုပ်စရာရှိတဲ့အခါ ချီတုန်ချတုန် ဖြစ်နေကြတယ်။ ဒါတွေထက် ဆိုးဝါးတာက မှန်တယ်ထင်ရာကို မလုပ်ရဲတာဘဲ၊ ကိုယ့်စိတ်ထဲက အလုပ်တခုဟာ ဘယ်လောက်ပင်မှန်တယ်လို့ ထင်နေပစေ၊ ဘယ်သူက ဘယ်လိုထင်မလဲ၊ ဘာပြောမလဲဆိုတာတွေ တွေးပြီး ယုံတာတမျိုး၊ လုပ်တာတမျိုး ဖြစ်ဖြစ်နေကြတယ်။ အဲဒါတွေဟာ ခေါင်းဆောင်လုပ်ရမဲ့လူတွေနဲ့တော့ ပြဒါးတလမ်း သံတလမ်းဘဲ။

ယခုခေတ် ခေါင်းဆောင်မှုဟာ အရင်တုန်းက ခေါင်းဆောင်မှုနဲ့ နဲနဲမှ မတူတော့ဘူးဆိုတာ ကောင်းကောင်းသတိထားကြပါ။ ရှေးတုန်းက ခေါင်းဆောင်မှုဟာ အစည်းအဝေးတက်တာမှ စပြီး ဆုံးဖြတ်ချက်တွေ ချတာမှာ အဆုံးသတ်တာဘဲ။ ယခုခေတ်ခေါင်းဆောင်မှုဟာ ဒါလောက်နဲ့ မဖြစ်တော့ဘူး။ ယခုခေတ် ခေါင်းဆောင်မှုဟာ ပြာပုံနှင့် လောင်စာသာကျန်တော့တဲ့ ဘဝဆိုးကြီးမှ ဗမာပြည်ကြီးကို အသစ်ပြန်လည်ထူထောင်နိုင်တဲ့ ခေါင်းဆောင်မှုဖြစ်ရမယ်၊ ဒီလောက်ကြီးလေးတဲ့ ခေါင်းဆောင်မှုကြီးကို ကျွန်တော်တို့တတွေ နိုင်နိုင်နင်းနင်းနဲ့ တာဝန်ယူချင်တယ်ဆိုယင် ခုလို တွေဝေနေလို့ မဖြစ်တော့ဘူး။ ချီတုန်ချတုန်ဖြစ်နေလို့ မဖြစ်တော့ဘူး။ ကိုယ်ယုံကြည်တာကို မလုပ်ရဲလို့ မဖြစ်တော့ဘူး။'

(၂၄၈၊ ဗိုလ်ချုပ်အောင်ဆန်း၏ မမေ့နိုင်သော မိန့်ခွန်းများ)

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝနေ့စွဲမှတ်တမ်း

**၁၉၁၅**

ဖေဖော်ဝါရီ ၁၃ရက်– နတ်မောက်မြို့ မင်းဝိုင်းအတွင်းတွင် ဦးဖာ၊ ဒေါ်စုတို့မှ ဖွားမြင်

**အသက် ၇–၈ နှစ် ၁၉၂၂–၁၉၂၈**

နတ်မောက်မြို့ ဆရာတော် ဦးသောဘိတကျောင်းတွင် သူငယ်တန်းမှ

ဆဋ္ဌမတန်းအောင်မြင်သည်အထိ ပညာသင်ယူ

**၁၃နှစ် ၁၉၂၈**

ဇွန်လ– ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် စတုတ္ထတန်းမှ

ပညာသင်သည်။

နိုဝင်ဘာ– စတုတ္ထတန်းအောင်မြင်၊ တန်းကျော်တက်ခွင့်ရသောကြောင့်

ဆဋ္ဌမတန်းသို့ တက်ရောက်ပညာသင်။

**၁၅ နှစ် ၁၉၃၀**

မတ်လ– သတ္တမတန်းစာမေးပွဲ ဖြေ၊ အစိုးရပညာသင်ဆုနှင့် ဦးရွှေခိုဆုကို

ရရှိအောင်မြင်။

**၁၆ နှစ် ၁၉၃၁**

မေလ ၁၈– ဖခင် ဦးဖာကွယ်လွန်။

www.burmeseclassic.com

www.burmeseclassic.com



**၁၇ နှစ် ၁၉၃၂**

မတ်လ– ၁၀တန်း စာမေးပွဲ ဖြေဆို။ ပါလီနှင့် မြန်မာစာ ဂုဏ်ထူးဖြင့် အောင်မြင်။

ဇွန်– ရန်ကုန်တက္ကသိုလ်တွင် ဉပစာဝိဇ္ဇာ ပထမနှစ်တွင် ပါဠိရာဇဝင်နှင့် အပိုမြန်မာစာ ဘာသာတွဲဖြင့် တက်ရောက်သင်ယူ။

**၂၀ နှစ် ၁၉၃၅**

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ တကသ၏ ၁၉၃၅–၃၆ အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် အရွေးခံရ၊ ပြန်ကြားရေးဌာနတာဝန်ခံအဖြစ် ဆောင်ရွက်။

**၂၁ နှစ် ၁၉၃၆**

ဖေဖော်ဝါရီ ၂၅–ဒုတိယတက္ကသိုလ် ကျောင်းသားသပိတ် ဖြစ်ပွား၊

မေ ၈–၉– ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံကို ဂျူဗလီဟောတွင် ကျင်းပ။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဗကသကို စတင်ဖွဲ့။

**၂၁–၂၂ နှစ် ၁၉၃၆–၃၇**

တကသနှင့် ဗကသ ဒုဥက္ကဋ္ဌဖြစ်လာ။

**၂၂ နှစ် ၁၉၃၇**

ဝိဇ္ဇာ စာမေးပွဲအောင်မြင်။ မန္တလေးမြို့တွင် ကျင်းပသော ဒုတိယအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံသို့ တက်ရောက် မိန့်ခွန်းပြောကြား။

**၂၂–၂၃ နှစ် ၁၉၃၇–၃၈**

ဥပဒေပထမနှစ်တက်။

ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌဖြစ်လာ။

**၂၃ နှစ် ၁၉၃၈**

တကသနှင့် ဗကသ ဥက္ကဋ္ဌဖြစ်လာ။

ဧပြီ ၂၄–၂၅– ပုသိမ်မြို့တွင် တတိယအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံသို့ တက်ရောက်ကာ ဥက္ကဋ္ဌအဖြစ် မိန့်ခွန်းပြောကြား။

ဇွန် ၁၃နှင့် ဩဂုတ် ၁၈ကြား– တို့ဗမာအစည်းအရုံးသို့ စတင်ဝင်ရောက်။

ဩဂုတ် ၁၈နှင့် စက်တင်ဘာ ၂၆ကြား– တို့ဗမာအစည်းအရုံး၏ ခန့်ထားအထွေထွေအတွင်းရေးမှူးဖြစ်လာ။

**၂၄ နှစ် ၁၉၃၉**



ဇန်နဝါရီ ၂၃– အဖမ်းခံရ၊ ထောင်၁၅ရက်ကျ။

ဖေဖော်ဝါရီ ၈– ထောင်မှလွတ်။

ဧပြီ ၃၀– မေ၅– တို့ဗမာအစည်းအရုံး၏ ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ၊ သခင်အောင်ဆန်း ရွေးကောက် အထွေထွေအတွင်းရေးမှူးဖြစ်လာ။

**၂၅ နှစ် ၁၉၄၀ပြည့်နှစ်**

ဇန်နဝါရီ– လက်နက်ကိုင်ပုန်ကန်ထကြွရေး စီမံချက်ကို ဒေါက်တာဘမော်အား သခင်အောင်ဆန်းက ဖွင့်ပြော။

မတ် ၁၂– ရမ်းဂါးညီလာခံတက်ရန် အိန္ဒိယသို့ သင်္ဘောဖြင့် ထွက်။

ဧပြီ ၂– အိန္ဒိယနိုင်ငံ လာဟိုမြို့တွင် ကွန်ဂရက်အသင်းက ကြီးမှူးကျင်းပသော တရားပွဲတွင် တရားဟော။

ဇွန်၆– ဗိုလ်မှူးကြီးဆူဇူကီး သတင်းထောက်အဖြစ် ရန်ကုန်ရောက်။

ဇွန် ၁၇– ဇလွန်တွင် တရားဟောသောကြောင့် ဝရမ်းထုတ်ခံရ။

ဇူလိုင် ၁၂– သတင်းစာများတွင် ဆုငွေ ၅ကျပ် ကြော်ငြာချက်ပါရှိ။

ဩဂုတ် ၈– သခင်လှမြိုင်နှင့်အတူ ဟိုင်လီသင်္ဘောဖြင့် ရန်ကုန်မှ ထွက်။

ဩဂုတ် ၂၀– သခင်အောင်ဆန်းအား ဖမ်းမိန့် ရုပ်သိမ်း။

ဩဂုတ် ၂၄– အမွိုင်အနီးရှိ ကူလန်စုသို့ ရောက်ရှိ။

အောက်တိုဘာ ၃– ဗိုလ်မှူးကြီး ဆူဇူကီးနှင့် သခင်အောင်ဆန်းတို့၏ ဓာတ်ပုံများကို ကိုင်ဆောင်ကာ ရန်ကုန်မှ ထွက်ခွာ။

နိုဝင်ဘာ ၁၂– သခင်အောင်ဆန်းတို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိ။

**၂၆ နှစ် ၁၉၄၁**

ဖေဖော်ဝါရီ ၁– ဆူဇူကီး ဦးဆောင်သော မီနာမီအဖွဲ့ကို တရားဝင်ဖွဲ့။

ဖေဖော်ဝါရီ ၃– မီနာမီအဖွဲ့မှ ပုဂ္ဂိုလ်နှင့် ဂျပန်စစ်ဦးစီးဌာနချုပ်မှ ပုဂ္ဂိုလ်တို့သည် မြန်မာ့လွတ်လပ်ရေးစီမံကိန်းဆွေးနွေး။

မတ်လ ၃– သခင်အောင်ဆန်း ရှင်တင်မာရု သင်္ဘောစီးကာ ဂျပန်နိုင်ငံ ကာဝါဆာကီမှ ရန်ကုန်သို့ရောက်။

မတ်လ ၁၂– သခင်အောင်ဆန်း အခြားရဲဘော်လေးဦးနှင့်အတူ ရန်ကုန်မှ ထွက်ခွာ။

မတ် ၂၇– တိုကျိုသို့ရောက်။

ဧပြီ– ဂျပန်တို့ စစ်လေ့ကျင့်ရေးကျောင်းဖွဲ့ထားသည့် ဟိုင်နန်ကျွန်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်စွန်းရှိ စန်းယာသို့ သခင်အောင်ဆန်း ရောက်ရှိ။
ဇူလိုင်– သခင်အောင်ဆန်းသည် ဆူဇူကီးနှင့်အတူ ဟိုင်နန်ကျွန်း စန်းယာမှ ထိုင်းသို့ ရောက်။
ဩဂုတ် ၁၅– သခင်အောင်ဆန်းသည် သခင်ထွန်းအုပ်တို့နှင့်အတူ တွေ့ရန်ရှိသဖြင့် ဘန်ကောက်သို့ ထွက်ခွာ။
စက်တင်ဘာ– သခင်အောင်ဆန်းသည် ဘန်ကောက်နှင့်တိုကျိုအကြား ခေါက်တုံ့ ခေါက်ပြန် သွားလာလျက်ရှိ။ ဒုတိယပတ်တွင် စန်းယာစစ်ကျောင်းသို့ ပြန်လာပြီးရဲဘော် များအား အခြေအနေများကို ရှင်းပြ။
နိုဝင်ဘာ ၂၁– ဂျပန်တောင်ပိုင်းတပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး တေရအူချိသည် မိနာမိအဖွဲ့၏ လှုပ်ရှားမှုများကို ရပ်ဆိုင်းထားရန်နှင့် မိနာမိအဖွဲ့အား ဆေးဂုံ( ယခုဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီး) သို့ ရွှေ့ပြောင်းရန် ညွှန်ကြား။
ဒီဇင်ဘာ ၈ရက်– ဂျပန်တို့ ပုလဲဆိပ်ကမ်းကို တိုက်ခိုက်။ ထိုင်းအစိုးရနှင့် ဂျပန်တို့ စစ်စာချုပ်ချုပ်။
ဒီဇင်ဘာ ၁၇– ဘီအိုင်အေ ( မြန်မာ့လွတ်လပ်ရေးတပ်မတော်) ဌာနချုပ်ကို ဘန်ကောက်တွင် ဖွင့်လှစ်။
ဒီဇင်ဘာ ၂၇– ဘီအိုင်အေ တပ်မတော်သားစုဆောင်း။
ဒီဇင်ဘာ ၃၀– ရဲဘော်သုံးကျိပ် သွေးသောက်ပွဲ ကျင်းပ။

## ၂၇ နှစ် ၁၉၄၂

ဇန်နဝါရီ ၁၀– ဗိုလ်ချုပ်အောင်ဆန်းတို့ ဘန်ကောက်မှ စထွက်။
ဇန်နဝါရီ ၂၁– မြန်မာတို့က ဂျပန်တပ်မတော်ကို ကူလျှင် မြန်မာ့လွတ်လပ်ရေးအတွက်ကူမည်ဟု ဂျပန်ဝန်ကြီးချုပ်က လွှတ်တော်တွင် ပြော။
ဇန်နဝါရီ ၂၂– မြန်မာ့လွတ်လပ်ရေးကို ကူညီရန် ဂျပန်တပ်မတော်ကြီး ချီလာပြီဟု ဂျပန်တပ်မတော်သေနာပတိ အီးဒါးက ကြေညာချက်ထုတ်။
ဖေဖော်ဝါရီ၂– ဗိုလ်နေဝင်းဦးဆောင်သော ပြည်တွင်းသူပုန်တပ်ဖွဲ့ ရန်ကုန်ရောက်။
ဖေဖော်ဝါရီ ၈– ဗိုလ်ချုပ်အောင်ဆန်းတို့ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်။
မတ်လ– ရန်ကုန်သို့ရောက်။
မတ် ၂၅– ယခုအောင်ဆန်းကွင်းနေရာတွင် ဘီအိုင်အေ စစ်ရေးပြပွဲကျင်းပ။
ဇူလိုင် ၂– ဘီအိုင်အေကို ဘီဒီအေ ဗမာ့ကာကွယ်ရေးတပ်မတော်ဟု ပြင်ဆင်ဖွဲ့စည်း။ ဗိုလ်မှူးကြီးအဆင့်ဖြင့် သေနာပတိတာဝန်ယူ။



ဩဂုတ် ၁– ဒေါက်တာဘမော် ဦးဆောင်သည့် မြန်မာနိုင်ငံအုပ်ချုပ်ရေးအဖွဲ့ဖွဲ့။
စက်တင်ဘာ ၆– ဒေါ်ခင်ကြည်နှင့် လက်ထပ်။

## ၂၈ နှစ် ၁၉၄၃

မတ် ၁– ဗိုလ်မှူးကြီးအဆင့်မှ ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခံရ။
မတ် ၁၈– ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်သို့ရောက်။
မတ် ၂၃– မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂျပန်ဧကရာဇ်က ချီးမြှင့်သည့် ဆုတံဆိပ် အပ်နှင်းပွဲကျင်းပ။

## ၂၉ နှစ် ၁၉၄၄

မေ၁၀– သားအောင်ဆန်းလင်းကို မွေးဖွား။
ဩဂုတ် ၁– ဂျူဗလီဟောတွင် လွတ်လပ်ရေးနှစ်ပတ်လည်နေ့ကျင်းပ။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြော။
ဩဂုတ် ပထမပတ်– ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ကြီး ဖွဲ့စည်း။

## ၃၀ နှစ် ၁၉၄၅

မတ်လ ၁–၃ ဖက်ဆစ်တော်လှန်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းအိမ်တွင် အစည်းအဝေးလုပ်။
မတ် ၈– ဗိုလ်ဗထူးတို့က ဖက်ဆစ်ဂျပန်များကို တော်လှန်။
မတ် ၁၇– ယခုတော်လှန်ရေးပန်းခြံနေရာတွင် ဗမာ့တပ်မတော်၏ တပ်ထွက်အခမ်းအနားကျင်းပသည်။
မတ် ၂၂– ဖက်ဆစ်တော်လှန်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတို့ ရန်ကုန်မှ ထွက်ခွာ။
မတ် ၂၇– ဗိုလ်ချုပ်အောင်ဆန်းတို့ ပုဏ္ဏားရွာသို့ရောက်။ ဖက်ဆစ်တော်လှန်ရေးကြေညာ။
ဧပြီ ၃၀– ဗမာ့တပ်မတော်က ရန်ကုန်ကို သိမ်း။
မေ ၇– ဖက်ဆစ်တော်လှန်ရေးတွင် ဗမာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် ရန်ကုန်မြို့ကို ဗမာ့တပ်မတော်က သိမ်းသည့်အကြောင်း ဗိုလ်နေဝင်းက အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် အသံလွှင့်ပြောကြား။
မေ ၁၆– ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆလင်းတို့ မိတ္ထီလာတွင် တွေ့ဆုံ။

www.burmeseclassic.com

www.burmeseclassic.com



မေ၁၇– ဗြိတိသျှအစိုးရက စက္ကူဖြူစာတမ်းကို ထုတ်ပြန်။
ဇွန် ၁၅– ရန်ကုန်တွင် စစ်အောင်ပွဲအခမ်းအနားကျင်းပ။
ဇွန် ၁၆– အရှေ့တောင်အာရှဆိုင်ရာ ဗြိတိသျှစစ်သေနာပတိ မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ဆုံ။
ဇွန် ၁၉– အောင်ဆန်းစုကြည်ကို မွေးဖွား။
ဇူလိုင်၆– ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်စတော့ဖို့တို့ တွေ့ဆုံကာ ဗမာ့တပ်မတော်အရေး ဆွေးနွေး။
ဩဂုတ် ၁၀– ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် မဟာမိတ်တို့ဘက်မှ တပ်မှူးများ ပဲခူးတွင် အစည်းအဝေးလုပ်။
ဩဂုတ် ၁၄– ဂျပန်လက်နက်ချ။
ဩဂုတ် ၁၉– နေသူရိန်လူထုအစည်းအဝေးကျင်းပ။
စက်တင်ဘာ ၄–၇ မြန်မာ့တပ်မတော်အနာဂတ်အရေးနှင့် ပတ်သက်၍ သီရိလင်္ကာနိုင်ငံ ကန္ဒီတွင် ဆွေးနွေးပွဲများ ပြုလုပ်။
အောက်တိုဘာ ၁၅– စစ်အုပ်ချုပ်ရေးရုပ်စဲ။ ဗြိတိသျှဘုရင်ခံ ဒေါ်မန်စမစ် မြန်မာနိုင်ငံပြန်ရောက်။

### ၃၁ နှစ် ၁၉၄၆

ဇန်နဝါရီ ၂၀– အလယ်ပစ္စယံ ညီလာခံ ကျင်းပ။
မတ်– ပင်လုံညီလာခံကျင်းပ။
မေ ၁၈– ထန်းတပင် အရေးအခင်းဖြစ်ပွား။ လယ်သမား ၃ဦး ကျဆုံး။
ဇွန် ၁၄– ဒေါ်မန်စမစ် ဗြိတိန်သို့ ပြန်။
ဩဂုတ် ၃၀– ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်စ် ရန်ကုန်ရောက်။
စက်တင်ဘာ ၂၆– ဗိုလ်ချုပ်အောင်ဆန်း ဘုရင်ခံကောင်စီဝင် ဒုဥက္ကဋ္ဌရာထူးယူ။

### ၃၂ နှစ် ၁၉၄၇

ဇန်နဝါရီ ၂– ဗိုလ်ချုပ် လန်ဒန်သို့ ခရီးထွက်။
ဇန်နဝါရီ ၂–၆– ဗိုလ်ချုပ် အိန္ဒိယတွင် ခေတ္တဝင်ကာ နေရူးနှင့် ဆွေးနွေးတိုင်ပင်။
ဇန်နဝါရီ ၂၇– အောင်ဆန်း–အက်တလီစာချုပ်ကို လန်ဒန်တွင် လက်မှတ်ရေးထိုး။
ဖေဖော်ဝါရီ ၁၂– ပင်လုံစာချုပ် လက်မှတ်ရေးထိုး။
ဧပြီ ၉– ရွေးကောက်ပွဲကျင်းပ။
ဇွန် ၇– ပြန်လည်ထူထောင်ရေးမိန့်ခွန်း ပြောကြား။



ဇွန် ၁၀– တိုင်းပြုပြည်ပြုလွှတ်တော် စတင်ကျင်းပ။
ဇူလိုင် ၁၉– ဗိုလ်ချုပ်နှင့် အာဇာနည်ကြီးများကျဆုံး။

### ၃၂–၃၃ နှစ် ၁၉၄၇–၁၉၄၈

ဇူလိုင်၂၀– ဧပြီ ၁၁– ဗိုလ်ချုပ်နှင့် အာဇာနည်ကြီးများ၏ အလောင်းကို ဂျူဗလီဟောတွင် ထားရှိ။

### ၃၃ နှစ် ၁၉၄၈

ဧပြီ ၁၁– ဗိုလ်ချုပ်နှင့် အာဇာနည်ကြီးများ၏ အလောင်းများကို အာဇာနည်ကုန်းတွင် ဂူသွင်း။

ရည်ညွှန်း – ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိပေါင်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



## Life Sketch of the Author

Born on the 13th February, 1915, at Natmauk, the headquarters of a township in Magwe district, the author is a scion of well-to-do rural gentry and a distinguished line of patriotic ancestors. Educated first in the Vernacular High School, Natmauk, then in National High School, Yenangyaung, he was a graduate of Rangoon University in the Arts, taking English Literature, Modern History and Political Science and read for some time in Law at the same university. Though he gave promise of a brilliant academic career in his early days winning prizes and scholarships, political interests and activities as a nationally prominent student leader in his university days affected his academic career. Due to agitation for his fellow students' rights and grievances, he was threatened twice with expulsion from his college. He was actually under orders of rustication from Rangoon University for three years, an immediate cause of the students' countrywide strikes in Burma early in 1936, of which he was also one of the prominent leaders. He lost one year in his academic career for that event.

As a student in Rangoon University, he served on various

www.burmeseclassic.com

www.burmeseclassic.com



students' organizations and bodies, notably as Editor, Vice-President and President of the Rangoon University Students' Union, and as one of the founders and Presidents of the All-Burma Students' Union. He also served, along with another student representative, on the University Act Amendment Committee appointed by Government of the day early in 1938 and succeeded in getting a fairly progressive University Act passed by the Burma Legislature. This Act had been the source of so much countrywide student agitation and strikes in 1920 and 1936. He also contributed articles to local English and Burmese press as a student and served for a time on the editorial staff of 'New Burma,' the only Burman-owned and managed nationalist tri-weekly in English in those days. In October 1938, he abruptly ended his law studies in order to devote his services to the patriotic cause of national freedom by joining the Dhobama Asi-ayone (Thakins), at that time the only militant and intensely nationalistic political party in Burma.

He was General Secretary of that party since about his joining of the party till August 1940 when he evaded arrest and went underground to continue the fight for his country's freedom. As a Thakin leader, he was arrested and detained early in 1939 for being one of those leading 'a conspiracy to overthrow Government by force,' according to a government communiqué of the day but was released shortly after. As General Secretary of the Thakin Party ' there was no doubt that he worked hard...' and was one of the triumvirate who made Dohbama Asi-ayone 'the subversive movement it to-day is' as reported in government records of that time. He was responsible for the formulation of a number of important decisions and policies of the Party. He served also on the Working Committee of the All-Burma Peasants' League and, along with Dr. Ba Maw, was on of the principal figures



initiating a Freedom Bloc of parties and elements interested in the struggle for Burma's freedom during 1939-40. He also acted as Secretary of the Freedom Bloc till he went underground. In March 1940, he led a Thakin delegation to the Ramgarh session of the Indian National Congress at the latter's invitation and visited Baya, Benares, Allahabad, Agra, Delhi, Peshwar, Khyber-Pass, Lahore, Amritsar, Ahmedabad, Bombay and Calcutta in India. After he came back from India, he served for a short time on the Government Body of University College, Rangoon, as a representative of the Rangoon University Students' Union while conducting an intensive anti-imperialist, anti-war campaign in Burma. A warrant for his arrest was issued, and he evaded the warrant and went underground even though the warrant had to be withdrawn later owing to the signs of unrest it created amongst the youth in Burma.

He then went to Amoy, China, to seek International contacts and aid for his country's freedom struggle. He stayed for about two months in the International Settlement there until the Japanese came and took him to Tokyo following the contact arranged by his comrades in Burma. In Tokyo, he stayed for about three months and returned to Burma early in 1941, to communicate the plans given him by the Japanese to his comrades in Burma. He went back to Tokyo soon after, taking with him the first batch of young men to be given military training by the Japanese for the purpose of leading an insurrection in Burma.

Early in 1942, he went to Bangkok and there organized the Burma Independence Army with the help of the Japanese. He marched into Burma, along with the latter, when they invaded Burma. Ever since he and his comrades had gone to Japan, they had conflicts with the Japanese which intensified as the Japanese marched into Burma and persecuted the people more and more.

www.burmeseclassic.com

www.burmeseclassic.com



He even tried to organize an anti-Japanese movement before he entered Burma and again after the Japanese occupation of Rangoon but without success. The fact of anti-Japanese sentiments in the Burma Independence Army was well known in the country. For that reason and because of the machinations of anti-B.I.A political opponents taking advantage of certain excesses committed by some 'B.I.A administrations' formed in the rear under the authority of the then Japanes Commander of B.I.A. etcetera, the B.I.A was reorganized into a retrenched Burma Defence Army ( B.D.A). He became Commander of that Army with the rank of full Colonel.

In March, 1943, he and Dr. Ba Maw along with two others were invited to Tokyo by the Japanese Government. He was promoted to the rank of Major- General, had an audience with the Japanese Emperor and was decorated with the Third Class Order of the Rising Sun. When he came back from Tokyo, he gave a broad hint at a reception given in honour of Tokyo visitors that the independence coming to Burma was more or less 'nominal.' He then was appointed to the Independence Preparatory Commission for presenting questions relating to Burma's defence. Later, with the inauguration of the so-called Burma Independent State, he became Defence Minister, with the rank of Major-General, and was decorated again on its anniversary with the First Class Order of Sacred Treasure by the Japanese Government along with several others. He made an open anti-Japanese speech at the ceremony celebrating the anniversary of Burma's Independence, in which he attacked the nominal independence of Burma. That speech was reported to have had repercussions even in Tokyo government circles.

He attempted again to form an anti-Japanese Resistance Movement in 1943 and succeeded in forming the Anti-Fascist People's Freedom League in August 1944. He came into contact

BURMESE CLASSIC .com



with Allied Headquarters towards the close of 1943. Finally he led the open general uprising against the Japanese militarists on 27th March 1945. In September 1945, he and ten other colleagues went to Kandy to conclude a military agreement for the amalgamation of the Patriotic Burmese Forces (as the Resistance Forces were then called) with the Burma Army under British Control. He was offered the post of Deputy Inspector-General of the Burma Army with the rank of Brigadier by Lord Louis Mountbatten on behalf of the British Government, but he nominated one of his deputies to that post, while he himself left the Army to continue to strive for the independence of his country. He became president of the Anti-Fascist People's Freedom League in August 1945 and was reelected to that office at the first Congress of the AFPFL held in January 1946, attended by more than one thousand three hundred delegates from all over Burma and by nearly one hundred thousand people on its opening day. In October 1946[1], he was asked to put up eleven names for participation in the Governor's Executive Council, but as he could not obtain satisfactory terms from the Governor, he withdrew his nominations. Such was and has been the popular sanction behind him and the AFPFL, of which he is president, that even the British Government in London was compelled to admit in Parliament the popularity of the AFPFL and to keep the doors 'still open for AFPFL to come into the Governor's Executive Council.'

ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကျဉ်းဖြစ်ပြီး ဗိုလ်ချုပ် ကိုယ်တိုင်ရေး Burma's Challenge မှ ကောက်နုတ်ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အတ္ထုပ္ပတ္တိ

မန္တလေးမြို့နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့နွယ်ဖွားဖြစ်သည်။ ၁၉၇၇ ခုနှစ်၌ ရန်ကုန်မြို့တွင်မွေးဖွားကြီးပြင်းခဲ့သည်။ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(TTC) မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ရန်ကုန်နည်းပညာတက္ကသိုလ်သို့ တက်ရောက် သင်ကြားခဲ့ပြီး B.E (Civil) မြို့ပြအင်ဂျင်နီယာဘွဲ့ကို ၂၀၀၄ ခုနှစ်တွင် ရရှိခဲ့သည်။ ဘွဲ့ရအပြီးတွင် မြို့ပြအင်ဂျင်နီယာအဖြစ်ဖြင့် Site Engineer အဖြစ်လည်းကောင်း၊ Structural Design Analyst အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် Living Color Media သို့ အယ်ဒီတာအဖြစ် ဝင်ရောက်ခဲ့ပြီး The Voice weekly စတင်ထွက်ရှိချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ် Chulalongkorn University တွင် တက်ရောက်သင်ကြားခဲ့ကာ နိုင်ငံတကာ ဖွံ့ဖြိုးရေးမဟာဝိဇ္ဇာဘွဲ့ Masters of Arts in International Development Studies ရရှိခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများကို ဂျပန်၊ အင်ဒိုနီးရှား၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု စသည့်နိုင်ငံများတွင် တက်ရောက်ခဲ့သည်။ ပညာရပ် ဆိုင်ရာစာတမ်းများ (academic papers) ကို အခါအားလျော်စွာ သုတေသနပြုရေးသား လျက်ရှိသည်။


Living Color Media တွင် ဒုတိယအယ်ဒီတာချုပ်နှင့် Human Resources Manager အဖြစ်လည်းကောင်း၊ The Voice Weekly တွင် တာဝန်ခံအယ်ဒီတာအဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး ပင်တိုင်ဆောင်းပါးများ ရေးသားလျက်ရှိသည်။

နိုင်ငံတစ်ခုကြီးပွားခြင်း ခေါင်းစဉ်ဖြင့် နိုင်ငံစီးပွားတိုးတက်ရေးဆိုင်ရာ သီအိုရီများ၊ အမြင်များ၊ လက်တွေ့ကြီးပွားနေကြသော စင်ကာပူ၊ ဂျပန် စသည့် အရှေ့အာရှ နိုင်ငံများ၏ ဥပမာများကိုလည်းကောင်း၊ အင်္ဂလိပ်အီဒီယမ်များကိုလည်းကောင်း အပတ်စဉ်ရေးသားလျက်ရှိသည်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် Myanmar Egress တွင် Leadership၊ Development Theory and Practice၊ Mass Communication Theories၊ Public Relations၊ Media Literacy၊ Information Government စသည့် ဘာသာရပ်များ သင်ကြားပို့ချလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ် နှင့်
# ခေါင်းဆောင်မှုရှာပုံတော်

ဇေယျာသူ

The Voice Weekly

ဆောင်းပါးများ

www.burmeseclassic.com